# မြန်မာ့အလင်း / ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှု ကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့။ Monday, 30 October 2023 ၁၁၂၆၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပသည့် ဆိုင်းတစ်ဦးချင်း ဝါသနာရှင်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲ ယှဉ်ပြိုင်တီးခတ်နေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆဋ္ဌမမြောက်နေ့ပြိုင်ပွဲများသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လေ့ကျင့်ရေးကဇာတ်ရုံ၌ ကျင်းပပြုလုပ်လျက်ရှိသည့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆဋ္ဌမမြောက်နေ့ပြိုင်ပွဲများသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

**တက်ရောက်**

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသား ညီအစ်ကို မောင်နှမများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



**ယနေ့ ဖတ်စရာ**

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) ဝါလကင်းလွတ် သီတင်းကျွတ်အခါသမယတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

စာမျက်နှာ » ၄

ဒီလိုပြိုင်ပွဲတွေကျင်းပပေးခြင်းအားဖြင့် တိုင်းတစ်ပါး ယဉ်ကျေးမှုတွေစိမ့်ဝင်လာခြင်းကို အတိုင်းအတာတစ်ခုအထိ ဟန့်တားနိုင်တယ်။ စဉ်ဆက်မပြတ်လုပ်ပေးဖို့ လိုအပ်ပါတယ်

စာမျက်နှာ » ၁၂

မြန်မာနိုင်ငံစာရေးဆရာ အသင်း၏ စာပေသမိုင်းဝင် ဒုတိယအကြိမ် စာမူပြိုင်ပွဲ

ဆောင်းပါး

စာမျက်နှာ » ၁၈

ကြေးမုံ

# သီတင်းကျွတ်လ အဘိဓမ္မာအနှစ်သာရ

မြန်မာတို့၏ ၁၂ လရာသီ ယဉ်ကျေးမှုပွဲတော်များတွင် သီတင်းကျွတ်မီးထွန်းပွဲတော်သည် ဘာသာတရားကို အခြေခံသည့် မွန်မြတ်သောအစဉ်အလာပွဲတော်တစ်ခုဖြစ်သည်။ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သင်္ကာသနဂိုရ်ပြည်သို့ နတ်ဗြဟ္မာအပေါင်းခြံရံလျက် ဆင်းသက်တော်မူသည်ကို ကြိုဆိုသည့်အနေဖြင့် ဆီမီးထွန်းပူဇော်သည်ကို အကြောင်းပြု၍ အစဉ်အလာမပျက် သီတင်းကျွတ်မီးထွန်းပွဲတော် ဖြစ်လာပေသည်။

သီတင်းကျွတ်မီးထွန်းပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၄ ရက်(အဖိတ်နေ့)၊ သီတင်းကျွတ်လပြည့်နေ့နှင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပကြလေသည်။ သီတင်းကျွတ်ပွဲတော်ကာလတွင် ဘုရား၊ ကျောင်း၊ ဓမ္မာရုံ၊ တိုက်တာ၊ အိမ်ရာ၊ အဆောက်အအုံများ၌ ဆီမီးထွန်းကြသည်။ တောရွာများတွင် မိသားစုနှင့်အတူ စီးပွားရှာဖက် လယ်ယာလုပ်သား နွားများအတွက်ပါ ရည်ရွယ်၍ နွားတင်းကုပ်ပါမကျန် မီးထွန်းပေးကြသည်။ စီးပွားဖက်နွားများအတွက် ရည်စူးပေးသည်ဆိုရာ၌ နွားများအနေဖြင့်လည်း ရတနာသုံးပါးကို ပူဇော်ပါကြောင်း၊ ဆင်းရဲပင်ပန်းလှသည့် တိရစ္ဆာန်ဘဝမှ လွတ်ကြောင်း၊ ကျွတ်ကြောင်း အဘိဓမ္မာနေ့တွင် ဆုတောင်းကြလော့ဟုဆိုကာ မီးထွန်းပေးခြင်းဖြစ်ပါသည်။

မည်သည့်တိရစ္ဆာန်ဟူသည်မဆို အသိစိတ်၊ ခံစားစိတ်များ ရှိကြသည်ဖြစ်၍ ဤသို့ ကောင်းသောအမှုကို ပြုလုပ်ပေးခြင်းဖြင့် ကောင်းသောအကျိုးများ ရရှိကြမည်ဟု ယုံကြည်သင့်ပါသည်။ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့နှင့် စပ်လျဉ်း၍ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်၌ မယ်တော်မိနတ်သားကို အမှူးပြု၍ နတ်ဗြဟ္မာများကို ဝါတွင်းသုံးလကာလပတ်လုံး ဟောကြားတော်မူခဲ့သော အဘိဓမ္မာဒေသနာတော်သည် သိမ်မွေ့နက်နဲပြီး အလွန်ထူးကဲသည့် ထူးခြားမှုကို ဆောင်ပေသည်။ မြတ်စွာဘုရားရှင်က နတ်ဗြဟ္မာတို့ကိုသာမက ရဟန်းရှင်လူ၊ အပါယ်လေးဘုံသား ငရဲ၊ တိရစ္ဆာန်တို့ပါမကျန် မေတ္တာဖြန့်ကြက်ပေးတော်မူခဲ့ပေသည်။

မြတ်စွာဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး တာဝတိံသာနတ်ပြည်၌ ဝါဆိုသည်ဆိုသော်လည်း မြတ်စွာဘုရားသည် လူ့ပြည်သားဖြစ်သည့်အတွက် နံနက်ဆွမ်းခံချိန်တွင် လူ့ပြည်သို့ ကြွတော်မူပါသည်။ လူ့ပြည်သို့ကြွသည့်အခါ နတ်ဗြဟ္မာများ တရားနာမြဲမပြတ် နာနေနိုင်စေရန် အသံ၊ အဆင်းအလုံးစုံတူစေဟု အဓိဋ္ဌာန်ပြုဖန်ဆင်းပြီး နိမ္မိတဘုရား ကိုယ်စားထားကာ လူ့ပြည်လောကသို့ ကြွတော်မူပါသည်။ လူ့ပြည်တွင် ဆွမ်းဘုဉ်းပေးပြီးသောအခါ စန္ဒကူးတောတွင် သီတင်းသုံးတော်မူပါသည်။ ထိုအခါ အရှင်သာရိပုတ္တရာအား မြတ်စွာဘုရားရှင်က တာဝတိံသာနတ်ပြည်၌ ဟောကြားခဲ့သည့် တရားများကို အကျဉ်းချုပ်နည်းဖြင့် ဟောကြားတော်မူပါသည်။ အကျဉ်းဟောသော်လည်း အရှင်သာရိပုတ္တရာမှာ အဘိဓမ္မာဒေသနာတော်ကို အကျယ်အကုန်နားလည်သွားပါသည်။

မြတ်စွာဘုရားရှင်လည်း ညနေချမ်းတွင် တာဝတိံသာနတ်ပြည်သို့ ပြန်လည်တက်ပြီး ဟောမြဲဟောပါသည်။ ရှင်သာရိပုတ္တရာလည်း တရားတော်ကို မှတ်သားနာယူပြီး တပည့်ငါးရာတို့အား အဘိဓမ္မာတရားကို တစ်ဆင့်ဟောကြားတော်မူပါသည်။ တပည့်ငါးရာတို့သည် ထူးခြားသောရဟန်းတော်များဖြစ်ပါသည်။ ကဿပဘုရားရှင်လက်ထက်က ရဟန်းငါးရာသည် လင်းနို့သားငါးရာဖြစ်ခဲ့ဖူးပါသည်။ လင်းနို့သားငါးရာသည် တစ်ခုသော တောင်ခေါင်းဂူတွင်နေကြပါသည်။ ထိုဂူတွင် အဘိဓမ္မာဆောင်သည့် ရဟန်းတော်များက အဘိဓမ္မာတရား ရွတ်ဖတ်သည့်အသံကို ကြားရသောအခါ တရားတော်ကို နားမလည်သော်လည်း ဤသည်မှာတရားဟု နှလုံးသွင်းကြည်ညိုသည့်ကုသိုလ်ကြောင့် ဘဝကူးပြောင်း၍ နတ်ပြည်သို့ ရောက်ပြီးနောက် ဂေါတမဘုရားရှင်လက်ထက်တွင် ရဟန်းငါးရာဖြစ်လာခဲ့သည်။

အဘိဓမ္မာဒေသနာတရားတော်၏ နက်နဲဆန်းကျယ်ပုံကို ဆင်ခြင်ကြည့်ရှုနိုင်မည်ဖြစ်သည်။ အခြားတရားတော်များနှင့်မတူ နတ်ပြည်တစ်လှည့်၊ လူ့ပြည်တစ်လှည့် ဟောကြားတော်မူသော တရားတော်ဖြစ်ပြီး ဤအဘိဓမ္မာတရားကို နာကြားရသူ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်ကင်းရာ မဂ်ဖိုလ်နိဗ္ဗာန်တစ်ဖက်ကမ်းသို့ပင် ပြောင်းရွှေ့နိုင်စွမ်းသော အစွမ်းများရရှိကြပေသည်။ ထို့မျှသာမက တရားတော်၏ အဓိပ္ပာယ်၊ တရားတော်၏ အနှစ်သာရကို နားမလည်နိုင်သည့် အဟိတ်တိရစ္ဆာန်များသည်ပင် အဘိဓမ္မာဒေသနာ ဟောကြားသံကို ဤသည်ကားတရားဟု မှတ်ယူဆင်ခြင်ကြည်ညိုရုံမျှဖြင့် တိရစ္ဆာန်ဘဝမှ ကျွတ်လွတ်ကာ မြတ်သောဘဝသို့ ရောက်ကြရသည်မှာ အလွန်ထူးခြားမှုပင်ဖြစ်သည်။

သို့ဖြစ်ရာ သီတင်းကျွတ်အခါကာလတွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ကောင်းသောအမှုများပြုလုပ်ခြင်းဖြင့်လည်းကောင်း၊ သီတင်းကျွတ်မီးထွန်းပွဲတော်ကို ယဉ်ကျေးမှုအစဉ်အလာအားဖြင့် ပြုလုပ်ခြင်းမှ ရတနာသုံးပါးကို ပူဇော်ခြင်းတည်းဟူသော ကောင်းမြတ်သော မနသိကာရစိတ်ထားများဖြင့် မျှဝေပြုလုပ်ကြခြင်းဖြင့်လည်းကောင်း သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းပြီး ကောင်းကျိုးချမ်းသာများပြည့်စုံသည့် အမြတ်နိဗ္ဗာန်သို့ပင် တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊
၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊
၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကော့သောင်းမြို့နယ်အတွင်း ဘုရားဖူးလာပြည်သူများနှင့် မီးပုံးပျံလွှတ်တင်ပူဇော်သူများဖြင့် စည်ကား

**ကော့သောင်း အောက်တိုဘာ ၂၉**

ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်းရှိ မြို့နယ်ကျက်သရေဆောင် ပြည်တော်အေးဆုတောင်းပြည့်စေတီတော်မြတ်ကြီးသို့ ယနေ့နံနက်ပိုင်းမှစတင်၍ ဘုရားဖူးလာပြည်သူများနှင့် စည်ကားလျက်ရှိသည်။



အဆိုပါဆုတောင်းပြည့် ပြည်တော်အေးစေတီတော်ကြီးတွင် စစ်ဗျူဟာအခြေချ ကော့သောင်းမှ စစ်ဗျူဟာမှူး ဦးဆောင်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းများ၊ ဘုရားဖူးလာပြည်သူများနှင့်အတူ ပျော်ရွှင်စွာဆင်နွှဲလျက်ရှိသည်။

ထို့အပြင် မြို့နယ်နေပြည်သူများ၏ သဒ္ဓါတရားထက်သန်မှုနှင့်အတူ ဘုရားဖူးလာပြည်သူများအား စတုဒိသာကျွေးမွေးခြင်းများ၊ သန့်ရှင်းရေးပြုလုပ်သူများနှင့် ဆီမီးပူဇော်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ်၌ စုပေါင်းသံဃာ့မဟာပဝါရဏာပြုပွဲနှင့် သိမ်ဆင်း သံဃာဆွမ်းဆန်လောင်းလှူပွဲ ကျင်းပ

**တိုက်ကြီး အောက်တိုဘာ ၂၉**

သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် စည်ပင်သာယာနယ်နိမိတ်အတွင်း ဘုန်းတော်ကြီးကျောင်းတိုက်အသီးသီးတို့၌ ၁၃၈၅ ခုနှစ် ဝါဆို ဝါကပ်တော်မူကြပြီး သီတင်းသုံးတော်မူသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၏ (၄၃) ကြိမ်မြောက် စုပေါင်းသံဃာ့မဟာပဝါရဏာပြုပွဲနှင့် သိမ်ဆင်းသံဃာဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဖောခိကုန်းရပ်ကွက် ပြည်သဒ္ဓမ္မဇောတိကာရုံ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။



ဦးစွာ ပြည်သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက် သီရိရတနာသာသနာ့ဗိမာန်တော်၌ ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့် မွန်းလွဲ ၁ နာရီတွင် ဆရာတော်၊ သံဃာတော်အရှင်သူမြတ် ၄၈၆ ပါးက ထေရ်ဝါစဉ်အလိုက် စုပေါင်း သံဃာ့မဟာ ပဝါရဏာပြုတော်မူကြသည်။

ဆက်လက်၍ သိမ်ဆင်း သံဃဒါနဆွမ်းဆန်စိမ်းလောင်းပွဲကျင်းပရာ တိုက်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာများမှ စေတနာရှင် အလှူရှင်များက ငွေကျပ် ၁၄၉၀၄၂၅၀ တန်ဖိုးရှိ လှူဖွယ်ဝတ္ထုပစ္စည်းများကို စေတနာသဒ္ဓါတရားထက်သန်စွာ လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းအဆင့်အကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အဖွဲ့တစ်ဖွဲ့၏ ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဝါသနာရှင်(ပထမတန်း) အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး၏ ယှဉ်ပြိုင်တီးခတ်နေမှုကို ကြည့်ရှုအားပေးစဉ်။

**❂ ရွှေဖုံးမှ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အကအဖွဲ့များက ဒေသအလိုက် သဘာဝအလှတရားများ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ဖော်ကျူးထားသည့် အကအလှများ၊ သရုပ်ဖော်များဖြင့် ကကြိုးကကွက်စုံလင်စွာဖြင့် ကပြယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး"တေးသီချင်းအဆိုပြိုင်ပွဲ၌ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲဝင်တစ်ဦးက "မြန်မာ့စိတ်ရင်း၊ မြန်မာ့ရှုခင်း" တေးသီချင်းဖြင့် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝါသနာရှင်(ပထမတန်း) အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲ ယှဉ်ပြိုင် တီးခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး" တေးသီချင်းအဆိုပြိုင်ပွဲ၌ အဆင့်မြင့်ပညာအဆင့် အမျိုးသား ပြိုင်ပွဲဝင်များက ထင်ရှား ကျော်ကြားလှသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးသီချင်းဖြစ်သည့် "မြန်မာ့စိတ်ရင်း၊ မြန်မာ့ရှုခင်း" တေးသီချင်းကို အသံနေ အသံထားများဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပသည့် ဆိုင်းတစ်ဦးချင်း ဝါသနာရှင် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ ယှဉ်ပြိုင်တီးခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အကဲဖြတ် ဆောင်ရွက်ပေးနေသည့် အကဲဖြတ် ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းအဆင့်အကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အဖွဲ့တစ်ဖွဲ့ ကပြယှဉ်ပြိုင်နေစဉ်။

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) ဝါလကင်းလွတ်သီတင်းကျွတ်အခါသမယတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ယခုနှစ် သြဂုတ် ၁ ရက် ဒုတိယဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓါဘိသေကအနေကဇာ တင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်း ပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော် တင်လှူပူဇော်ခြင်းနှင့် ရေစက်ချ အောင်ပွဲမင်္ဂလာ ကုသိုလ်တော် မဟာမင်္ဂလာ အခမ်းအနားများကို နိုင်ငံတော်အဆင့် စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော် ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူး ပြည်သူများဖြင့် နေ့စဉ်စည်ကား လျက်ရှိကာ နေ့ထူးနေ့မြတ် အခါသမယများတွင် အထူး စည်ကား များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။

ယနေ့သည် ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နေ့)ဖြစ်ပြီး ဝါလကင်း လွတ် သီတင်းကျွတ်အခါသမယ တွင် အများပြည်သူရုံးပိတ်ရက် ဖြစ်သည်နှင့်အညီ နိုင်ငံတော် တစ်ဝန်းလုံးရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီး ကျောင်းများ၌ ဘုရားဖူး ကုသိုလ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌လည်း အနယ်နယ်အရပ်ရပ်မှ လာရောက် ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများ၊ ကုသိုလ်ကောင်းမှု ပြုလုပ်ကြသူများ၊ ဥပုသ်သီတင်းဆောက်တည် ကြသူများဖြင့် အထူးစည်ကား လျက်ရှိသည်။

ထို့ပြင် ဘုရားဖူးရဟန်း၊ ရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ် ကြီးအား ကြည်ညိုသဒ္ဓါပွားများ လျက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး ခုနစ်ရက် သားသမီး အလှူရှင်များအနေဖြင့် လည်း ဘုရားဖူးလာသူများကို အာဟာရဒါန စတုဒိသာများဖြင့် ကျွေးမွေး လှူဒါန်းလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူး ရဟန်း၊ ရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ် တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိ တိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်း တော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန် တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်း တော်နှင့် ကျောက်စာရုံစေတီတော် များအပါအဝင် အခြားဘာသာရေး ဆိုင်ရာ အဆောက်အအုံများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာ စွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာ ခြင်း၊ တရားဘာဝနာပွားများခြင်း နှင့် ဝါကျွတ်ကာလအခါသမယ အဖြစ် ဆီမီးထွန်းညှိပူဇော်ခြင်း များ၊ မီးပုံများလွှတ်တင်ပူဇော်ခြင်း များ၊ လျှပ်ပန်းရောင်စုံ LED မီးပန်း စုံတို့ဖြင့် ပူဇော်ခြင်း၊ ဝတ်ရွတ် အသင်းများက ဝတ်ရွတ်ပူဇော် ခြင်းနှင့် မီးပုံးပျံများလွှတ်တင်ခြင်း ကို ဆောင်ရွက်ကြသည်။

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော် များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးကို ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော် ကြည်ညိုနိုင်ရေးအတွက် သြဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူး လာရောက်သူများဖြင့် နေ့စဉ် မပြတ် စည်ကားလျက်ရှိကြောင်း၊ ယနေ့ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် လည်း ရဟန်း၊ ရှင်လူ ဘုရားဖူး ပြည်သူ ၆၈၀၈၁ ဦး လာရောက် ဖူးမြော် ကြည်ညိုခဲ့ကြောင်း၊ မြန်မာတို့၏ နေ့ထူးနေ့မြတ်များ နှင့် အခါကြီး ရက်ကြီးနေ့များတွင် လည်း ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရှိ ရပြီး စတင်ဖူးမြော်ခွင့်ပေးခဲ့သည့် နေ့မှစ၍ ယနေ့အထိ မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော် ကြည်ညိုသူ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူ စုစုပေါင်း ၉၆၆၇၁၃ ဦး ရှိပြီ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**











ဥပ္ပါတသန္တိစေတီတော် မြတ်ကြီး၌ (၁၅)ကြိမ်မြောက် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနား ကျင်းပစဉ်။



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

**နေပြည်တော် အောက်တိုဘာ ၂၉**

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူများ၊ အပန်းဖြေနေရာများ၌ လာရောက်အပန်းဖြေကြသူများ၊ ဈေးဝယ်စင်တာများ၌ ဈေးဝယ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

**ရွတ်ဆိုပူဇော်**

ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ (၁၅)ကြိမ်မြောက် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)အခမ်းအနားနှင့် (၁၅၄) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကိုကျင်းပရာ ဦးစွာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက အဘိဓမ္မာ ခုနစ်ကျမ်း ပါဠိတော်ကောက်နုတ်ချက်များကို ရွတ်ဆိုပူဇော်ကြသည်။

အဆိုပါအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သြဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စိုးဦး၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် စေတီတော်ဂေါပကအဖွဲ့၏ သြဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတထံမှ ဥပုသ်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြကာ ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော် (ဗုဒ္ဓဂါယာ–နေပြည်တော်)၊ မဟာသကျရံသီ ရုပ်တော်မူရုပ်ရှင်တော်မြတ်ကြီး၊ ရန်အောင်မြင် ရွှေလက်လှစေတီတော်၊ ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ ထာဝရငြိမ်းချမ်းရေးစေတီတော်၊ လှေခွင်းတောင် တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်၊ သံသရာငြိမ်းအေးစေတီတော်၊ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရား၊ လောကရန်နှိမ်စေတီ၊ ဖောင်တော်ချက်မစေတီ၊ လက်လုပ်တောင်စေတီ၊ မြို့ပေါ်ရပ်ကွက်များရှိစေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် ယနေ့နံနက်ပိုင်းမှစတင်ကာ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများသည် တရားဘာဝနာပွားများခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း စသည့် ကုသိုလ်ပြုမှုများဖြင့် စည်ကားခဲ့သည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရဝဏ်အတွင်းရှိရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၌လည်း ဆင်စာကျွေးကြသူများ၊ နိဗ္ဗာန်ကုန်ဆိုင်များနှင့် အမှတ်တရ ပစ္စည်းအရောင်းဆိုင်များတွင်လည်း ဈေးဝယ်ကြသူများဖြင့် စည်ကားခဲ့သည်။

ညပိုင်းတွင်လည်း အဆိုပါဘုရားများ၌ ဆီမီးပူဇော်ပွဲများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့်နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့် လျှပ်စစ်မီးရောင်စုံ ထွန်းညှိပူဇော်ကြသူများ၊ မိဘဘိုးဘွားများနှင့် ဆရာသမားများကို လိုက်လံကန်တော့ကြသူများဖြင့် စည်ကားလျက်ရှိသည်။

**စည်ကား**

အလားတူ နေပြည်တော်ရှိ Ocean Super Center၊ Junction Center၊ Naypyitaw Wholesale တို့ရှိ ဈေးရောင်းပွဲတော်များတွင် ဈေးဝယ်ကြသူများနှင့် မင်္ဂလာကန်တော်၊ နေပြည်တော် ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်နှင့် နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့တွင် အပန်းဖြေလာရောက်ကြသူများဖြင့် စည်ကားခဲ့ပြီး နေပြည်တော်အတွင်းရှိ ဘောဂသိဒ္ဓိ ကားကြီးဝင်း၊ မြို့မဈေးနှင့် သပြေကုန်းကားဝင်းတို့တွင်လည်း အများပြည်သူများ စိတ်အေးချမ်းသာစွာ ခရီးသွားလာရန် ပြင်ဆင်နေမှုများကို တွေ့ရသည်။

မြန်မာတို့အတွက် သီတင်းကျွတ်လပြည့်နေ့သည် နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ အဘိဓမ္မာအခါတော်နေ့လည်းဖြစ်သည်။ အဆိုပါ နေ့ထူးနေ့မြတ်တွင် နိုင်ငံအနှံ့ရှိ ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်းပြီး မီးပုံးများ၊ ဆီမီးရောင်စုံများ ထွန်းညှိ၍ မီးမြင်းမိုရ်ပွဲများ ကျင်းပခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘဘိုးဘွားများအား ကန်တော့ခြင်း၊ ဒါနသီလကုသိုလ်ပွားများခြင်းစသည့် သူတော်ကောင်းတရားများကို ပွားများအားထုတ် ဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ပရဝဏ်အတွင်းရှိ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၌ ဆင်စာကျွေးကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် မော်လမြိုင်မြို့နယ်ရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူး ပြည်သူများဖြင့် စည်ကား



**မော်လမြိုင် အောက်တိုဘာ ၂၉**

သီတင်းကျွတ်လပြည့်နေ့၌ မော်လမြိုင်မြို့နယ်အတွင်းရှိဘုရားကျောင်းကန်အသီးသီး၊ ရပ်ကွက်၊ လမ်းများ၌ အဘိဓမ္မာအခါတော်နေ့ပူဇော်ပွဲ၊ ဘုရားရှင်အား ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားခဲ့ပြီး ယခုကဲ့သို့ဝါလကင်းလွတ်သီတင်းကျွတ်ကာလတွင် ခရီးသွားပြည်သူများနှင့်ဒေသခံအပေါင်းတို့က မိသားစုအလိုက် လာရောက်ဖူးမြော်ကုသိုလ်ပြုလေ့ရှိသောကြောင့် ပိုမိုစည်ကားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မော်လမြိုင်မြို့နယ်အတွင်းရှိကျုက်သရေဆောင် ရေးဟောင်းသမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၊ မဟာမြတ်မုနိဘုရားကြီး၊ ဦးခန္တီဘုရား၊ ဦးဇိနိဘုရား၊ နဂါးမောက်စေတီတော်မြတ်ကြီး အပါအဝင် ဘုရားစေတီပုထိုးများ၌ ယနေ့နံနက်ပိုင်းတွင် ဘုရားဖူးပြည်သူများ၊ စတုဒိတာကျွေးမွေးသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများနှင့် အထူးစည်ကားများပြားလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၉**

ယနေ့သည် ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကို ကျင်းပကြရာ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ အဘိဓမ္မာအခါတော်နေ့အခမ်းအနား၊ ဝါတွင်းသီလခံယူပွဲနှင့် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်(အောင်ပွဲ)ရေစက်ချ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပကြသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်များအား အရုဏ်တက်ချိန်တွင် ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများကို ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာ အမေးအဖြေများပြုလုပ်ခြင်း၊ ဓမ္မဒေသနာတော်များ စုပေါင်းရွတ်ဆိုခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းဖြင့် အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် ဝါတွင်းသီလခံယူပွဲနှင့် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်(အောင်ပွဲ) ရေစက်ချအခမ်းအနားကို ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ပဓာနနာယက ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ သ၊ စ၊ အ ပါဠိပါရဂူ တိပိဋကရေ ဓမ္မဘဏ္ဍာ ဂါရိက ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)ထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ကိုယ်စား အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ဇယမင်္ဂလာအနုမောဒနာ စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယအဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒွိပိဋကရေ ဝိနယ+ဒီဃနိကာယ ပါဠိပါရဂူ ရွှေပြည်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားပြီး ရေစက်ချအမျှပေးဝေကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်နှင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းလေးသွယ်၌ ဘုရားဖူးလာ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများသည် ရွှေတိဂုံစေတီတော် ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီး ၁၁၀၀၀ ကို ထွန်းညှိပူဇော်ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို ဂန္ဓကုဋီတိုက်အတွင်း၌ ကျင်းပရာ အရုဏ်တက်ချိန်တွင် စေတီတော်အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြကာ ညနေပိုင်းတွင် ဂေါပကအဖွဲ့ဝင်များနှင့် ဘုရားဖူးလာပြည်သူများက ဆီမီး ၁၁၀၀၀ ထွန်းညှိပူဇော်ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ကကြီးမှူးကျင်းပသည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားတွင်ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်၍ အနုမောဒနာတရားနာကြားပြီး လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ဝတ်အသင်းသူအသင်းသားများနှင့် အလှူရှင်များက ဆီမီး ၆၅၀၀ ထွန်းညှိ ပူဇော်ကြသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အဘိဓမ္မာခုနစ်ကျမ်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် စေတီတော်ရင်ပြင်ရှိ နန်းဦးဘုရားတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ညပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိ ပူဇော်ဆက်ကပ်ကြသည်။

အလားတူ ဆူးလေစေတီတော်၊ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်စေတီတော်နှင့် ဆုတောင်းပြည့် မယ်လမုစေတီ တို့တွင်လည်း ဂေါပက **စာမျက်နှာ ၇ သို့** ❖


သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။


သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။


သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် မဟာဝိဇယစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# မန္တလေးမြို့တွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး မီးထွန်းပွဲတော်များ ပျော်ရွှင်စွာကျင်းပကာ စည်ကားလျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၉**

ယနေ့ကျရောက်သည့် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ စေတီပုထိုးများနှင့် ဓမ္မာရုံများ၌ မြတ်စွာဘုရားရှင်အား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်၍ ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ညပိုင်းတွင် ဘုရားရှင်အား ဆီမီးထွန်းညှိပူဇော်၍ မီးထွန်းပွဲတော်အစီအစဉ်များကျင်းပကာ မြို့လုံးအနှံ့စည်ကားလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

မန္တလေးပြည်သူများသည် ဒေသ၏ကုသိုလ်ကောင်းမှုပြုလုပ်ကြသည့် ဓလေ့ထုံးစံအတိုင်း နံနက်အရုဏ်တက်တွင် မဟာမုနိဘုရားကြီးသို့ ဦးခိုက်ပူဇော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြပြီး မြို့တွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားများအပြင်၊ အောင်တော်မူဘုရား၊ ကျောက်စိမ်းစေတီတို့တွင်လည်း ကုသိုလ်ပြုကြသူများ၊ ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် တရားဘာဝနာပွားများကြသူများကို တွေ့မြင်ရသည်။

**ကြိတ်ကြိတ်တိုးစည်ကား**

ထို့အတူ မန္တလေးတောင်ခြေရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား၊ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားတို့၏ ဘုရားသုံးဆူ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကိုလည်း အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ ယနေ့သီတင်းကျွတ်လပြည့်နေ့တွင် အလှူရှင်ပြည်သူများနှင့် ဘာသာရေးအသင်းအဖွဲ့ အသီးသီးတို့က ဆွမ်းတော်ကြီးကပ်လှူခြင်း၊ ပန်း၊ ရေချမ်း၊ လျှပ်စစ်မီး၊ ဖယောင်းတိုင်၊ ဆီမီးထွန်းညှိပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး ညပိုင်းတွင်ပွဲတော်လာပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် မန္တလေးမြို့ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် စန္ဒာမုနိ ဘုရား၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

အလားတူ သီတင်းကျွတ်လပြည့် ညပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်ကို မန္တလေးနန်းမြို့ရိုး အရှေ့ဘက်ခြမ်းရှိ ရတနာပုံဥယျာဉ် (၆၆လမ်း၊ ၁၂ လမ်းမှ ၂၆ လမ်းကြား)နေရာတွင် ကျင်းပပြီး စတုဒိသာအကျွေးအမွေးများဖြင့်ဧည့်ခံပြီး နိုင်ငံကျော်အနုပညာရှင်များပါဝင်သည့် တေးဂီတအဖွဲ့ အပြင် ကျောက်ဆည် ဆင်အက၊ ရိုးရာခြင်းလုံး အလှခတ်စသည့်ဖျော်ဖြေရေးအစီအစဉ်များထည့်သွင်းကာ ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ဆီမီးရေမျှောခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်းများကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ လာရောက်ပါဝင်ဆင်နွှဲသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် မန္တလေးမြို့တွင်းရှိ အထင်ကရဘုရားများနှင့် ရပ်ကွက်အတွင်းရှိ ဘုရား၊ စေတီများ၊ ဓမ္မာရုံများနှင့် နေအိမ်များတွင် မြတ်စွာဘုရားရှင်ကို ရည်မှန်း၍ ဆီမီးထွန်းညှိပူဇော်ကြခြင်း၊ ကလေးငယ်များက မီးရှူးမီးပန်းများနှင့် မီးပုံးအရုပ်များဖြင့် ပျော်ရွှင်စွာ ဆော့ကစားခြင်းများအပြင် မိသားစုအလိုက် မိဘ၊ ဆရာသမားများအား လိုက်လံဂါရဝပြု ကန်တော့ခြင်းများဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့ပုံရိပ်ကို ပီပြင်စွာ ဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**မောင်အေးချမ်း**





မန္တလေးနန်းမြို့ရိုး အရှေ့ဘက်ခြမ်းရှိ ရတနာပုံဥယျာဉ်၌ မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်ကိုကျင်းပရာ လာရောက်ပါဝင်ဆင်နွှဲသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

❖ စာမျက်နှာ ၆ မှ

အဖွဲ့များက ကြီးမှူး၍ ယနေ့နံနက်ပိုင်း အရုဏ်တက်ချိန်တွင် စေတီတော်နှင့် ဘုရားရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ယနေ့ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ဘုရားစေတီများတွင် ဘုရားဖူးလာပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများပူဇော်ကြခြင်း၊ အလှူရှင်များက စတုဒိသာကျွေးမွေးလှူဒါန်းကြခြင်း၊ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ လမ်းများ၌ ကုသိုလ်ကောင်းမှုပြုလုပ်ကြခြင်း၊ သက်ကြီး၊ ဝါကြီး၊ မိဘ၊ အဘိုးအဘွား၊ ဆရာသမားများအား ကန်တော့ခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်း၊ ရုံးများ၊ လူနေအိမ်များနှင့် လမ်းများ၌ ရောင်စုံလျှပ်စစ်မီးများ၊ ဆီမီးများ၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ကြခြင်းများ ပြုလုပ်ကြရာ မြန်မာတို့၏ ချစ်စရာကောင်းသော ယဉ်ကျေးမှုဓလေ့ပင်ဖြစ်ပေတော့သည်။

**သတင်း – ကိုကိုဇော်(MNA)ဓာတ်ပုံ – ဇော်လတ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၉**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ နေပြည်တော်ကောင်စီကကြီးမှူး၍ ဆီမီး ၃၆၀၀ ထွန်းညှိပူဇော်ပြီး မီးပုံးပျံလွှတ်တင်ပူဇော်

နေပြည်တော် အောက်တိုဘာ ၂၉

မြတ်စွာဘုရားရှင်အား ဆီမီးတန်ဆောင် ထွန်းညှိပူဇော်ခြင်းဟူသော အစဉ်အလာအတိုင်း သီတင်းကျွတ်လပြည့်နေ့တွင် မီးထွန်းပွဲပြုလုပ်ကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ နေပြည်တော်ကောင်စီက ကြီးမှူး၍ ဆီမီး ၃၆၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံများ လွှတ်တင်ပူဇော်ပွဲကို ယနေ့ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ညနေ ၆ နာရီ၌ ကျင်းပသည်။

အဆိုပါ ဆီမီး ၃၆၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံများ လွှတ်တင်ပူဇော်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဇနီးများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဌာနကြီးမှူးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့နှင့် ဝတ်ရွတ်အသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ဆီမီးထွန်းညှိပူဇော်ကြပြီး မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။



**မီးပုံးပျံလွှတ်တင်**

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးရဟန်း၊ ရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးထွန်းညှိပူဇော်ခြင်းများ၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(မြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား

**နေပြည်တော် အောက်တိုဘာ ၂၉**

သီတင်းကျွတ်လသည် မြန်မာ(၁၂)လရာသီတွင် သတ္တမမြောက်လဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာတရားတော်အား မြတ်စွာဘုရားရှင် ဟောကြားပြီးဆုံးသည့်နေ့ဖြစ်သည့်အတွက် အဘိဓမ္မာ ဒေသနာတော်နေ့ဖြစ်သည့် အားလျော်စွာ သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက်လေးနက်ထူးခြားသည့် နေ့ထူးနေ့မြတ် ရက်တစ်ရက်လည်းဖြစ်သည်။



ပင်းတယမြို့

အောင်ကိုဦး(မြန်/ဆက်)



မိုးကောင်းမြို့

သန်းလွင်ဦး(မြန်/ဆက်)

**စည်ကားလျက်ရှိ**

သီတင်းကျွတ် လပြည့်နေ့ နေ့ထူးနေ့မြတ်တွင်ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘဘိုးဘွားများအား ကန်တော့ခြင်း၊ ကုသိုလ်ဒါနသီလ ပွားများခြင်းစသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်လေ့ရှိကြပြီး ထို့ပြင် အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေ နေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

**ကုသိုလ်ယူ**

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးများ ပူဇော်ခြင်းနှင့် ဖူးမြော် ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယူခဲ့ကြသည်။ ၎င်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ကြီးအဘိုး အဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် စတုဒိသာ ကျွေးမွေးခြင်းများ၊ မြန်မာ့ရိုးရာ အကအလှ ဖျော်ဖြေခြင်းများကိုလည်း မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ်များမှ လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေခရီးသွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေ ဥယျာဉ်များနှင့် ကမ်းခြေများ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက် လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

**စည်ကားများပြားလျက်ရှိ**

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်း အတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများတပ်ဆင်ခြင်း၊ မီးရောင်စုံများ တပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများ ဆင်ယင်ထားသကဲ့သို့ နေပြည်တော် ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများ တပ်ဆင်ထားပြီး လာရောက် အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌လည်း ဆီမီးပူဇော်ထွန်းညှိခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူ အပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိကာ ပြည်သူများလာရောက်အနားယူအပန်းဖြေလျက်ရှိကြကြောင်းနှင့် အလှမီးထွန်းညှိခြင်း၊ ရောင်စုံမီးပုံးများ လွှတ်တင်ခြင်းတို့ကို ပျော်ရွှင်စွာ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



မုံရွာမြို့

ခရိုင်(မြန်/ဆက်)



ဇလွန်မြို့

ဇလွန်(မြန်/ဆက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့
၂၀၂၃ ခုနှစ် အောက်တိုဘာလ(၂၉)ရက်

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း ချင်းရွှေဟော်အပါအဝင် မြို့နယ်အချို့ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့ပြီး အပြစ်မဲ့ပြည်သူများအား သေကျေဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)အနေဖြင့် ပြင်းထန်စွာ ပြစ်တင် ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

ALL MYANMAR HINDU CENTRAL COUNCIL
No. 387-395(1st Floor), Room No. A2, Bo Aung Kyaw Street, Kyauktada Township, Yangon.
Tel : 01-8245648 E-mail : amhcc201902@gmail.com

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာ (၂၇) ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြို့နယ်များရှိ နေရာအချို့ကို အောက်တိုဘာလ ၂၇ ရက်တွင် သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့ပြည်သူတချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင်ပြုလုပ်နေသော လက်နက်ကိုင်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များ၏ နေရာအချို့ကို အောက်တိုဘာလ ၂၇ ရက်တွင် သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့ပြည်သူတချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင်ပြုလုပ်နေသော လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာရှုတ်ချကြောင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လားရှိုး၊ မူဆယ်၊ နမ့်ဖက်ကာ စသည့်မြို့နယ်အချို့အား အောက်တိုဘာလ ၂၇ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့ပြည်သူတချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင်ပြုလုပ်နေသော လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှ ပြင်းထန်စွာကန့်ကွက်ကြောင်း သဘောထား ထုတ်ပြန်လိုက်သည်။

**မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်

၁။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့နံနက်တွင် လက်နက်ကိုင်သောင်းကျန်းသူများက ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဖက်ကာနှင့် သိန္နီဒေသကိုတိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူအရပ်သားများအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရရှိစေခြင်းနှင့် ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းတို့အပေါ် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးက ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့နံနက်ခင်းက ရှမ်းပြည်နယ်မြောက်ပိုင်း ချင်းရွှေဟော်ဒေသကို တိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူအရပ်သားများအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသည့် လက်နက်ကိုင်သောင်းကျန်းသူများကို ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)က ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့
၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွမ်းလုံ၊ ချင်းရွှေဟော်မြို့တို့အား သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးမှုကြောင့် ဒေသခံပြည်သူများ သေဆုံးခဲ့မှုနှင့် ဒေသခံပြည်သူအချို့အား ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို) အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြို့နယ်များရှိနေရာအချို့ကို အောက်တိုဘာလ ၂၇ ရက်တွင် သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့ပြည်သူတချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင်ပြုလုပ်နေသော လက်နက်ကိုင်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

(၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် မြန်မာတို့၏ ကိုယ်ပိုင်အဖိုးတန် အနုပညာရတနာများ ဖြစ်သည့် သီချင်းကြီး၊ သီချင်းခံ အဆို၊ အတီးပြိုင်ပွဲများ၊ ကိုယ်ပိုင်အနုပညာ စစ်စစ်ဖြစ်သည့် မြန်မာ့ဆိုင်းဝိုင်းကြီး အပါအဝင် မြန်မာ့တူရိယာ





ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "မဟော်သဓာ"ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ပဲခူးတိုင်းဒေသကြီး မဟော်သဓာဇာတ်တော်ကြီးအဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။




ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ပတ္တလားအတီး ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ပတ္တလားအတီး ပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ပတ္တလားအတီး ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

ပစ္စည်းတီးခတ်မှု ပြိုင်ပွဲများ၊ ကမ္ဘာသုံးတူရိယာများဖြစ်သည့် စန္ဒရား၊ ဒုံမင်း၊ မယ်ဒလင်၊ တယော၊ ဂီတာအစရှိသော တူရိယာများကို မြန်မာသံမြန်မာဟန်ဖြင့် ယှဉ်ပြိုင်တီးခတ်သည့် ပြိုင်ပွဲများ၊ ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်များနှင့် ငြိမ့်ညောင်းစွာ ကပြကြသည့် အကပြိုင်ပွဲများ၊ မြန်မာအက အခြေခံဖြစ်သည့် ကဗျာလွတ်အက ပြိုင်ပွဲများ၊ နှုတ်မှုစွမ်းရည်ပြ ကွက်စိပ်ပြိုင်ပွဲများ၊ ကမ္ဘာက အလေးအနက်ထားရသည့် မြန်မာ့ရုပ်သေးကြိုးဆွဲပညာ ပြိုင်ပွဲများ အပြင်မဟော်သဓာဇာတ်တော်ကြီးကိုလည်း မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက် အကအလှများနှင့် အတူ မြန်မာ့ဇာတ်သဘင် ဆို၊ ငို၊ ပြော ပညာရပ်များနှင့်ပေါင်းစပ်၍ ထူးကဲစွာ ယှဉ်ပြိုင်လျက်ရှိကြသည်။ ယခုနှစ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင် ဘာသာရပ်များစုံလင်လုသည့်အပြင် အကဲဖြတ်ပညာရှင်ကြီးများ သိုက်သိုက်ဝန်းဝန်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မျိုးဆက်သစ် ရွက်ပုန်းသီးပြိုင်ပွဲဝင် လူငယ်မောင်မယ်များ အင်ပြည့် အားပြည့် အားကြိုးမာန်တက် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ယနေ့တွင် **"အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး"တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း"သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကြိုနေမယ့်နေ့များ" သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

**တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ(အလွတ်တန်း)အဆင့် အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ တနင်္သာရီ တိုင်းဒေသကြီးမှ ထားဝယ် တိုင်းရင်းသားရိုးရာ အကအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မကြည်လဲ့မွန်နှင့် အဖွဲ့၊ ကရင်ပြည်နယ်မှ ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခိုင်လင်းဖြိုးနှင့် အဖွဲ့၊ ချင်းပြည်နယ်မှ ချင်းတိုင်းရင်းသားရိုးရာ(ဖလမ်း)အကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မရွှေဇင်မိုးနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မစုစန္ဒီနှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မွန်တိုင်းရင်းသား အကအဖွဲ့၊ ရှမ်းပြည်နယ်မှ အင်းသားရိုးရာ အကအဖွဲ့၊ ကချင်ပြည်နယ်မှ လီဆူတိုင်းရင်းသား အကအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ ကရင်ရိုးရာ ဖဲပြာအကအဖွဲ့၊ ကယားပြည်နယ်မှ ကယားတိုင်းရင်းသား အကအဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မောင်ကောင်းထက်နှင့်အဖွဲ့နှင့် ရခိုင်ပြည်နယ်မှ ရခိုင်ယိမ်းအက အဖွဲ့တို့က တိုင်းရင်းသားနှင့် ကျေးလက်ရိုးရာ ဓလေ့စရိုက်များပေါ်လွင်စေမည့် အကအလှများဖြင့် အဖွဲ့လိုက် အချိုးအဆစ် ညီညာပြေပြစ်စွာ ရသမြောက် ကပြယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း)ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထိန်းသိမ်းစို့လေ ရိုးရာအမွေ" ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**ဒုံမင်းအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက "မဲဇာတောင်ခြေ"(ပတ်ပျိုး)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြရည်နန္ဒာ"(ဘွဲ့)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေပဇ္ဇုန်"(ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဝေဘာဂီရိ"(ကြိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေလည်တိုင်"(ကာလပေါ်)သီချင်းဖြင့်လည်းကောင်း၊ **စာမျက်နှာ ၁၁ သို့ »»**



ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

»»» စာမျက်နှာ ၁၀ မှ
ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောင်တောသာယာ" (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မေတ္တာဖျန်းမှ လန်းဆန်းမယ်" (ကာလပေါ်)သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းနွေဦး"(ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှိုင်းရိပ်ကယ်တည့်"(ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "အန္တရာယ်ကင်း"(ကာလပေါ်)သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိလေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြိုင်ဂန္ဓမာ" (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်သပြေဖွေ့တကျွန်းခြားမြေ" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခန်းတွင်းရိပ်သာ"(ကြိုး) သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ပတ္တလားပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ခွာပြာသင်း" (ပတ်ပျိုး)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လေပြည်ဆော်သွင်မြူး"(ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂန္ဓမာတောင်"(ဘွဲ့)သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲ ဝင်များက "ဘုံဆောင်မြင့်" (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်"(ကြိုး)သီးချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။



ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "ပညာရွှေအိုး"ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ဓေယျာသီရိရုပ်စုံအဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း)ကွက်စိပ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း)ကွက်စိပ်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

**ကွက်စိပ်ပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တိလမုဋ္ဌိ ဇာတ်တော်ကြီး" ခေါင်းစဉ်ဖြင့် ဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဦးတည်ချက် ပေါ်လွင်အောင် နှုတ်မှုစွမ်းရည် ပြသဟောပြောယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် "ပညာရွှေအိုး" ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ဓေယျာသီရိရုပ်စုံအဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ ဆို၊ ငို၊ ပြော ပညာရပ်များ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီး ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိလေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "မဟော်သဓာ" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ရဲမိုးလွင်ဇာတ်အဖွဲ့က မူရင်း မဟော်သဓာ ဇာတ်တော်ကြီး၏တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို၊ ငို၊ ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူမိဘများက ပြိုင်ပွဲနေရာ အသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကာလအတွင်း ပြိုင်ပွဲဝင်များကို ကျန်းမာရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ နေထိုင်သွားလာစားသောက်နိုင်ရန်နှင့် စိတ်အေးချမ်းသာစွာ ပြိုင်ပွဲဝင်နိုင်ရန် လိုအပ်သည်များကို ကူညီစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ပြိုင်ပွဲဝင်များနှင့် ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးကြသည့် ဧည့်ပရိသတ်များအတွက် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာကိစ္စများ စောင့်ရှောက်ပေးနိုင်ရန် တည်းခိုသည့်နေရာနှင့် ပြိုင်ပွဲကျင်းပသည့် နေရာများတွင် ကျန်းမာရေး ဆေးပေးခန်းများ ဖွင့်လှစ်ထားရှိ၍ နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ ပြိုင်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ရရှိနိုင်ရေးအတွက်လည်း တည်းခိုဆောင်များတွင် ရုပ်မြင်သံကြားစက်များ တပ်ဆင်ပေးခြင်း၊ နေ့စဉ်ထုတ် သတင်းစာများ ထားရှိပေးခြင်းအပြင် ပြိုင်ပွဲနှင့်ပတ်သက်သည့် နေ့စဉ်ထုတ် သတင်းလွှာများ ရိုက်နှိပ်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


ဝါသနာရှင်အဆင့်(ဒုတိယတန်း) အရေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။


ဝါသနာရှင်အဆင့်(ဒုတိယတန်း) အရေးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ဒုတိယတန်း) အရေးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

# ဒီလိုပြိုင်ပွဲတွေကျင်းပပေးခြင်းအားဖြင့် တိုင်းတစ်ပါး ယဉ်ကျေးမှုတွေစိမ့်ဝင်လာခြင်းကို အတိုင်းအတာတစ်ခုအထိ ဟန့်တားနိုင်တယ်။ စဉ်ဆက်မပြတ်လုပ်ပေးဖို့ လိုအပ်ပါတယ်

**ဂီတစာဆို တေးကဗျာမင်းယု**

(၂၄) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကဏ္ဍအလိုက် တာဝန်ယူရသူများ၊ အုပ်ချုပ်သူနည်းပြများ၊ ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**ဂီတစာဆို တေးကဗျာမင်းယု**
**ပညာရှင်**
**ဒုတိယဥက္ကဋ္ဌ(အရေးပြိုင်ပွဲ)**

အရေးပြိုင်ပွဲမှာ အဆင့်(၃)ဆင့်ပြီးသွားပါပြီ။ ဝါသနာရှင်ပထမတန်း၊ အခြေခံပညာအသက် ၁၅-၂၀၊ အဆင့်မြင့်ပညာတို့ဖြစ်ပါတယ်။ အခုပြီးသွားတဲ့ အဆင့်အထိ ပြိုင်ပွဲဝင်ကလေးတွေ ရေးသွားတာတွေ အလွန်အင်မတန်မှ ချီးကျူးလောက်ပါတယ်။ အံ့သြလောက်အောင်တော်တော်ကောင်းပါတယ်။ လေ့လာမှုအားရော၊ စပ်ဆိုသွားတာတွေရောက စွန့်ပစ်စရာမရှိလောက်အောင် ကောင်းပါတယ်။ ဒီနှစ်ပြိုင်ပွဲဝင်ကလေးတွေကို တော်တော်အားရတယ်။ ကျွန်တော်တို့ သီချင်းရေးတဲ့ပညာရပ်ကတော့ နှစ်ပိုင်းပေါင်းစပ်ထားတာဖြစ်ပါတယ်။ စာပေနဲ့ ဂီတပေါင်းစပ်ထားတာပါ။ စာပေမှာဆို အလင်္ကာတို့၊ နဘေတို့၊ ကာရန်တို့ စပ်ပုံစပ်နည်းသတ်မှတ်ချက်စည်းကမ်းတွေ ရှိသလို သံစဉ်ပိုင်းဆိုင်ရာတွေကလည်း တော်တော် လေးလေးနက်နက်လေ့လာရတယ်။ တီးပေါက်တွေ၊ ဆိုပေါက်တွေ၊ ရေးဟန်တွေ အများကြီးရှိပါတယ်။ ဒါတွေကို စဉ်ဆက်မပြတ်လေ့လာဖို့လိုပါတယ်။

သို့သော်လည်း အလွယ်ကူဆုံးနဲ့ အထိရောက်ဆုံးပေးချင်တဲ့အကြံဉာဏ်ကတော့ ကျွန်တော်တို့ငယ်ငယ်တုန်းက ကျွန်တော်တို့ရဲ့လူကြီးတွေပြောသလို ကဗျာမြန်မာတတ်ချင်ရင် ကဗျာများများဖတ်ပါ။ အဲဒီလိုပဲ သီချင်းတွေ ရေးတတ်ချင်ရင်တော့ လေ့လာစရာတွေ အများကြီးရှိပါတယ်။ အမြန်ဆုံးတတ်ချင်ရင်တော့ သီချင်းတွေများများ လေ့လာပါ၊ များများကျက်ပါ၊ များများဖတ်ပါလို့ အကြံပြုချင်ပါတယ်။ ဒီပြိုင်ပွဲတွေက ဒီခေတ်မှာ အများကြီးလိုအပ်ပါတယ်။ တိုင်းတစ်ပါးယဉ်ကျေးမှုတွေက အရှိန်အဟုန်နဲ့ ထိုးဖောက်လာနေတာရှိတယ်။ စွဲထင်နေအောင် စိမ့်ဝင်နေတာလည်းရှိတယ်။ ဒီလိုပြိုင်ပွဲတွေ ကျင်းပပေးခြင်းအားဖြင့် တိုင်းတစ်ပါး ယဉ်ကျေးမှုတွေစိမ့်ဝင်လာခြင်းကို အတိုင်းအတာတစ်ခုအထိ ဟန့်တားနိုင်တယ်။ စဉ်ဆက်မပြတ်လုပ်ပေးဖို့ လိုအပ်ပါတယ်။

အနယ်နယ်အရပ်မှာ တိုင်းတစ်ပါး ဂီတတွေက ထိုးဖောက်တာအများကြီးရှိတယ်။ ဒီလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေ များများကျင်းပပေးပြီးတော့ မြန်မာမှုနယ်ပယ်တွေကို မြှင့်တင်ရမယ်။ ဥပမာပြောရရင် ဂီတအစည်းအရုံးတွေရှိတယ်။ သဘင်အစည်းအရုံးတွေရှိတယ်။ ယဉ်ကျေးမှု တက္ကသိုလ်တွေရှိတယ်။ ပန်တျာကျောင်းတွေရှိတယ်။ အဲဒီလိုနေရာတွေကနေစပြီး အခြေခံသင်တန်းလေးတွေက သိုက်သိုက်မြိုက်မြိုက်လုပ်ပေးရင်တော့ အဆင့်တစ်ခုကို ရောက်လာမယ်လို့ ယုံကြည်ပါတယ်။

**မမိုးအိအိနိုင်**
**ပတ္တလားအတီးပြိုင်ပွဲဝင်**
**ပဲခူးတိုင်းဒေသကြီး**

ကျွန်မရဲ့ပတ္တလား အတီးအတတ်ပညာအတွက် ပထမဆုံးသင်ကြားပေးတဲ့ လက်ဦးဆရာကတော့ ဘိုးဘိုးကြီးအဘစိန်မြအောင်ဖြစ်ပါတယ်။ ပတ္တလားပညာကို စပြီးသင်ယူခဲ့တာလေးငါးနှစ်ရှိပါပြီ။ အခုပတ္တလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင် ဖြစ်တာကတော့ ကျွန်မကိုယ်တိုင်ဝါသနာပါလို့ ယှဉ်ပြိုင်ဖြစ်တာပါ။ ကျွန်မယှဉ်ပြိုင်ရတာကတော့ မဲကျတဲ့သီချင်းကို ယှဉ်ပြိုင်ရတာပါ။ ပတ္တလားအတတ်ပညာကို သင်ကြားဖြစ်တာကတော့ ငြိမ့်ညောင်းသာယာတဲ့ဂီတအမျိုးအစားလို့ ယူဆတာလည်း ပါပါတယ်။


ဂီတစာဆို တေးကဗျာမင်းယု


မမိုးအိအိနိုင်


မဆောင်းရနံ့


စိန်တင်အောင်

ဒီပတ္တလားအတီးအတတ်ပညာက နိုင်ငံခြားတိုင်းပြည်တွေမှာလည်း မရှိဘူးလေ။ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဆက်လက်ပြီး ထိန်းသိမ်းရာလည်း ရောက်တယ်ဆိုတဲ့သဘောမျိုးနဲ့ သင်ကြားဖြစ်ခဲ့တာပါ။ အခု ကျင်းပနေတဲ့ (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရဖို့ အချိန်ယူပြီးလည်း လေ့ကျင့်ခဲ့ရပါတယ်။ အခုလိုပြိုင်ပွဲကြီးတွေ ကျင်းပပေးတာကောင်းပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းရာရောက်သလို မြတ်နိုးတန်ဖိုးထားတတ်လာတယ်။ ဒါကြောင့်မို့ ပြိုင်ပွဲကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ပါတယ်။

ပြိုင်ပွဲအတွေ့အကြုံကတော့ (၂၂)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ စတင်ယှဉ်ပြိုင်ဖြစ်ခဲ့တာပါ။ အဲဒီပြိုင်ပွဲမှာ ဆိုင်းဝိုင်းတစ်ကိုယ်တော်နဲ့ ရွှေတံဆိပ်ဆုရခဲ့ပါတယ်။ ကျွန်မအနေနဲ့ အခုလိုအနုပညာအလုပ်တွေ လုပ်ဖြစ်တာကတော့ မျိုးရိုးအစဉ်အဆက်ကြောင့်လို့ ပြောရင်လည်း ရပါတယ်။ ကျွန်မရဲ့အဘိုးက လှည်းကူးစိန်တင်အောင်၊ အဘွားက မင်းသမီးလွတ်လပ်ရေးကြည်၊ အဖေက ဆိုင်းဆရာ စိန်မျိုးဟန်၊ အမေက ဆိုင်းဆရာမ ချိုချိုဟန်ဖြစ်ပါတယ်။ လက်ရှိပြိုင်ပွဲမှာ ဆိုင်းဝိုင်းတစ်ကိုယ်တော်နဲ့ ပတ္တလားကို အခြေခံပညာအဆင့် အသက် ၁၅-၂၀ မှာ ဝင်ရောက်ယှဉ်ပြိုင်နေတာဖြစ်ပါတယ်။ မျှော်မှန်းထားတာကတော့ ပထမဆုပါ။ ပြိုင်ပွဲဝင်အားလုံးကလည်း ဗဟိုအဆင့်ကို ရောက်လာပြီဆိုကတည်းက အားလုံးတော်ကြတာဖြစ်လို့ ဘယ်သူပဲရရ ကျေနပ်ဝမ်းမြောက်ပါတယ်။

**မဆောင်းရနံ့**
**အခြေခံပညာအဆင့် စန္ဒရားအတီးပြိုင်ပွဲဝင်**
**ကချင်ပြည်နယ်**

ကျွန်မကတော့ အသက် ၁၅-၂၀ အမျိုးသမီးစန္ဒရား အတီးပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နေတာဖြစ်ပါတယ်။ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရာပြည့်ကိုယ်ပိုင်ကျောင်းမှာ ပညာသင်ကြားရင်းနဲ့ အခု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို လာရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ စန္ဒရားအတီးပညာကို အသက် ခုနစ်နှစ်လောက်ကတည်းကစပြီး သင်ယူခဲ့တာဖြစ်ပါတယ်။ စန္ဒရားပညာကို သင်ယူလာတာလည်း ခုနစ်နှစ်လောက်ရှိသွားပါပြီ။ အခုပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ရတာ ကိုယ့်ကိုယ်ကိုယ်တော့ ကျေနပ်အားရမှု ရှိပါတယ်။ ပြိုင်ပွဲကြီးကျင်းပပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ မျိုးဆက်သစ်လူငယ်တွေ အနေနဲ့လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ဆက်လက်ထိန်းသိမ်းသင့်ကြောင်းလည်း ပြောလိုပါတယ်။ အခုလို အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွေကို နှစ်စဉ်နှစ်တိုင်းကျင်းပပေးသွားမယ်ဆိုရင် အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းရာရောက်သလို မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေလည်း ပျောက်ပျက်မသွားဘဲ အရှည်သဖြင့် တည်တံ့နေလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ချိန်မှာ အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးက အနုပညာရှင်တွေ ဘယ်လိုတီးလည်းဆိုတာတွေလည်း အတွေ့အကြုံတွေ အများကြီးရပါတယ်။ ပြိုင်ပွဲဝင်ဖို့အတွက် နှစ်လလောက် လေ့ကျင့်ခဲ့ရပါတယ်။ အခုပြိုင်ပွဲဝင်ခဲ့တာကတော့ အတိုင်းမသိမင်္ဂလာဘွဲ့သီချင်းနဲ့ ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။

**စိန်တင်အောင်**
**ဆိုင်းအတီးပြိုင်ပွဲနည်းပြ**
**ပဲခူးတိုင်းဒေသကြီး**

ဆိုင်းဝိုင်းတစ်ခု အုပ်စုတည်ထောင်နိုင်ဖို့ သိန်းရာကျော် ရင်းနှီးရပါတယ်။ အဆို၊ အက၊ အတီးအမှုတ်ပညာရှင်တွေကိုလည်း စုစည်းရပါတယ်။ ဖွဲ့စည်းထားတဲ့ ပညာရှင်တွေကို အဆင်ပြေရပ်တည်နိုင်ဖို့ ပွဲချီစိတ်ဖို့လည်း လိုတယ်။ ပွဲချီစိတ်စိတ်ရဖို့ဆိုရင် ပရိသတ်အကြိုက် ယနေ့ဖြစ်ပေါ်နေတဲ့ ခေတ်အကြိုက်တွေ ထည့်ပေးရပါတယ်။ မိရိုးဖလာ စီးဆင်းမှုနဲ့ ဝါသနာအရ ပြောရရင် နန်းတွင်းဖျော်ဖြေမှုပုံစံ ငြိမ့်ညောင်းသာယာပြီး အဆင့်မြင့်တီးကွက်တွေနဲ့ ဖျော်ဖြေချင်ပါတယ်။ ဒါပေမဲ့ ပရိသတ်မစုံခင် နောက်ပရိသတ်များ လျော့ပါးသွားချိန်တွေမှာ ဒီရိုးရာတီးကွက်တွေကို ဖွင့်ချတီးခတ်ရတာ အလွန်ပဲဝမ်းနည်းခံစားရပါတယ်။ ဒါပေမဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ ဆိုင်းနည်းပြအနေနဲ့ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုတာဝန်ယူရပြီး မျိုးဆက်သစ်တွေကို တစ်တပ်တစ်အားပြုစုပျိုးထောင်ပေးရတာ အနာဂတ်အတွက် မျှော်လင့်ချက်တစ်ခုလို့ ခံယူထားပါတယ်။

မြန်မာ့ယဉ်ကျေးမှုသည် သမိုင်းအဆက်ဆက်ကို ဖြတ်ကျော်လျက် မြန်မာတို့၏ ၁၀ မျိုးသောပန်းအတတ်ပညာတို့သည်လည်းကောင်း၊ ဆို၊ က၊ ရေး၊ တီးဟူ၍ အနုသုခုမပညာရပ်တို့သည်လည်းကောင်း ပညာအမွေခွဲဝေပေးသူ၊ ဆက်ခံသူတို့၏ ကျေးဇူးကြောင့် ယနေ့တိုင်တွေ့မြင်ခံစားရလျက်ရှိပေသည်။ နည်းပညာခေတ်၏ ထိုးဖောက်လွှမ်းမိုးမှုတို့ကို ဟန့်တား၍ မိမိတို့၏ မြန်မာတိုင်းရင်းသားညီအစ်ကိုတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ ယဉ်ကျေးမှုစံနှုန်းများကို စောင့်ရှောက်ထိန်းသိမ်းရန် အနာဂတ်မျိုးဆက်သစ်များကို ၁၉၉၃ ခုနှစ်မှသည် ယနေ့ (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအထိ မွေးထုတ်ဖော်ဆောင်လျက်ရှိပါကြောင်း။

**တွေ့ဆုံမေးမြန်း - အလင်းသစ်၊ နေမျိုး**
**ဓာတ်ပုံ - ကိုကိုနေ**

---

**☆ ကျောဖုံးမှ**

ငွေဆောင်ကမ်းခြေတွင် ဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ အနားယူနိုင်ရေး၊လုံခြုံမှုရှိစေရေး၊ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးတို့အတွက်မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်အပါအဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်မြေခံတပ်စခန်း၊ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့လုံခြုံရေးအဖွဲ့များမှ လမ်းဆုံလမ်းခွများနှင့် လူစည်ကားရာနေရာများတွင် လုံခြုံရေးများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး ကမ်းခြေသန့်ရှင်းသာယာလှပရေး၊ ကမ်းခြေဈေးရောင်းချသည့်ဈေးသည်များ သတ်မှတ်စည်းကမ်းနှင့်အညီ ရောင်းချမှုရှိစေရေးတို့အတွက် ငွေဆောင်မြို့ ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငွေဆောင် ( ပြန်/ဆက် )

**❍ ကယ်ဗာလီဝင်မှ**

ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ အခုဘောလုံးရာသီ ပရီမီယာလိဂ် ၁၀ ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ အဲဗာတန်အသင်းအတွက် သုံးပွဲမြောက်နိုင်ပွဲဖြစ်ပြီး လက်ရှိအချိန်မှာ ရမှတ် ၁၀ မှတ်နဲ့ ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့် ၁၅ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**အဆင့်ကိုးနေရာမှာ ရပ်တည်နေ**

ဝက်စ်ဟမ်းအသင်းကတော့ အဲဗာတန်အသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် ပရီမီယာလိဂ် ၁၀ ပွဲကစားပြီးချိန်မှာ ရမှတ် ၁၄ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်ကိုးနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နေတဲ့အသင်းကတော့ စပါးအသင်းဖြစ်ပြီး ရှက်ဖီးလ်ယူနိုက်တက်အသင်းကတော့ ပရီမီယာလိဂ် ၁၀ ပွဲကစားပြီးချိန်မှာ နိုင်ပွဲတစ်ပွဲမှ ရရှိသေးခြင်းမရှိဘဲ အမှတ်ပေးဇယားအဆင့်အောက်ဆုံးမှာ ရပ်တည်နေတာဖြစ်ပါတယ်။

အောက်တိုဘာ ၂၉ ရက်ညပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ အက်စ်တွန်ဗီလာအသင်းက လူတန်တောင်းအသင်းကို ၃ ဂိုး- ၁ ဂိုး၊ ဘရိုက်တန်အသင်းက ဖူလ်ဟမ်အသင်းကို ၁ဂိုး - ၁ဂိုး၊ လီဗာပူးအသင်းက နော့တင်ဟမ်ဖောရက်စ်အသင်းကို ၃ဂိုး - ဂိုးမရှိစသဖြင့် ရလဒ်အသီးသီးထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် အောက်တိုဘာ ၂၉

ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

# Online လောင်းကစားနှင့် လိမ်လည်မှုများသည် မြန်မာနိုင်ငံမှ တရုတ်ပြည်သူများအား လိမ်လည်ခြင်းမဟုတ်သလို တရုတ်နိုင်ငံမှလည်း မြန်မာပြည်သူများအား လိမ်လည်ခြင်းမဟုတ်ဘဲ ရာဇဝတ်မှုကျူးလွန်ထားသော ပြည်ပြေးလူလိမ်တစ်စုနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က လုပ်ဆောင်နေခြင်းဖြစ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Phoenix New Media မှ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် လာရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုအကျဉ်းချုပ်အား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-**

**Phoenix Media** ။ အခုလို လာရောက်ဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း** ။ အခုလို လာရောက်မေးမြန်းတဲ့အတွက် ကျေးဇူးတင်ပါတယ်။ တရုတ်နိုင်ငံမှ မီဒီယာများထဲမှ နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တွေ့ဆုံခွင့်ရတဲ့ မီဒီယာလို့မှတ်မိနေပါတယ်။ အဲဒီအချိန်က မြန်မာ့နိုင်ငံရေးကို စိတ်ဝင်စားတဲ့အချိန်မှာ Interview ရိုက်ကူးခဲ့တာဖြစ်လို့ အောင်မြင်ခဲ့ကြောင်း သိရပါတယ်။ မြန်မာနိုင်ငံရဲ့ အခြေအနေမှန်ကိုသိရဖို့ လာရောက်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။




**မေး ။ မြန်မာနိုင်ငံမြောက်ပိုင်းမှာ Online လိမ်လည်မှုတွေကို ဘယ်အချိန်မှာ စတင် သိခဲ့ပါသလဲ။**

**ဖြေ** ။ ၂၀၂၀-၂၀၂၁ မြန်မာနိုင်ငံမတိုင်မီ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်နိုင်ငံတို့မှာ ဖြစ်ပွားခဲ့ပြီး ၂၀၂၁-၂၀၂၂ ကူးချိန်မှာ မြန်မာနိုင်ငံကို ရောက်လာခဲ့တာတွေ့ရပါတယ်။ အဲဒီလောင်းကစားလုပ်ငန်းလုပ်ကိုင်ကြတဲ့သူတွေဟာ ကမ္ဘောဒီးယားနိုင်ငံကနေ ပြေးလာပြီး မြန်မာနိုင်ငံတောင်ပိုင်းမှာရှိတဲ့ ရွှေကုက္ကိုလ်ဒေသမှာ လုပ်နေပြီဆိုတဲ့ သတင်းရရှိခဲ့ပါတယ်။ အနောက်နိုင်ငံတွေကလည်း ရွှေကုက္ကိုလ်ဟာ တရုတ်အစိုးရရဲ့မူဝါဒအရ ဆောက်ခဲ့တာဆိုပြီး ဝါဒဖြန့်ခဲ့တာကြောင့် တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား အထင်အမြင်လွဲမှားမှုတွေဖြစ်ခဲ့ပါတယ်။ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ ပူးပေါင်းဆောင်ရွက်ခဲ့တယ်ဆိုပြီး စွပ်စွဲခဲ့လို့လည်း ကျွန်တော်ကိုယ်တိုင်ပဲ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ရှင်းလင်းခဲ့ရပါတယ်။ အဲဒီရွှေကုက္ကိုလ်စီမံကိန်းကို တည်ဆောက်ခွင့်ပိတ်ပြီးနောက်မှာ မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့တွေဆီကို ရောက်လာခဲ့တာလည်းဖြစ်နိုင်ပါတယ်။ ၂၀၂၁-၂၀၂၂ အကူးမှာမှ မြန်မာနိုင်ငံမြောက်ပိုင်းမှာ Online လောင်းကစားမှုတွေ လုပ်နေပြီဆိုတာသိခဲ့ရပါတယ်။ မြန်မာအစိုးရအနေနဲ့လည်း ၂၀၂၂ ခုနှစ်ကစပြီး ခြေရာခံ၊ ဖမ်းဆီးမှုတွေပြုလုပ်ခဲ့ပါတယ်။ သူတို့အနေနဲ့ တရုတ်ဘက်တင်မကဘဲ မြန်မာဘက်ကိုပါ ပစ်မှတ်ထားလုပ်ဆောင်တာကိုလည်း တွေ့ပါတယ်။ Online မှာ လုပ်တာဆိုတော့ ထင်ရှားတာမရှိဘဲ အနေချောင်နိုင်ငံ၊ ချောင်တဲ့နေရာမှာ လုပ်တာလည်း ဖြစ်ပါတယ်။

**မေး ။ Online လောင်းကစားမှုတွေ လုပ်ဆောင်နေတာကိုသိသိချင်း ဘယ်လိုစီမံမှုတွေ ပြုလုပ်ခဲ့ပါသလဲ။ ပူးပေါင်းဆောင်ရွက်မှုဟာ မြန်မာနိုင်ငံဘက်က စတင်ခဲ့တာလား၊ တရုတ်နိုင်ငံဘက်က စတင်ခဲ့တာလား။**

**ဖြေ** ။ မြန်မာနိုင်ငံဘက်ကတော့ ဆိုရှယ်မီဒီယာကနေ စတင်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ခြေရာခံပြီး စုံစမ်းခြင်း၊ လက်လှမ်းမီရင် ဆက်သွယ်ရေးဥပဒေ၊ လောင်းကစားဥပဒေနဲ့ အရေးယူခဲ့ပါတယ်။ သာမန်အနေအထားနဲ့သာ လုပ်ဆောင်နိုင်ခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် မလုပ်ဆောင်နိုင်ခဲ့ပါဘူး။ တရုတ်နိုင်ငံဘက်မှ အကြောင်းကြားလာမှသာ နှစ်နိုင်ငံပူးပေါင်းပြီး အရှိန်အဟုန်နဲ့ နှိမ်နင်းတာတွေ လုပ်ဆောင်ခဲ့ပါတယ်။

**မေး ။ Online ပေါ်မှာ သိတဲ့တစ်ယောက်က သူ ထိန်းချုပ်ခံရတယ်လို့ လူကြီးတွေကို သိအောင်ပြောပေးပါဆိုပြီး ပြောပါတယ်။ ပူးပေါင်းဆောင်ရွက်တဲ့ လုပ်ဆောင်မှုများကို ပြောပေးပါ။ ဖမ်းဆီးခဲ့တာ ဘယ်လောက်သိမ်းဆည်းရမိခဲ့ပါသလဲ။ တရုတ်လူမျိုး၊ မြန်မာလူမျိုး ဘယ်နှဦး ပါပါသလဲ။**

**ဖြေ** ။ ဖမ်းဆီးရမိခဲ့တာတော့ ၁၀၀၀ နီးပါးရှိပြီး တကယ်ပြစ်မှုကျူးလွန်တာကတော့ သုံးရာနီးပါးရှိပါတယ်။ မြန်မာလူမျိုး ၅၀ ကျော်ပါဝင်ပြီး တရုတ်လူမျိုးရော အဲဒီဒေသမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်တွေပါ ပါဝင်ပါတယ်။ အသေးစိတ်ကိုတော့ သက်ဆိုင်ရာဌာနတွေက ပြောပြပေးမှာ ဖြစ်ပါတယ်။ ဆက်ပြီးလုပ်ဆောင်မှာတွေကို ပြောပြပါမယ်။ နံပါတ်(၁)အနေနဲ့ မြန်မာနိုင်ငံရဲ့ မူဝါဒကတော့ မြန်မာ့မြေကိုသုံးပြီး အိမ်နီးချင်းနိုင်ငံတွေရဲ့ အကျိုးစီးပွားကို ထိခိုက်စေမယ့်လုပ်ငန်းမျိုး၊ အဖျက်အမှောင့်လုပ်ငန်းမျိုး၊ မီဒီယာကနေ ဝါဒဖြန့်တာမျိုး၊ လိမ်လည်လောင်းကစားခြင်းမျိုးတွေကို လုံးဝလက်မခံဘဲ တိုက်ဖျက်သွားမှာ ဖြစ်ပါတယ်။ နံပါတ်(၂)အနေနဲ့ Online လောင်းကစားလိမ်လည်မှုတွေနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံ ပူးပေါင်းပြီး အမြစ်ပြတ်အောင်လုပ်မယ်လို့ ကျွန်တော်တို့ သန္နိဋ္ဌာန်ချထားပါတယ်။ ဒီနှစ်အောက်တိုဘာလ ၁၅ ရက်မှာလည်း တရုတ်နိုင်ငံရဲ့ အာရှရေးရာ အထူးကိုယ်စားလှယ်နဲ့ ကျွန်တော်တို့နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ တွေ့ဆုံဆွေးနွေးရာမှာလည်း မြန်မာနိုင်ငံမှာဖြစ် နေတဲ့ Online လိမ်လည်မှုတွေကို အမြစ်ပြတ်အောင် ဆောင်ရွက်မယ်လို့ သန္နိဋ္ဌာန်ချမှတ်ထားပါတယ်။

**မေး ။ ယခုအချိန် Online လိမ်ညာနေတဲ့အဖွဲ့ ဘယ်နှဖွဲ့လောက် ဖမ်းဆီးထားလဲ။ တရုတ်နိုင်ငံက ထိခိုက်သူတွေအပေါ်ကို ဘယ်လိုဆောင်ရွက်ပေးဖို့ ရှိပါသလဲ။**

**ဖြေ** ။ "ဝ"နဲ့ မိုင်းလား၊ ကိုးကန့်နယ်မြေတွေမှာ ဖမ်းဆီးရမိခဲ့တာ ဖြစ်ပါတယ်။ အဆိုပါဒေသတွေဟာ အထူးဒေသတွေဖြစ်ပါတယ်။ "ဝ"နဲ့မိုင်းလားဒေသဟာ ကျွန်တော်တို့ အစိုးရရဲ့ ထိန်းချုပ်မှုအောက်မှာ မရှိတာကြောင့် တရုတ်နိုင်ငံဘက်မှ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကိုးကန့်ဒေသကတော့ ကျွန်တော်တို့ ထိန်းချုပ်မှုအောက်မှာရှိလို့ ဖမ်းဆီးရမိတာတွေကို တရုတ်နိုင်ငံဘက်ကို ပို့ဆောင်ပေးလျက်ရှိပါတယ်။ "ဝ"နဲ့ မိုင်းလား ဒေသဟာ တရုတ်အစိုးရနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး ဆောင်ရွက်တာဖြစ်တဲ့အတွက် ငွေကြေးပမာဏ ဘယ်လောက်လဲဆိုတာတော့ ကျွန်တော်မသိပါဘူး။

**မေး ။ အခုထပ်ပြီး ဘယ်နှနေရာရှိပါသလဲ။ နှိမ်နင်းဖို့ ဘယ်လောက်ကြာမယ်ဆိုတာကို တရုတ်ပြည်သူတွေက အရေးတကြီး သိချင်နေပါတယ်။**

**ဖြေ** ။ တရုတ်နိုင်ငံကအထူးကိုယ်စားလှယ်လာရောက်ချိန်မှာ ဒီနှစ်အကုန် အမြစ်ပြတ်ချေမှုန်းဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ Online လောင်းကစားနဲ့ လိမ်လည်မှုဟာ ဒီမှာနှိမ်နင်းပြီးရင်လည်း ဘယ်ကို ရွှေ့ပြောင်းသွားမလဲဆိုတာ ခန့်မှန်းလို့မရပါဘူး။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံပူးပေါင်းပြီး လုပ်ဆောင်လို့ရတဲ့နေရာတွေမှာ ပူးပေါင်းစစ်ဆင်ရေးတွေ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**မေး ။ အများဆုံးဖမ်းဆီးရမိတဲ့ ဖူအာမြို့ဘက်ကရဲတွေက ၂၃၀၀ ကျော်ဖမ်းဆီးရမိပြီး လူတစ်ရာကျော်က ထွက်ပြေးနေတယ်လို့ သိရပါတယ်။ အစိုးရက ပါဝင်ပတ်သက်ခဲ့ပါသလား။ ဘယ်လို နှိမ်နင်းခဲ့ပါသလဲ။**

**ဖြေ** ။ "ဝ"နဲ့ မိုင်းလားဟာ အစိုးရရဲ့ကွပ်ကဲမှုအောက်က လွတ်မြောက်နေပြီး အထူးဒေသဖြစ်တာကြောင့် သူတို့ဟာ သူတို့ရဲ့ လက်နက်ကိုင်တပ်တွေနဲ့ သူတို့နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံအတွက် လောင်းကစားထက်ပိုပြီး ပြဿနာကြီးတာဖြစ်ပါတယ်။ "ဝ"နဲ့ မိုင်းလားဘက်မှာ မြန်မာအစိုးရရဲ့ နိုင်ငံ့ဝန်ထမ်းတစ်ဦးမှ မရှိပါဘူး။ "ဝ"နဲ့ မိုင်းလားမှာ တရုတ်စကားပြောတတ်သူသာများပြီး မြန်မာစကားပြောတတ်သူရှားပါတယ်။ တရုတ်ယွမ်ငွေကိုသာ အသုံးပြုပြီး မြန်မာကျပ်ငွေမသုံးတာလည်း သိပါတယ်။ အဲဒီအခြေအနေကို တရုတ်အစိုးရက သိမယ်ထင်ပါတယ်။ "ဝ"နဲ့ မိုင်းလားဘက်ကို တရုတ်စကားမတတ်ဘဲ ဝင်လို့မရပါဘူး။ UWSA နဲ့ မိုင်းလား လက်နက်ကိုင်အဖွဲ့တွေ ပါဝင်နေပါတယ်။ နောက်တစ်ခုက တရုတ်နိုင်ငံထဲက ဖူအာနဲ့ကူမင်းမြို့ပေါ်မှာ "ဝ"နဲ့ မိုင်းလားခေါင်းဆောင်တွေရဲ့ ပိုင်ဆိုင်မှုတွေရှိပါတယ်။ မေးကြည့်ရင်သိနိုင်ပါတယ်။

**မေး ။ ဒီမှာရှိနေတဲ့ လိမ်ညာမှုတွေထဲမှာ တိုင်းရင်းသား အကြမ်းဖက်တွေရောပါလား။ သူတို့ ထောက်ခံအားပေးတဲ့သူတွေပါလား။ မြန်မာအစိုးရရောပါလား။**

**ဖြေ** ။ "ဝ"နဲ့ မိုင်းလားကိစ္စမှာ မြန်မာအစိုးရက ပါဝင်မှုမရှိပါဘူး။ "ဝ"နဲ့ မိုင်းလား လက်နက်ကိုင်အဖွဲ့ဆိုတာ အပစ်ရပ်ထားတာကြောင့် တပ်ကဝင်လို့မရပါဘူး။ တပ်ကဝင်တာနဲ့ တိုက်ပွဲဖြစ်ပြီး ငြိမ်းချမ်းရေးပျက်စီးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် တပ်အနေနဲ့ ဝင်ရောက်ခြင်းမပြုတာဖြစ်ပါတယ်။ ခင်ဗျားအနေနဲ့ Online လောင်းကစားကို ကြီးကျယ်တဲ့ကိစ္စလို့ ထင်တာလား။ အရင်က "ဝ"နဲ့ မိုင်းလားဒေသမှာ မူးယစ်ဆေးဝါးစိုက်ပျိုးခဲ့တာကြောင့် ၁၉၉၀-၁၉၉၁ ခုနှစ်မှာ အမေရိကန်က "ဝ"ခေါင်းဆောင်တွေအားလုံးနီးပါးကို DEA ရဲ့မူးယစ်ဆေးတရားခံတွေအဖြစ် ကမ္ဘာသိကြေညာခဲ့ပါတယ်။ အဲဒီဒေသမှာ ဗကပတွေ ကြီးစိုးခဲ့တဲ့ဒေသဖြစ်ပြီး ဘိန်းစိုက်ပျိုးမှုတွေ ရှိခဲ့ပါတယ်။ အဲဒီနောက်မှာ ခွဲထွက်ပြီး မြန်မာအစိုးရနဲ့ ငြိမ်းချမ်းရေးရယူကာ အထူးဒေသအဖြစ်ဆောင်ရွက်နေတာဖြစ်ပါတယ်။ သူတို့ဟာ မြန်မာတိုင်းရင်းသားများသာဖြစ်ပါတယ်။ သို့သော် အစိုးရရဲ့ထိန်းချုပ်မှုအောက်မှ လွတ်နေပါတယ်။ မြန်မာအစိုးရရဲ့ ထိန်းချုပ်မှုအောက်မှာရှိတဲ့ "ဝ"နယ်မြေနဲ့ UWSA ရဲ့ "ဝ"နယ်မြေဆိုတာ ရှိပါတယ်။ ဒီပြဿနာတွေမဖြစ်ခင် ဘိန်းဖြူပြဿနာဖြစ်ခဲ့ပါတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့က ဘိန်းပပျောက်ရေးအတွက် ဖိအားပေးခဲ့တာကြောင့် ဘိန်းပပျောက်ပြီး ရာမ ရူးသွပ်ဆေးပြားများ ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒါကိုလည်း မြန်မာနဲ့တရုတ် ပူးပေါင်းပြီးနှိမ်နင်းခဲ့ရပါတယ်။ အခု တတိယအကြိမ်ကတော့ Online လိမ်ညာမှု ထွက်ပေါ်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားတွေဖြစ်တာကြောင့် "ဝ"နဲ့ မိုင်းလား ခေါင်းဆောင်တွေနဲ့ ငြိမ်းချမ်းရေးစကားပြောကြားနေပါတယ်။ "ဝ"နဲ့ မိုင်းလားခေါင်းဆောင်တွေရဲ့ပိုင်ဆိုင်မှုက မြန်မာဘက်မှာ မရှိပါဘူး။ တရုတ်ဘက်မှာပဲ ရှိပါတယ်။ ဒါကို တရုတ်ပြည်သူတွေကိုလည်း သိစေချင်ပါတယ်။ အဖြစ်မှန်က ခင်ဗျားပြောတဲ့ Online လောင်းကစားကရတဲ့ငွေ ဘယ်ရောက်လဲဆိုတာက သူတို့လက်ထဲမှာပဲရှိနိုင်ပါတယ်။ "ဝ"ခေါင်းဆောင်တွေရဲ့ ပိုင်ဆိုင်မှုကို တရုတ်နိုင်ငံ ဖူအာမြို့မှာရှိတဲ့ ပြည်သူတွေကို မေးကြည့်ရင်သိပါတယ်။ ဒါကြောင့် "ဝ"တွေကို တရုတ်အစိုးရက ပံ့ပိုးပေးထားတယ်။ ဘိန်းစိုက်တယ်လို့ အမေရိကန်က စွပ်စွဲတာပဲဖြစ်ပါတယ်။ အဲဒီနယ်ထဲမှာ (၁)ဘိန်းဖြူ၊ (၂) WY ဆေးပြား၊ (၃) Online လိမ်လည်မှုတွေ ဖြစ်ခဲ့ပါတယ်။ ဘာလို့ သမိုင်းကြောင်းကို ပြန်ပြောလဲဆိုရင် တရုတ်နိုင်ငံသူ နိုင်ငံသားတွေသိဖို့ လိုအပ်လို့ပါ။ Online လိမ်လည်မှုကနေရတဲ့ ငွေကြေးတွေ ဘယ်ရောက်နေလဲဆိုရင် "ဝ" နဲ့ မိုင်းလား ခေါင်းဆောင်တွေရဲ့ပိုင်ဆိုင်မှု မြန်မာနိုင်ငံထဲမှာ မရှိပါဘူး။ အိမ်၊ မြေကွက်၊ ကုမ္ပဏီဘယ်လောက်ရှိလဲဆိုတာ ဖူအာနဲ့ ကူမင်းမှာရှိတဲ့ ပြည်သူတွေကို မေးကြည့်ရင် ပေါ်လာပါလိမ့်မယ်။

**မေး ။ မြန်မာအစိုးရအနေနဲ့ တရုတ်အစိုးရနဲ့ပေါင်းပြီး ဒီ "ဝ"နဲ့ မိုင်းလားဒေသကို ဖြေရှင်းဖို့ ဘယ်လိုစီစဉ်ထားလဲ။**

**ဖြေ**။ "ဝ"နဲ့ မိုင်းလားကို (၁)တရားဥပဒေနဲ့အညီနေထိုင်ဖို့၊ (၂)တရားဝင်တဲ့ စီးပွားရေးလုပ်ငန်းတွေသာ လုပ်ကိုင်ဖို့၊ (၃)အဲဒီဒေသအတွင်း မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေးအဖွဲ့တွေဖြစ်တဲ့ ရဲ၊ လဝက၊ အကောက်ခွန်တို့ပေးဝင်ဖို့ တရုတ်နဲ့ မြန်မာနှစ်နိုင်ငံပေါင်းပြီး ဖိအားပေးရမှာဖြစ်ပါတယ်။

**မေး ။ အခုလို ပူးပေါင်းဆောင်ရွက်ဖြေရှင်းတယ်ဆိုတာ ကောင်းပါတယ်။ မြန်မာအစိုးရကသူတွေ ဒီ Online လိမ်လည်မှုမှာ မပါဝင်ဘူးဆိုရင် ဘယ်သူတွေက ပါဝင်နေလဲ။**

**ဖြေ** ။ အဓိကကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ Online လိမ်လည်တဲ့သူတွေကို ကာကွယ်ပေးနေတာ ဖြစ်ပါတယ်။ အဲဒီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကိုလည်း ပါဝင်ပတ်သက်ခြင်းမပြုဖို့ သတိပေးထားပြီးဖြစ်ပါတယ်။ အစိုးရဝန်ထမ်းများအနေနဲ့ လာဘ်ပေးလာဘ်ယူမှုများ ရှိနိုင်ပါတယ်။ ရှိခဲ့ရင်လည်း ပြင်းပြင်းထန်ထန်အရေးယူဖို့ ဆောင်ရွက်နေပါတယ်။ **စာမျက်နှာ ၁၄ သို့** ❑

❑ စာမျက်နှာ ၁၃ မှ

**မေး ။ တကယ်လို့များ မြန်မာဝန်ထမ်းတွေ ပါဝင်ရင် ဘယ်လိုဥပဒေအရ ဖြေရှင်းပေးမှာလဲ။**

ဖြေ ။ Online၊ လောင်းကစားဥပဒေများ ရှိပြီး ဖြစ်တဲ့အတွက် ပြင်းပြင်းထန်ထန်အရေးယူမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံက အထူးကိုယ်စားလှယ်နဲ့တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းကာ အမြစ်ပြတ်ဆောင်ရွက်မယ်လို့ ပြောထားပြီးဖြစ်ပါတယ်။

**မေး ။ အခု “ဝ” နှစ်ယောက်ကို ဖမ်းဝရမ်းထုတ်ပြန်တာ မြန်မာဘက်က သိပါသလား။**

ဖြေ ။ “ဝ”ဒေသက UWSA အဖွဲ့ဝင် ဖြစ်ပါတယ်။ “ဝ”ဒေသမှာ အုပ်ချုပ်နေတဲ့ အစိုးရအဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ တရုတ်နိုင်ငံကရော မြန်မာနိုင်ငံကပါ ဖမ်းဝရမ်းထုတ်ထားပြီးဖြစ်ပါတယ်။ သူတို့အနေနဲ့ မြန်မာနိုင်ငံထဲကို ဝင်လာစရာမရှိဘဲ အလုံခြုံဆုံးက သူတို့နယ်မြေပဲဖြစ်ပါတယ်။ ဒါ့ကြောင့် သူတို့နယ်မြေထဲမှာပဲနေချင်ရင်နေ၊ ပြေးမယ်ဆိုရင်လည်း ပြည်ပနိုင်ငံဘက်ကို ထွက်ပြေးဖို့ပဲရှိပါတယ်။ တရုတ်နိုင်ငံဘက်မှ ဖိအားပေးနေပြီး မြန်မာနိုင်ငံဘက်မှဖမ်းဆီးရမိပါက တရုတ်နိုင်ငံနဲ့ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး ။ အဲဒီနှစ်ယောက်က မြန်မာ–တရုတ် ဖမ်းဝရမ်းထုတ်ထားကြောင်း သိရပါတယ်။ ဘယ်ကိုသွားမယ်လို့ထင်ပါသလဲ။ သူတို့ရဲ့လားရာနဲ့ သဲလွန်စတွေရော ဘာတွေသိထားပါသလဲ။**

ဖြေ ။ သူတို့ “ဝ” နယ်မြေထဲက ထွက်သွားတဲ့ အထောက်အထားမရှိသေးပါဘူး။

**မေး ။ ဒီနှစ်ယောက်က တရုတ်နိုင်ငံသားလည်းဖြစ်ပြီး မြန်မာနိုင်ငံသားလည်းဖြစ်နေပါတယ်။ မြန်မာနိုင်ငံမှာ နှစ်နိုင်ငံသားဖြစ်လို့ ရပါသလား။**

ဖြေ ။ တရုတ်နိုင်ငံမှာရော နှစ်နိုင်ငံသားဖြစ်လို့ ရလားလို့ မေးချင်ပါတယ်။ အဲဒါက ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ပြဿနာဖြစ်ပါတယ်။ Online လိမ်ညာမှုရဲ့ နောက်ကွယ်က နက်ရှိုင်းတဲ့ ပြဿနာဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ ဘိန်းဖြူပြဿနာ၊ ၂၀၀၀ ပြည့်နှစ်မှာ WY ဆေးပြားပြဿနာ၊ ၂၀၂၁ မှာ Online ပြဿနာဆိုပြီး ကိစ္စသုံးခုဖြစ်ခဲ့ပါတယ်။ အဲဒီနယ်မြေမှာ တရားဥပဒေစိုးမိုးရေးမလုပ်နိုင်ရင် ဒီလိုပြဿနာတွေ ဆက်ဖြစ်နေမှာပဲ ဖြစ်ပါတယ်။ ဘိန်းဖြူနဲ့ WY ပြဿနာကို တရုတ်ပြည်သူတွေ မသိခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ သူတို့က ဘိန်းဖြူနဲ့ WY ဆေးပြားကို တရုတ်ဘက်ကိုမသွင်းရဲဘဲ လာအိုနဲ့ ထိုင်းနိုင်ငံကတစ်ဆင့် အခြားနေရာတွေကို ဖြန့်တာဖြစ်ပါတယ်။ အဲဒီအဖွဲ့တွေရဲ့ စီးပွားရေးအရင်းအမြစ်ဟာ တရားမဝင်လုပ်ငန်းတွေကနေရခြင်းဖြစ်ပါတယ်။ Online လိမ်ညာမှုပြဿနာဖြစ်မှသာ တရုတ်လူမျိုးအများစု အလိမ်ခံရတာကြောင့် တရုတ်က စတင်ခံစားရတာဖြစ်ပါတယ်။ Online လိမ်ညာမှုပြဿနာကို ဖြေရှင်းရုံနဲ့ ပြီးသွားမှာမဟုတ်ပါဘူး။ နံပါတ်တစ် အဲဒီနယ်မြေမှာတရားဥပဒေစိုးမိုးမှုရှိအောင်လုပ်ရမှာ ဖြစ်ပါတယ်။ ဒါကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ နံပါတ်နှစ်အနေနဲ့ ရဲ၊ အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့တွေကို နှစ်နိုင်ငံအစိုးရက ဝင်ခွင့်ရအောင်လုပ်နိုင်မှသာ ဒီပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

**မေး ။ ပူးပေါင်းစစ်ဆင်ရေးစခန်း ဖွင့်ထားပါသလား။ အဲဒီအခြေအနေကို သိချင်ပါတယ်။**

ဖြေ ။ မြန်မာနိုင်ငံမြောက်ပိုင်းမှာ ပူးပေါင်းစစ်ဆင်ရေးစခန်းဖွင့်ထားတာမရှိပါဘူး။ တရုတ်နဲ့ မြန်မာနိုင်ငံအစိုးရ ရဲတပ်ဖွဲ့တွေရဲ့ ဆက်သွယ်ဆက်ဆံမှုကတော့ စဉ်ဆက်မပြတ်ရှိပါတယ်။ ဒီကိစ္စဟာ တရုတ်ပြည်သူတွေသာမက မြန်မာပြည်သူတွေပါ နစ်နာပြီး မြန်မာနိုင်ငံရဲ့ သိက္ခာလည်း ကျရပါတယ်။ သို့သော်သတိပြုရမှာက Online လိမ်ညာမှုကိစ္စကို ဖြေရှင်းရုံနဲ့ ဒီလိုကိစ္စတွေပြီးသွားမှာ မဟုတ်ပါဘူး။ သမိုင်းကြောင်းကို သိရမယ်၊ အရင်းအမြစ်ကိုသိရမယ်၊ ပြဿနာဖြစ်စေတဲ့ အရင်းအမြစ်ကိုသိပြီး နှစ်နိုင်ငံ ပူးပေါင်းဖြေရှင်းရမှာ ဖြစ်ပါတယ်။

**မေး ။ အခုလိုသေချာရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်။ အဲဒီအတွက် အခက်အခဲပြဿနာက ဘာရှိသလဲ။**

ဖြေ ။ “ဝ”နဲ့ မိုင်းလားနယ်မြေထဲတရားဥပဒေစိုးမိုးရေးအဖွဲ့တွေ ဝင်ရောက်ဖို့ပဲဖြစ်ပါတယ်။ သူတို့နေရာမှာ ရဲ၊ လဝက စတဲ့ အဖွဲ့တွေ အဝင်မခံပါဘူး။ ကျွန်တော်တို့ နှစ်နိုင်ငံအနေနဲ့ ဒီအတိုင်းလွှတ်ပေးထားရင် လာမယ့်နှစ်တွေမှာလည်း အခြားပြဿနာများ ဆက်ဖြစ်နေမှာဖြစ်ပါတယ်။ သူတို့ကြောင့် မြန်မာနဲ့ တရုတ်ပြည်သူတွေကြား အထင်မှားမှုတွေ ဆက်ဖြစ်နေမှာဖြစ်ပါတယ်။

**မေး ။ အခုလိုမျိုး ဖြေရှင်းပြီးရင် ဒေသခံပြည်သူတွေ စားဝတ်နေရေး ဘယ်လိုရှင်သန်မလဲ၊ ဘယ်လိုနည်းလမ်းတွေရှိပါသလဲ။**

ဖြေ ။ အဲဒီဒေသက သာမန်ပြည်သူလူထုဟာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပဲ လုပ်ပါတယ်။ “ဝ” တောင်ပိုင်းမှာ ရော်ဘာလုပ်ငန်းအဓိကလုပ်ပါတယ်။ “ဝ”နဲ့ မိုင်းလားပြည်သူတွေက စိုက်ပျိုးရေးလုပ်ငန်းနဲ့ စီးပွားရေးအခွင့်အလမ်းရှိပြီးဖြစ်တာကြောင့် စိတ်ပူစရာမလိုပါဘူး။ သာမန်ပြည်သူတွေအနေနဲ့ Online လိမ်လည်မှုနဲ့ မပတ်သက်ဘဲ ခေါင်းဆောင်ပိုင်းကသာ ပတ်သက်နေတာဖြစ်ပါတယ်။ ထွက်ပြေးနေတဲ့သူတွေဟာ “ဝ” လက်နက်ကိုင်အဖွဲ့က ခေါင်းဆောင်တွေဖြစ်ပါတယ်။ “ဝ” အကြီးအကဲ ပေါက်ယူချန်းနဲ့ ဆွေမျိုးတော်တဲ့သူလည်း ဖြစ်ပါတယ်။ “ဝ” အစိုးရအဖွဲ့ထဲမှာ ပါဝင်တဲ့သူဖြစ်ပါတယ်။ ဒါဆိုရင်ခင်ဗျားတို့ ရိပ်မိမှာဖြစ်ပါတယ်။ Online လိမ်ညာမှုတွေကို သာမန်ပြည်သူတွေက မလုပ်နိုင်ဘဲ ဘယ်ကရောက်လာတာလဲ၊ ဘယ်သူတွေအကာအကွယ်ပေးနေလဲဆိုတာ သိနိုင်မယ်ထင်ပါတယ်။

**မေး ။ အခု ဒီပူးပေါင်းစစ်ဆင်ရေးလုပ်တဲ့အခါမှာ တရုတ်က အကျိုးရှိရှိလုပ်ဆောင်မယ်ထင်ပါသလား။**

ဖြေ ။ ဒီကိစ္စနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်နဲ့သာမက ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးတို့နဲ့လည်း တွေ့ပြီးဖြစ်ပါတယ်။ တရုတ်အစိုးရရဲ့ ထောက်ပံ့ကူညီမှုအများကြီးရခဲ့ပါတယ်။ တရုတ်နိုင်ငံဘက်ကလည်း မြန်မာအစိုးရရဲ့ပူးပေါင်းမှုကို အားရမှုရှိပါတယ်။ တရုတ်အစိုးရအနေနဲ့ ဒီကိစ္စကို တရုတ်ပြည်သူတွေနစ်နာမှုရှိလို့ တရုတ်အစိုးရက အရေးကြီးကိစ္စအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မြန်မာပြည်သူတွေနစ်နာမှုရှိသလို သိက္ခာလည်း ကျတာဖြစ်လို့ တရုတ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီဟာတွေ လုပ်ဆောင်တာဟာ သာမန်တရုတ်၊ မြန်မာပြည်သူတွေ မဟုတ်ပါဘူး။ တရုတ်နဲ့နိုင်ငံတကာမှာ ရာဇဝတ်မှုဖြစ်ပြီး တိမ်းရှောင်ထွက်ပြေးနေရတဲ့ လောင်းကစားလုပ်နေတဲ့သူတွေက ဦးဆောင်နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံထဲက အပြစ်ရှိတဲ့သူလဲရှိတယ်၊ တရုတ်နိုင်ငံထဲက အပြစ်ရှိတဲ့ သူလည်းရှိတယ်။ တရုတ်တွေက မြန်မာတွေကို လိမ်တာ မဟုတ်သလို မြန်မာတွေက တရုတ်ကို လိမ်တာလည်းမဟုတ်ပါဘူး။ ရာဇဝတ်မှု ကျူးလွန်ထားပြီး အပြစ်ရှိတဲ့ ပြည်ပြေးလူတစ်စုက ကျွန်တော်တို့ နှစ်နိုင်ငံလုံးကို လိမ်နေတာဖြစ်ပါတယ်။ အပြစ်ရှိတဲ့သူတွေကို ဖော်ထုတ်အရေးယူရမှာဖြစ်ပါတယ်။ အကာအကွယ်ပေးသူတွေကိုလည်း အရေးယူရမှာဖြစ်ပါတယ်။ နှစ်နိုင်ငံ နယ်စပ်မှာရှိတဲ့ ပြဿနာဖြစ်နိုင်တဲ့နယ်မြေတွေကို တရားဥပဒေစိုးမိုးအောင် ဆောင်ရွက်ရပါမယ်။ ဒါမှ နှစ်နိုင်ငံရဲ့ ရေရှည်ချစ်ကြည်ရေး ခိုင်ခန့်မှာဖြစ်ပါတယ်။

**မေး ။ အခုနှစ်နိုင်ငံက အစည်းအဝေးလုပ်ပြီး ဖြေရှင်းနေတယ်ဆိုတော့ ဘယ်လိုနည်းလမ်း စီမံချက်တွေနဲ့ ဆောင်ရွက်နေပါသလဲ။**

ဖြေ ။ (တစ်)နှစ်နိုင်ငံ သတင်းအချက်အလက်ဖလှယ်တာရှိပါတယ်။ (နှစ်)နှစ်နိုင်ငံ Online စောင့်ကြည့်ရေးအဖွဲ့တွေဖွဲ့ပြီး စောင့်ကြည့်နေပါတယ်။ (သုံး)လက်တွေ့ ဖမ်းဆီးမှုရှိပါတယ်။ တရုတ်နိုင်ငံက မြန်မာဘက်မှာ သံသယရှိတဲ့ စာရင်းပေးရင် လာတဲ့လမ်းကြောင်းစုံစမ်းပြီး လိုက်လံဖမ်းဆီးတာတွေရှိပါတယ်။ အချို့လူတွေက တရားဥပဒေချိုးဖောက်တာ ခိုင်လုံရင်ဖမ်းဆီးပါတယ်။ မခိုင်လုံရင် စောင့်ကြည့်တာ မေးမြန်းတာတွေလုပ်ပါတယ်။ ပေးလို့ရတဲ့ အချက်အလက်တွေ အပြန်အလှန်ပေးပို့ပြီး တိုက်ဆိုင်စစ်ဆေးတာရှိပါတယ်။ ဒီသတင်းအချက်အလက်တွေကိုကြည့်ပြီး နှစ်နိုင်ငံဘာဆက်လုပ်ရမလဲဆိုတာ ဆွေးနွေးတာရှိပါတယ်။ အဲဒီအပေါ်မူတည်ပြီး နှိမ်နင်းဖမ်းဆီးတာတွေ ဆောင်ရွက်ပါတယ်။

**မေး ။ အဲဒါဆိုရင် ကွင်းဆင်းဖမ်းဆီးဖို့ ရှိပါသလား။**

ဖြေ ။ အဲဒါကို ကျွန်တော်ပြောခဲ့ပြီးဖြစ်ပါတယ်။ ဒီနယ်မြေကို ဒီကိစ္စတစ်ခုပဲ ကုသလို့မဖြစ်ဘူး။ တရားဥပဒေစိုးမိုးရေးအဖွဲ့တွေ ဝင်ရောက်ဖို့လိုအပ်ပါတယ်။

**မေး ။ အခုထိ ဝင်လို့မရသေးဘူးပေါ့။**


ဖြေ ။ မှန်ပါတယ်။

**မေး ။ အဲဒီကိုသွားမယ်ဆိုရင် မြန်မာအစိုးရနဲ့ ဒေသခံတွေ တိုက်ပွဲတွေရှိနိုင်ပါသလား။**

ဖြေ ။ မှန်ပါတယ်။ ဒါကြောင့် တရုတ်-မြန်မာ ပူးပေါင်းပြီး တရားဥပဒေစိုးမိုးရေးဝင်ဖို့ လိုမယ်လို့ ပြောခြင်းဖြစ်ပါတယ်။

**Phoenix Media** ။ ကျေးဇူးတင်ပါတယ်။ အခုလိုရှင်းပြပေးတာ။

(အထက်ပါ တွေ့ဆုံမေးမြန်းမှုအပြည့်အစုံအား Phoenix New Media တွင်လည်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။)







## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆဋ္ဌမမြောက်နေ့ မြင်ကွင်း










အဆင့်မြင့်ပညာ(အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေး)သီချင်းဆိုပြိုင်ပွဲတွင် သီဆိုယှဉ်ပြိုင်ကြစဉ်။




တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာအကပြိုင်ပွဲတွင် ကချင်ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အကအဖွဲ့ ကပြယှဉ်ပြိုင်စဉ်။



အခြေခံပညာ(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီး ဒုံမင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီး ဒုံမင်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီး ဒုံမင်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသား ဒုံမင်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာအကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင် အကအဖွဲ့ ကပြယှဉ်ပြိုင်စဉ်။




တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာအကပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင် အကအဖွဲ့ ကပြယှဉ်ပြိုင်စဉ်။

# ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ်ဈေးရောင်းပွဲတော်တွင် လာရောက်လည်ပတ် ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိ



ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ်ဈေးရောင်းပွဲတော်ကို ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်တွင် ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက လာရောက်လည်ပတ် ဈေးဝယ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုဈေးရောင်းပွဲတော်ရှိ ဈေးဆိုင်ခန်းများသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက လှည့်လည်ကြည့်ရှုအားပေးကြပြီး ဈေးရောင်းပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ လုပ်ငန်းရှင်များ၏ အရောင်းဆိုင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းရှင်များ၏ အရောင်းဆိုင်များတွင် ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

ပွဲတော်ရက်အတွင်း လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အလှမီးမျိုးစုံများဖြင့် လည်းကောင်း၊ မြို့နယ် ရှစ်မြို့နယ်မှ ပုံစံမျိုးစုံဖြင့် အလှဆင်ထားရှိပြီး ပူဇော်ကန်တော့ရန် ပြုလုပ်ထားသည့် ပန်းခင်းများတွင်လည်းကောင်း ပြည်သူများက မိသားစုလိုက်၊ လူငယ်များက အဖွဲ့လိုက်နှင့် တစ်ဦးချင်း အလှဓာတ်ပုံရိုက်သူများ ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိကြသည်။

ထို့အပြင် ပွဲတော်ရက်အတွင်း နေ့စဉ် E-sport ဂိမ်းပြိုင်ပွဲများ၊ စတုဒိသာကျွေးမွေးမှုများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ ဆပ်ကပ်၊ မျက်လှည့်၊ DJ၊ Dancer များ၏ ဖျော်ဖြေမှုများကို အားပါးတရ ပျော်ရွှင်စွာ ကြည့်ရှုခံစားကြသည်။

ပြည်သူများအနေဖြင့် စိတ်လက်ပေါ့ပါး ပျော်ရွှင်စွာ အလှပန်းခင်းများနှင့်အတူ မီးထွန်းပွဲကို ကြည့်ရှုခံစားရင်း ထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရန်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ရောင်းချပေးလျက်ရှိသည့် ဆန်၊ ဆီ၊ စားသောက်ကုန်များကို လာရောက်ဝယ်ယူအားပေးကြသည်။

ပွဲတော်လာပြည်သူများအတွက် သွားရေးလာရေး လွယ်ကူစေရန်အတွက် အကြို/အပို့ကားများကိုလည်း စီစဉ်ထားသဖြင့် အဆင်ပြေစွာ သွားလာလျက်ရှိကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

# လက်ပံတန်းမြို့၌ လုပ်ငန်းခွင်ပြင်ပ မတော်တဆထိခိုက်ဒဏ်ရာရ၍ သေဆုံးမှုအတွက် လူမှုဖူလုံရေး အကျိုးခံစားခွင့် ထုတ်ပေး

**လက်ပံတန်း အောက်တိုဘာ ၂၉**



ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် မြို့နယ်လူမှုဖူလုံရေးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အာမခံအလုပ်သမား ဦးအောင်မိုး၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ထုတ်ပေးခြင်းကို ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လက်ပံတန်းမြို့နယ် လူမှုဖူလုံရေးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အာမခံအလုပ်သမား ဦးအောင်မိုး၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၃၇၅၀၀၀၀ ကို အစ်မဖြစ်သူ ဒေါ်ဖြူထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအဖြစ် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ အောက်တိုဘာ ၂၉ ရက် ညနေပိုင်းက ချောတိုင်တက်ပြိုင်ပွဲ ကျင်းပစဉ်။

မျိုးသူရ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများ အနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှ တစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှ တစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၀-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၈၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၅၀ | ၂၁၃၅ | ၂၁၁၀ | ၂၂၁၀ | ၂၂၂၅ | ၂၁၂၀ | ၂၁၂၅ | ၂၁၆၅ | ၂၁၆၅ | ၂၁၇၀ | ၂၃၉၅ | ၂၈၆၀ |
| 95 Ron | ၂၁၉၀ | ၂၂၄၀ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၄၅ | ၂၂၂၀ | ၂၃၂၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၂၉၆၀ |
| HSD (500 ppm) | ၂၂၄၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၅ | ၂၃၂၅ | ၂၃၂၅ | ၂၅၅၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၃၉၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၅၀၀ | ၂၄၉၅ | ၂၃၉၀ | ၂၄၀၀ | ၂၄၃၅ | ၂၄၃၅ | ၂၄၄၀ | ၂၆၆၅ | ၃၂၅၀ |
| HSD (10 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၅၁၀ | ၂၅၀၅ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၅ | ၂၆၇၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၄ | ၂၀၄၇ |
| 95 Ron | ၂၀၈၀ | ၂၁၅၅ |
| HSD (500 ppm) | ၂၁၂၈ | ၂၂၀၀ |
| HSD (50 ppm) | ၂၂၃၆ | ၂၃၁၀ |
| HSD (10 ppm) | ၂၂၄၂ | ၂၃၁၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၉၃၈ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၉-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၈-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၉၃၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏**

## မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ရင်ပြင်တော်တိုးချဲ့ခြင်းလုပ်ငန်းအတွက် ဒသမအကြိမ် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ



**ပုသိမ် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ ပဓာန နာယက ဆရာတော်ကြီး သာသနဓဇ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ပညာဇောတ မဟာထေရ်မြတ်ထံမှ တရားတော်နာယူပွဲနှင့် မြတ်မော်တင် စေတီတော်မြတ်ကြီး ရင်ပြင်တော်တိုးချဲ့ခြင်း လုပ်ငန်းအတွက် ဒသမအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၈ ရက် ညနေပိုင်းက ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တွင် ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ပမ္မဝတီ ရေတပ်စခန်းဌာနချုပ်မှူးနှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် တရားနာပရိသတ်များတက်ရောက် နာယူကြည်ညိုကြသည်။

ဦးစွာ ဆရာတော်ကြီးနှင့်အတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြတ်မော်တင်စေတီတော်မြတ်ကြီးအား လှည့်လည်ကြည်ညို ဖူးမြော်ခဲ့ကြပြီး မြတ်မော်တင် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တိုးချဲ့ပြီးစီးမှုနှင့် ဆက်စပ်လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ထို့နောက် မြတ်မော်တင် စေတီတော်မြတ်ကြီး ရင်ပြင်တော်တိုးချဲ့ခြင်း လုပ်ငန်းအတွက် ဒသမအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသော စေတနာရှင် အလှူရှင်များ၊ ဌာနဆိုင်ရာများက အလှူငွေများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဘုရားဖူးပြည်သူများက မြတ်စွာဘုရားရှင်အား မီးပုံးပျံများ၊ မီးရှူးမီးပန်းများ လွှတ်တင် ပူဇော်ကြပြီး မြတ်မော်တင်စေတီတော် ရင်ပြင်တွင် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ပရိတ်တရားနာယူခြင်းနှင့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူ ပူဇော်ပွဲကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ ပမ္မဝတီ ရေတပ်စခန်းဌာနချုပ်မှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညို လောင်းလှူ ပူဇော်ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်အရပ်ရှိ အာရုံခံတန်ဆောင်း ပန္နက်တော်တင်ခြင်း၊ အနောက်အရပ်ရှိ အာရုံခံတန်ဆောင်း ပန္နက်တော်တင်ခြင်း၊ မြောက်အရပ်ရှိ သုခဝတီဓမ္မာရုံ ပန္နက်တော်တင်ခြင်း၊ အရှေ့မြောက်ထောင့်အရပ်ရှိ မြတ်မော်တင်ဆရာတော် သီတင်းသုံးမည့် စေတိယပါလ သုံးထပ်ဆောင် ပန္နက်တော်တင်ခြင်း၊ အရှေ့အရပ်ရှိ အာရုံခံတန်ဆောင်း ပန္နက်တော်တင်ခြင်း မင်္ဂလာ အခမ်းအနားများ တက်ရောက်၍ မင်္ဂလာအချိန် ကျရောက်သည်နှင့် ပန္နက်အား ကိုးချက်စီရိုက်၍ ပန္နက်တော်တင်မင်္ဂလာ ပြုလုပ်ခဲ့ကြပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့ မြို့လုံးကျွတ်ဆွမ်းတော်ကြီး လောင်းလှူပွဲသို့ တက်ရောက်၊ ဆွမ်းဆန်တော် လောင်းလှူ



**စစ်တွေ အောက်တိုဘာ ၂၉**

စစ်တွေမြို့တွင် မြို့လုံးကျွတ် ဆွမ်းတော်ကြီး လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီး၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ တက်ရောက် လောင်းလှူကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့်အတူ စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်တော်များ၊ အချိုရည်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ စေတနာထက်သန်စွာဖြင့် ပါဝင်ကုသိုလ်ယူကြသည်။

ဆွမ်းဆန်းတော် လောင်းလှူပွဲတွင် စစ်တွေမြို့ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော် အပါး ၅၅၀ ကျော်နှင့် သီလရှင် အပါး ၁၀၀ ကျော်တို့သည် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးမှ စတင်ကာ ဝက်ပါကွင်း တစ်ပတ်ကြွရောက်ကာ ဆွမ်းဆန်တော်များ အလှူခံကြသည်။

စစ်တွေမြို့ မြို့လုံးကျွတ် ဆွမ်းတော်ကြီး လောင်းလှူပွဲကို သီတင်းကျွတ် လပြည့်နေ့၌ အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီး ဂေါပကအဖွဲ့က ဦးဆောင်ကာ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ ဇနီးမောင်နှံပုံစံ အရုပ်ကြီးနှစ်ရုပ်နှင့် အလှူရှင်များအား လိုက်လံနှိုးဆော်ကပြဖျော်ဖြေရင်း အလှူငွေကောက်ခံခဲ့ကြကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## မြင်းမိုရ်မီးပွဲဆင်ယင်နွှဲ

ဝါလမှာ ကင်းလွတ်လို့
သီတင်းကျွတ် ချိန်ရာသီ။
အဿဝဏီ နက္ခတ်က
ထင်ဟပ်တော့သည်။
သတ္တမ ကြိမ်ရေတည်
ပြက္ခဒိန်ဆီ မှတ်သား။
ထုံကြိုင်ရာ မုဒြာပန်းရယ်
လန်းပွင့်နေပြား။
ဘဂဝါ မြတ်ဗုဒ္ဓ
လှမ်းကြွတဲ့ တာဝတိံသာ။
တော်စပ်ရာ မိနတ်သား
တွေ့ပြားခဲ့တာ။
ခုနစ်ကျမ်း အဘိဓမ္မာ
သုံးလကြာ အချိန်တွင်း။
ဟောကြားရာ ဆုံးကာပြုတော့
လူ့ပြည်သို့ဆင်း။
နဂိုလ်ပြည် သကြ်ဳသ
ကြိုဆိုကြ များဒကာ။
နတ်ဒေဝါ ဖြဟ္မာရောက်
ထိန်တောက်လို့သာ။
စောင်းတန်းက သုံးတန်ဖြာ
ရွှေငွေပါ ပတ္တမြား။
ဆီမီးဝါ ရောင်စုံပန်းနဲ့
လှူဒါန်းခဲ့ပြား။
လပြည့်ခါ မြင်းမိုရ်ပွဲ
ရပ်ရွာထဲ ကျင်းပဟန်။
ဖြူနီဝါ ရောင်စုံလင်း
ဆင်းလှသဏ္ဍာန်။
အပြစ်ရှိက ခွင့်လွှတ်ရန်
ဆိုတောင်းပန် သံဃာများ။
လပြည့်မှာ ပဝါရဏာပွဲကို
ဆင်နွှဲကာထား။
ငါးဖြာလာ အနန္တ
ကန်တော့ကြ စဉ်အလာ။
ကောင်းမြတ်ရာ ဘာသာစရိုက်
ပျော်ပိုက်ကြတာ။
သီတင်းကျွတ် ဤချိန်ခါ
ကျင်းပရာ ဘာသာပွဲ။
မြန်မာမှာ စဉ်လာတစ်ခုရယ်
ခုထက်တိုင်မြဲ။

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

# မြန်မာနိုင်ငံစာရေးဆရာအသင်း၏ စာပေသမိုင်းဝင် ဒုတိယအကြိမ်စာမူပြိုင်ပွဲ

**မောင်ငြိမ်းသူ (ကြို့ပင်ကောက်)**

မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် အသင်းဝင်များ၏ စာပေအရည်အသွေးကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးနိုင်ရေးနှင့် အသင်းကြီး၏ စာပေအကျိုးပြုလုပ်ငန်းစဉ်တစ်ရပ်ကို မြန်မာနိုင်ငံ စာပေသမိုင်းတွင် မှတ်တမ်းတင်၍ ကျန်ခဲ့စေရေးအတွက် **"စာမူပြိုင်ပွဲကျင်းပရန်"**နှင့် **"အထိမ်းအမှတ်မဂ္ဂဇင်းထုတ်ဝေရန်"** ဟူသော လုပ်ငန်းစဉ်နှစ်ရပ်ကို မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ် ညီလာခံသက်တမ်း (၂၀၁၂- ၂၀၁၆)ကတည်းက ချမှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ်ညီလာခံသက်တမ်းတွင် အဆိုပါလုပ်ငန်းစဉ်နှစ်ရပ်ကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ဒုတိယအကြိမ်ညီလာခံသက်တမ်းအတွင်း၌ ဆက်လက်အကောင်အထည်ဖော်ရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မလွှဲရှောင်သာဘဲ လုပ်ငန်းစဉ်များကို ရပ်နားထားခဲ့ရပါသည်။

ထို့ကြောင့် ယခုတတိယအကြိမ် ညီလာခံသက်တမ်းတွင် အထက်ဖော်ပြပါ လုပ်ငန်းစဉ်နှစ်ရပ်အနက် စာမူပြိုင်ပွဲကို ရှေးဦးစွာ စတင်ဆောင်ရွက်မည်ဖြစ်ရာ စာရေးဆရာအသင်းဝင်တိုင်း (၁) ကဗျာ၊ (၂)ဆောင်းပါးနှင့် (၃) ဝတ္ထုတို (စာမူ) သုံးမျိုးကို မိမိတို့ ကြိုက်နှစ်သက်သည့်အမျိုးအစားတစ်မျိုးမျိုးကိုဖြစ်စေ၊ ဘာသာရပ် သုံးမျိုးစလုံးကိုဖြစ်စေ အောက်ဖော်ပြပါသတ်မှတ်ချက်အတိုင်း ယှဉ်ပြိုင်နိုင်ကြစေရေးအတွက် ဖိတ်ခေါ်ထားပါသည်။

(၁) ကဗျာ – မြန်မာကဗျာစပ်ထုံးစပ်နည်းနှင့် ညီညွတ်သောကဗျာဖြစ်ရမည်။ ကဗျာတစ်ပုဒ်လျှင် ပါဒ ၂၀၀ သို့မဟုတ် စာကြောင်းရေ ၁၀၀ အနည်းဆုံးရေးဖွဲ့ရပါမည်။
– လေးလုံးစပ်ကဗျာတွင် စာလုံး (လေး) လုံးသည် တစ်ပါဒဖြစ်၍ အချိုးကဗျာများတွင် စာကြောင်း တစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။

(၂) ဆောင်းပါး – A-4 ၁၀ မျက်နှာအများဆုံးရေးသားနိုင်ပါသည်။

(၃) ဝတ္ထုတို – ဆောင်းပါးနည်းတူဖြစ်ပါသည်။

ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုစာမူများကို ရေးသားကြရာတွင် အဓိက ဦးတည်ကြရမည့်အချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်–

(၁) မြန်မာ့ယဉ်ကျေးမှုထွန်းကားရေး၊ မြန်မာ့ရိုးရာဓလေ့ထုံးတမ်းများ မပျောက်ကွယ်စေရေးတို့အပြင် မြန်မာ့စိတ်ရင်းနှင့် မြန်မာ့လူမှုပတ်ဝန်းကျင်ကို ချစ်ခင်နှစ်သက်ဖွယ်၊ လေးစားဂုဏ်ယူဖွယ်ဖြစ်အောင် ရသ၊ သုတပြည့်စုံစွာရေးသားဖော်ပြကြရန်။

(၂) ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်သိက္ခာ တင့်တယ်စေရေးအတွက် အပြုသဘောဆောင်ရွက်သင့်သည့် အကြောင်းခြင်းရာများကို ရေးသားဖော်ပြကြရန်။

(၃) "အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကိုမြှင့်"ဟူသော မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ဆောင်ပုဒ်ကို ထင်သာမြင်သာရှိသော အကြောင်းခြင်းရာများဖြင့် ရေးသားဖော်ပြကြရန်။

ဆုရရှိသောစာမူများအတွက် ဆုချီးမြှင့်မည့်ငွေပမာဏမှာ အခြားသောစာပေဆုများနည်းတူ ထိုက်တန်စွာ ပေးအပ်ချီးမြှင့်သွားမည့်အပြင် စာမူဆု၏စာပေအရည်အသွေးမှာလည်း အခြားသောစာပေဆုများနည်းတူ ဂုဏ်ရည်မြင့်မားနေစေရန် ရည်မှန်းထားပါသည်။

ပါဝင်ယှဉ်ပြိုင်ကြမည့်သူများ လိုက်နာကြရမည့်အချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်–

(၁) ယှဉ်ပြိုင်ကြမည့်စာမူများနှင့်ပတ်သက်၍ မိမိကိုယ်တိုင်ရေးသားကြောင်း၊ အခြားစာနယ်ဇင်းများတွင် လုံးဝ (လုံးဝ) ဖော်ပြခြင်းမခံရသေးကြောင်း ဝန်ခံချက်ပူးတွဲပါရှိရမည်။

(၂) မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များသာ ယှဉ်ပြိုင်ကြရမည်ဖြစ်ရာ ယှဉ်ပြိုင်ကြမည့်အသင်းဝင်များအနေဖြင့် အသင်းဝင်အမှတ်၊ နေရပ်လိပ်စာအပြည့်အစုံပါရှိရပါမည်။

(၃) ယှဉ်ပြိုင်ကြမည့်စာမူများကို ပြန်လည်ပေးအပ်မည်မဟုတ်၍ လက်ခံစာမူများ ထားကြရပါမည်။

(၄) ဘာသာရပ်တစ်ရပ်တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ဆုသုံးမျိုးစီ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ရာ ဆုရစာမူများထဲမှ သင့်လျော်သောစာမူများကို ဤအသင်းကြီးမှထုတ်ဝေမည့်မဂ္ဂဇင်း၌ ဖော်ပြသည်ကို သဘောတူခွင့်ပြုရမည်ဖြစ်ပြီး ယှဉ်ပြိုင်သူတိုင်း လိုင်စင်ဓာတ်ပုံ သုံးပုံစီ ပူးတွဲပေးကြရပါမည်။

(၅) ယှဉ်ပြိုင်ကြမည့်စာမူများကို ၃၁-၁-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ ဤအသင်းကြီးသို့ အရောက်ပေးပို့ကြရပါမည်။ သတ်မှတ်ရက်ထက်နောက်ကျသောစာမူများကို လုံးဝ(လုံးဝ) စဉ်းစားမည်မဟုတ်ပါ။

မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် ပထမအကြိမ်စာမူ




ပြိုင်ပွဲကို အောင်မြင်စွာကျင်းပခဲ့ပြီး အသင်းကြီးအတွက် အမှတ်တရ အထိမ်းအမှတ်ဖြစ်စေသည့် မဂ္ဂဇင်းကို အရည်အသွေးကောင်းမွန်စွာ ထုတ်ဝေခဲ့ရာ ယခုဒုတိယအကြိမ်စာမူပြိုင်ပွဲကိုလည်း အောင်မြင်စွာ ကျင်းပပြီး မဂ္ဂဇင်းကိုလည်း ထုတ်ဝေသွားမည်ဖြစ်သောကြောင့် အသင်းဝင်တိုင်း စိတ်ပါဝင်စားစွာယှဉ်ပြိုင်ကြစေရေးအတွက် မြို့နယ်အသီးသီးရှိ အသင်းဝင်တိုင်းကို အသိပေးလှုံ့ဆော်မေတ္တာရပ်ခံထားပါသည်။

**ပထမအကြိမ် စာမူပြိုင်ပွဲကျင်းပခဲ့ပုံ**

မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ခေတ်ကာလက **"စာပေလုပ်သားမဂ္ဂဇင်း"**ကို ထုတ်ဝေခဲ့သည့်အပြင် ဂျာနယ်တစ်စောင်ကိုလည်း ထုတ်ဝေခဲ့ပါသည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့ ခေတ်ကာလတွင် မဂ္ဂဇင်းနှင့် ဂျာနယ် လုံးဝမထုတ်ဝေနိုင်သော်လည်း စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းများနှင့် စာနယ်ဇင်းအတတ်ပညာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။ ထို့ပြင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် ပူးတွဲ၍ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးခဲ့ပါသည်။ သုတဘဏ်စာတမ်းဖတ်ပွဲများကိုလည်း ကျင်းပပေးခဲ့ပါသည်။

ယခု **"မြန်မာနိုင်ငံစာရေးဆရာအသင်း"**လက်ထက်တွင် **"ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း"**၊ **"လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်း"** များကို ခေတ်စနစ်နှင့်အညီ အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းထားပြီး စာပေလောကသားများ၏အကျိုးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။ စာပေနှင့်စာနယ်ဇင်းအဖွဲ့ လက်ထက်က လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်နေဆဲပင်ဖြစ်သည်။

ပခုက္ကူဦးအုံးဖေစာမူပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကိုလည်း မြန်မာနိုင်ငံစာရေးဆရာအသင်းကပင် ဆက်လက်တာဝန်ယူဆောင်ရွက်ပေးနေရလေပြီ။

သို့သော် မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် ထိုအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နေရရုံမျှဖြင့် အားရတင်းတိမ်မှုမရှိကြသေးဘဲ စာပေသမိုင်းဝင်လုပ်ငန်းစဉ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

နိုင်ငံတော်က အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို ချီးမြှင့်နေသကဲ့သို့ ပခုက္ကူဦးအုံးဖေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ရွှေအမြုတေစာပေဆု ဟူသော ပုဂ္ဂလိကစာပေဆုများကို နှစ်စဉ်ချီးမြှင့်နေကြပါသည်။ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများကလည်း အထိမ်းအမှတ်ဂုဏ်ပြုစာပေပြိုင်ပွဲများကို အခါအားလျော်စွာ ကျင်းပနေခဲ့ပါသည်။ ထိုစာပေဆုနှင့် စာမူဆုများသည် နိုင်ငံတော်အဆင့်စာပေဆုများဖြစ်ကြပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့်လည်း ပထမအကြိမ်စာပေညီလာခံသက်တမ်းအတွင်း သမိုင်းဝင်စာမူပြိုင်ပွဲကျင်းပပြီး စာပေဆုချီးမြှင့်ရန်နှင့် နှစ်ပတ်လည်အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။

နှစ်ပတ်လည်မဂ္ဂဇင်းထုတ်ဝေရေးနှင့် စာမူပြိုင်ပွဲကျင်းပရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ထိုစဉ်က ဒုတိယဥက္ကဋ္ဌ (၂) ယခုလက်ရှိဥက္ကဋ္ဌဦးအုန်းမောင် (ဆရာမြင်းမူမောင်နိုင်မိုး)က လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် အသင်းအတွင်းရေးမှူး ကျွန်တော်ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က လည်းကောင်း၊ အမှုဆောင်အဖွဲ့ဝင် ၁၆ ဦး အပါအဝင် စုစုပေါင်း ၁၈ ဦးဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ခဲ့ကြပါသည်။

၁၄-၆-၂၀၁၃ ရက်နေ့တွင် မြို့နယ်အသင်းများသို့ အသင်းဝင်တိုင်း ပါဝင်ယှဉ်ပြိုင်ကြစေရန် လှုံ့ဆော်အကြောင်းကြားခဲ့ပြီး သတင်းစာများမှလည်း ကြေညာအသိပေးခဲ့ပါသည်။ ထိုသို့လှုံ့ဆော်ကြေညာခဲ့သည်များမှာ အထက်ဖော်ပြပါ စည်းကမ်းသတ်မှတ်ချက်များပင်ဖြစ်ပါသည်။

လှုံ့ဆော်ကြေညာပြီး နှစ်လခွဲအကြာ၊ ပြိုင်ပွဲဝင်စာမူပိတ်ရက် ၃၁- ၈- ၂၀၁၃ ရက်နေ့အထိ ကဗျာစာမူ ၁၂၃ ပုဒ်၊ ဆောင်းပါးစာမူ ၁၀၆ ပုဒ်၊ ဝတ္ထုတိုစာမူ ၁၁၅ ပုဒ် စာမူစုစုပေါင်း ၃၄၄ ပုဒ် ယှဉ်ပြိုင်ခဲ့ကြရာ အံ့သြဝမ်းသာပီတိဖြာခဲ့ကြရပါသည်။ လက်လှမ်းမီသမျှသော စာပေပြိုင်ပွဲများထဲတွင် ယှဉ်ပြိုင်မှုစာမူအများဆုံးဖြစ်နေသောကြောင့်ပင်တည်း။

စာမူရွေးချယ်စိစစ်ရေးကော်မတီဝင်များအနေဖြင့် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုအကဲဖြတ်စိစစ်ရွေးချယ်ရေးအဖွဲ့ငယ် သုံးဖွဲ့ခွဲကာ စာမူများကို (A) အဆင့်၊ (B) အဆင့်၊ (C) အဆင့် အဆင့်သုံးဆင့်ကို စတင်ရွေးချယ်ခဲ့ကြပါသည်။ ထိုအဆင့်သုံးဆင့်ကို အဖွဲ့ဝင်အချင်းချင်း အပြန်အလှန် တစ်လှည့်စီထပ်မံဖတ်ရှုစေခဲ့ပြီး ပဏာမ ဆန်ခါတင်အဆင့်ကို ရွေးချယ်ခဲ့ကြပါသည်။ ပဏာမဆန်ခါတင်စာရင်းကိုပင် အကြိမ်ကြိမ်အလီလီ အခါခါအတန်တန် အပြန်အလှန်ထပ်မံဖတ်ရှုစိစစ်ပြီးပါမှ ပထမဆု၊ ဒုတိယဆု၊ တတိယဆုများကို မူလကသတ်မှတ်ထားသည့်အတိုင်း ရွေးချယ်ခဲ့ကြပါသည်။

သို့သော် အသင်းသူ အသင်းသားများက အားတက်သရော စိတ်ပါဝင်စားစွာယှဉ်ပြိုင်ခဲ့ကြသည်ကို ထောက်ထားစာနာသောအားဖြင့် ဆုအမျိုးအစားတစ်မျိုးစီတွင် အထူးဆု နှစ်ဆုစီကိုပါ တိုးချဲ့ရွေးချယ်ခဲ့ကြပါသည်။

ထို့ကြောင့် ကဗျာစာမူဆု ငါးဆု၊ ဆောင်းပါးစာမူဆု ငါးဆု၊ ဝတ္ထုတိုစာမူဆု ငါးဆု စုစုပေါင်းစာမူဆု ၁၅ ဆုဖြစ်သွားပါသည်။

ကဗျာစာမူပြိုင်ပွဲတွင် **ဇော်မျိုးဟန်(သပိုင်းချောင်း)** မူဆယ်မြို့က အလင်္ကာနဒီ စာမူဖြင့် ပထမဆု၊ **ဒေါက်တာမင်းလဲ့ရည်** ဒဂုံအရှေ့မြို့နယ်က သင်းပျံ့ထုံလွင်မြိုင်တောယဉ် စာမူဖြင့် ဒုတိယဆု၊ **အဖျောက်မြေမောင်ဆွေမွန်** ဇလွန်မြို့က ပန်းတော်ဝင် ဂုဏ်တင့်စေဖို့ စာမူဖြင့် တတိယဆု၊ **မောင်လွန်းမြိုင် (ပင်လယ်ဘူး)** ပင်လယ်ဘူးမြို့က ရွှေလက်ဖြင့်ကြိုဆိုပါမည် စာမူဖြင့် အထူးဆု(၁)၊ **မြေလတ်မင်းလွင်** ဒေါပုံမြို့က တို့အမွေ၊ တို့တည်ဆောက်၊ တို့လျှောက်မည့်လမ်း စာမူဖြင့် အထူးဆု(၂) ရရှိခဲ့ကြပါသည်။

ဆောင်းပါးစာမူပြိုင်ပွဲတွင် **ရွှေငယ်ဝိုင်း (ကြို့ပင်ကောက်)** ကြို့ပင်ကောက်မြို့က တံတားအိုနှင့် ကွမ်းတစ်ရာ စာမူဖြင့် ပထမဆု၊ **နေမင်းသူရိန်** တောင်ဥက္ကလာပမြို့က မြန်မာဆိုတာ စာမူဖြင့် ဒုတိယဆု၊ **မောင်ချိုဝေ** မှော်ဘီမြို့က ရသဖြင့် ထိန်းချုပ်ခြင်း စာမူဖြင့် တတိယဆု၊ **ခိုင်(မိတ္ထီလာ)** ပုဇွန်တောင်မြို့က ပန်းတစ်ပွင့်၏အမူအရာ စာမူဖြင့် အထူးဆု(၁)၊ **ပန်းမြိုင်လယ်စိန်ဝင်း** ဟင်္သာတမြို့က အလင်းစကားကြားသိဖို့ ပြတင်းတံခါးများ ဖွင့်ကြစို့ စာမူဖြင့် အထူးဆု(၂)ရရှိခဲ့ကြသည်။

ဝတ္ထုတိုစာမူပြိုင်ပွဲတွင် **မောင်အင်း(ဥက္ကံ)** တိုက်ကြီးမြို့က ပွင့်မှန်သီဝင်း၊ ပေါင်းမြက်ရှင်း၊ ပင်ခြေ နင်းသင့်နင်းရာ၏ စာမူဖြင့် ပထမဆု၊ **ပန်းမြိုင်လယ်စိန်ဝင်း** ဟင်္သာတမြို့က အလှသစ္စာ ဘဝသစ္စာ စာမူဖြင့် ဒုတိယဆု၊ **ကောင်းကင်မေ (စီးပွားရေးတက္ကသိုလ်)** သာကေတမြို့က မွန်မြတ်သည့်နှလုံးသားများ စာမူဖြင့် တတိယဆု၊ **မောင်နီမှိုင်း(ကျောက်တန်း)** ကျောက်တန်းမြို့က ကြေကွဲပြယ်လွင့် စာမူဖြင့် အထူးဆု (၁)၊ **သွယ်ထားညို(သက္ကလ)** ပဲခူးမြို့က ရိုးပြာမြေဝယ်မြွေစေတော့ စာမူဖြင့် အထူးဆု(၂) ကို ရရှိခဲ့ကြသည်။ စာမူဆုရရှိကြသူအများစုမှာ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပခုက္ကူဦးအုံးဖေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ စိမ်းလန်းရွှေပြည်စာပေဆု စသည်ဖြင့် နိုင်ငံတော်အဆင့်စာပေဆု ရရှိဖူးကြသူများ ပါဝင်ကြပါသည်။

စာမျက်နှာ ၁၉ သို့ ✡

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ပဲခူးမြို့၌ ပထမဆုံးအကြိမ် သီတင်းကျွတ်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပဲခူး အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်၍ အောက်တိုဘာ ၂၈ ရက် ညနေပိုင်းက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း၌ ပထမဆုံးအကြိမ် သီတင်းကျွတ်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဦးစွာ သတင်းကျွတ်မီးထွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်သောင်းထိုက်၊ ဈေးရောင်းပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးတင်ဦးနှင့် မြို့မိ/မြို့ဖနှစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ဒုတပ်မမှူးနှင့် ဇနီးတို့က သီတင်းကျွတ် မီးထွန်းပွဲတော်ကျင်းပရာ ရွှေမော်ဓောဘုရားလမ်းတစ်လျှောက်ရှိ ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများက ကျွေးမွေးလှူဒါန်းနေသည့် နိဗ္ဗာန်ဈေးတန်းများ၊ မီးအလှဆင်ရုပ်ပုံများနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်လျက်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSMEs) လူသုံးကုန်၊ စားသုံးကုန်နှင့် စိုက်ပျိုးရေး/မွေးမြူရေးထုတ်ကုန် တိုက်ရိုက် အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။



**စည်ကားသိုက်မြိုက်စွာကျင်းပ**

အဆိုပါ သီတင်းကျွတ်မီးထွန်းပွဲတော်အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ပဲခူးမြို့တွင် ပထမဆုံးအကြိမ်စတင် ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး နိဗ္ဗာန်ဈေးများ၊ MSMEs ဈေးရောင်းပွဲတော် အရောင်းဆိုင်ခန်းများ၊ သီတင်းကျွတ် အထိမ်းအမှတ်ဈေးဆိုင်ခန်းများ၊ ဖျော်ဖြေရေး အစီအစဉ်များ၊ ကလေးကစားကွင်းများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# သထုံမြို့နယ်တွင် သီတင်းကျွတ်လပြည့်နေ့၌ ကုသိုလ်ဒါနပြုခြင်း၊ ဘာဝနာပွားများခြင်းတို့ဖြင့် စည်ကားများပြား

**သထုံ အောက်တိုဘာ ၂၉**

မွန်ပြည်နယ် သထုံမြို့နယ်၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ တန်ခိုးကြီးဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ရွာအတွင်းတို့၌ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ များပြားစည်ကားခဲ့ကြောင်း သိရသည်။

သီတင်းကျွတ် လပြည့်နေ့ နံနက်ပိုင်းမှစတင်ကာ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလဆောက်တည်ကြခြင်း၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာတို့၌ စတုဒိသာအာဟာရများ ကျွေးမွေးလှူဒါန်းကြခြင်း၊ သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံရွှေစာရံစေတီတော်မြတ်ကြီး အပါအဝင် တန်ခိုးကြီးအထင်ကရစေတီများ၌ မိသားစုအလိုက် ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ တရားသဘင်များ ဆင်ယင်ကျင်းပ၍ စုပေါင်းတရားနာယူခြင်းစသည့် သီတင်းကျွတ်ကာလ ကုသိုလ်တရားများကို အေးချမ်းပျော်ရွှင်စွာဖြင့် ဆင်နွှဲကြရာ အထူးစည်ကားခဲ့ကြောင်း တွေ့ရသည်။

**ခရိုင်(ပြန်/ဆက်)**

✡ စာမျက်နှာ ၁၈ မှ

အတွေ့အကြုံရှိနေကြသူများဖြစ်ကြသောကြောင့် ရသသုတစွယ်စုံရနေကြကာ ပြိုင်ပွဲဝင်ကြရာတွင် သတ်မှတ်ထားသည့် ဦးတည်ချက်ဘောင်အတွင်းဝင်အောင် ရေးသားနိုင်စွမ်းရှိကြသည်။ ဆောင်းပါးစာမူပထမဆုရဆောင်းပါးနှင့် ဝတ္ထုတိုစာမူ ပထမဆုရဝတ္ထုတိုမှာ ကျောင်းဆရာအိုကြီးများ၏ စေတနာ၊ ဝါသနာ၊ အနစ်နာ၊ အကြင်နာဟူသော နာလေးနာကို ပီပြင်စွာခြယ်မှုန်းထားကြရာ ရသသုတပြောင်မြောက်လှပါပေသည်။

ဆုရွေးချယ်စိစစ်ရေးအဖွဲ့က လူကိုမရွေး စာကိုသာ ရွေးခဲ့ကြရာ ဆုရစာမူများသည် မှတ်ကျောက်အတင်ခံရဲသောစာမူများဖြစ်ကြပါသည်။ ထိုစာမူများကို ၂၀၁၄ ခုနှစ်ထုတ် အသင်းကြီး၏နှစ်ပတ်လည်မဂ္ဂဇင်းတွင် ဖော်ပြခဲ့ပါသည်။

စာမူဆုများကို ပထမဆုတစ်ဆုလျှင် ငွေကျပ်သုံးသိန်းစီ၊ သုံးဆုအတွက် ငွေကျပ်ကိုးသိန်း၊ ဒုတိယဆုတစ်ဆုလျှင် ငွေကျပ်နှစ်သိန်းစီ၊ သုံးဆုအတွက် ငွေကျပ်ခြောက်သိန်း၊ တတိယဆုတစ်ဆုလျှင် ငွေကျပ်တစ်သိန်းစီ၊ သုံးဆုအတွက် ငွေကျပ်သုံးသိန်း၊ အထူးဆုတစ်ဆုလျှင် ငွေကျပ်ငါးသောင်းစီ၊ ခြောက်ဆုအတွက် ငွေကျပ် သုံးသိန်း ဆုပေါင်း ၁၅ ဆုအတွက် ငွေကျပ် ၂၁ သိန်းတိတိ အကုန်အကျခံကာ ချီးမြှင့်ခဲ့ပါသည်။

ဆုချီးမြှင့်ပွဲကို ၁၆-၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၉ နာရီအချိန်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်း (ရုံးသစ်) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံတော်အကြီးအကဲများအပါအဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိတ်ဖက်ညီနောင်အသင်းအဖွဲ့များ၊ စာနယ်ဇင်းအသီးသီးမှတာဝန်ရှိသူများ၊ မြို့နယ်အသင်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ စာရေးဆရာ ဆရာမများ၊ စာပေဝါသနာရှင်များ စုံညီစွာတက်ရောက်အားပေးချီးမြှင့်ကြခဲ့ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် ငွေကုန် လူပန်းရကျိုးနပ်ခဲ့သည့် စာပေသမိုင်းဝင်ပွဲပင်ဖြစ်သည်။

**ဒုတိယအကြိမ် စာမူပြိုင်ပွဲအခြေအနေ**

မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် ပထမအကြိမ်စာမူပြိုင်ပွဲကျင်းပခဲ့ပြီး ၁၀ နှစ်ကျော်အကြာတွင် ဒုတိယအကြိမ်စာမူပြိုင်ပွဲကျင်းပရန် စီစဉ်လှုံ့ဆော်နေရခြင်းမှာ စာပေလောကသားများအကျိုးအတွက် သယ်ပိုးထမ်းရွက်လိုသော စာပေစေတနာ၊ စာပေမေတ္တာတို့ကြောင့် ဖြစ်ပါသည်။

၁၉၄၀ ပြည့်နှစ်တွင် ဒီးဒုတ်ဦးဘချို ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော **"မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး"**သည် ၁၉၆၂-၆၃ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော ဆရာဦးသိန်းဖေမြင့်လက်ထက်အထိ အသင်းကြီးပထမပိုင်းသက်တမ်း ၂၂ နှစ်အတွင်း ဥက္ကဋ္ဌ ၁၄ ဦး တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။

> **စာပေနှင့် စာနယ်ဇင်းအဖွဲ့ ခေတ်ကာလတွင် မဂ္ဂဇင်းနှင့်ဂျာနယ် လုံးဝမထုတ်ဝေနိုင်သော်လည်း စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းများနှင့် စာနယ်ဇင်းအတတ်ပညာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။ ထို့ပြင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့်ပူးတွဲ၍ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးခဲ့ပါသည်။ သုတဘာဏ်စာတမ်းဖတ်ပွဲများကိုလည်း ကျင်းပပေးခဲ့**
>
> **နိုင်ငံတော်က အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို ချီးမြှင့်နေသကဲ့သို့ ပခုက္ကူဦးအုံးဖေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ရွှေအမြုတေစာပေဆုဟူသော ပုဂ္ဂလိကစာပေဆုများကို နှစ်စဉ်ချီးမြှင့်နေကြပါသည်။ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများကလည်း အထိမ်းအမှတ်ဂုဏ်ပြုစာပေပြိုင်ပွဲများကို အခါအားလျော်စွာကျင်းပနေခဲ့ပါသည်။ ထိုစာပေဆုနှင့် စာမူဆုများသည် နိုင်ငံတော်အဆင့်စာပေဆုများဖြစ်**

အဆိုပါအသင်းကြီး(ပထမပိုင်း) ဥက္ကဋ္ဌ ၁၄ ဦး၏ ၂၂ နှစ်သက်တမ်းကာလအတွင်း (၁၉၄၅-၄၆) ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော **"ဂျာနယ်ကျော်ချစ်မောင်"** က ၁၃၀၇ ခုနှစ် နတ်တော်လ (၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ) စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် **"စာရေးဆရာ-စာဆိုတော်အထူးစာစောင်"**ကို ထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်ထဲတွင် စာရေးဆရာ ၄၆ ဦးက ရေးသားထားခဲ့ကြပြီး စာမျက်နှာ (၄၈) မျက်နှာသာပါသော ဝတ္ထုစာအုပ်အရွယ်ကလေးဖြစ်ပါသည်။

စာရေးဆရာ ၄၆ ဦးထဲမှ အချို့ကိုဖော်ပြရပါမူ ဒဂုန်နတ်သျှင်၊ ဒဂုန်ရွှေမျှား၊ ဒဂုန်တာရာ၊ မေမြို့မောင်၊ ရဲထွတ်၊ သုခ၊ ဇဝန၊ မဟာဆွေ၊ ငွေဥဒေါင်း၊ သင်္ခါ၊ ဆရာခန့်၊ သာဂရစိုး၊ ပဲရော့ဦးဆန်နီ၊ ရွှေပိန်သောင်း၊ ငွေတာရီ၊ ငွေသဇင်၊ ပြည့်စုံ၊ ရန်အောင်၊ မာဃ၊ မြဒေါင်းညို၊ ပြည်သန်းနွယ်၊ မြို့မအုန်း၊ ရွှေစန်းယုန်၊ မျိုးမြင့်အောင်၊ ဘသောင်း၊ ကျိုက်လတ်ဆရာချစ်၊ ဣန္ဒာနွယ်တို့ ပါဝင်ခဲ့ကြပါသည်။

ထိုစာအုပ်အကြောင်းကို ၁၉၈၁ ခုနှစ် မေလထုတ် **"စာပေလုပ်သားမဂ္ဂဇင်း အမှတ်(၁)"**တွင် **"ဆရာ မင်းယုဝေ"**က **"ထူးခြားသောစာအုပ်တစ်အုပ်"**ဟု ဂုဏ်ပြုရေးသားခဲ့ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏ (ဒုတိယပိုင်း) ဥက္ကဋ္ဌ ဆရာကြီးမင်းသုဝဏ် ဆောင်ရွက်ခဲ့သော ၁၉၆၆ ခုနှစ်မှ ယခုလက်ရှိဥက္ကဋ္ဌ ဆရာမြင်းမူမောင်နိုင်မိုးဆောင်ရွက်နေသော ၂၀၂၃ ခုနှစ်အထိ သက်တမ်း ၅၇ နှစ် ရှိခဲ့လေပြီ။

ထို ၅၇ နှစ်အတွင်း၌ စာပေလုပ်သားခေတ်က **"စာပေလုပ်သားမဂ္ဂဇင်း"** ထုတ်ဝေခဲ့သည့်နည်းတူ ယခုစာရေးဆရာအသင်းလက်ထက်တွင် အသင်းအထိမ်းအမှတ်မဂ္ဂဇင်းများကို စာပေသမိုင်းဝင်စေရေးအတွက် အခါအားလျော်စွာထုတ်ဝေနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါသည်။

၁၉၄၅ ခုနှစ်က **"ဥက္ကဋ္ဌဂျာနယ်ကျော်ဦးချစ်မောင်"** ထုတ်ဝေခဲ့သော စာဆိုတော်နေ့အထိမ်းအမှတ် **"စာရေးဆရာ-စာဆိုတော်အထူးစာစောင်"**ကဲ့သို့ စာပေသမိုင်းတွင် တင်၍ကျန်နေစေရန်ရည်ရွယ်ကာ လှုပ်ရှားနေကြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏သက်တမ်းမှာ ပထမပိုင်း ၂၂ နှစ်၊ ဒုတိယပိုင်း ၅၇ နှစ် စုစုပေါင်း ၇၉ နှစ်ခရီးကို ကျော်လွန်လာခဲ့သည်အထိ ရှင်သန်ရပ်တည်ရှည်ကြာလာခဲ့သည်မှာ စာပေမျိုးဆက်သစ်များအတွက် စာပေလက်ဆင့်ကမ်းအမွေများကို စဉ်ဆက်မပြတ်ပေးအပ်ခဲ့ကြသောကြောင့်ဖြစ်ပါသည်။

ထိုနည်းတူ ယနေ့ မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးအနေဖြင့်လည်း စာမူပြိုင်ပွဲများကျင်းပပေးပြီး အထိမ်းအမှတ်မဂ္ဂဇင်းများထုတ်ဝေပေးနေခြင်းမှာ စာပေမျိုးဆက်သစ်များကို သမိုင်းဝင်စာပေအမွေများပေးအပ်နေခြင်းသာဖြစ်သည်ဟု ခံယူထားပါသည်။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Unit 9
### Lesson 2 My free time activities

**Read the following dialogue and fill in the blanks with the suitable words given below.**

| | | | | |
|---|---|---|---|---|
| me | power | advice | about | fine |
| concentrate | focus | for | are | there |

**Min Min:** Hi! How ________ you? (1) _____

**Lin Lin:** I'm _______. (2) _____

**Min Min:** You look worried. Is ___ (3) _____ any problem? You can share it with me.

**Lin Lin:** Actually I am worried (4) _____ _____ my exams. There (5) _____ is only one week left ______ it. And I think I have not studied Anything.

**Min Min:** Oh! Just _________ (6) _____ on your studies and you won't face any problem.

**Lin Lin:** That's the problem. (7) _____ I can't ___________.

**Min Min:** These all happened to (8) _____ ______ too. And hence I started meditating. It had a radical effect (9) _____ on my concentration ___.

**Lin Lin:** Thank you so much (10) _____ for your ___________. I will surely follow it.

**Writing**

**(A)Fill in the blanks with a suitable word form.**

(1)(interest) She is _______ in cycling.

(2)(interest) Her _________ is taking photos.

(3)(friend) My friends are very __________.

(4)(play) Zaw Min is a football ________.

(5)(help) My parents are kind and _______.

**(B) Supply the correct form of the verb given the brackets.**

(1) (work) His sister is a nurse. She _________ at a hospital.

(2) (hate) I ________ doing judo.

(3) (take) In his free time, he ________ photos.

(4) (open) May I _________ the window?

(5) (writing) Stop ______. Listen to me, please.

**(C) Rearrange the following words in the correct order to make a sentence.**

(1) in/ ? / May / I / come /

(2) to / the / go / ? / May / I / restroom/

(3) brother / a / factory / . / and / is / an / engineer / works / at / My /

(4) does / What / sister / in / her / his / time / ? / free / do /

(5)primary / works / and / a / teacher / My / a / school / is / father / at /

****************

Ans:

1.are 2. fine 3. there 4. about 5. for 6. concentrate 7. focus 8. me 9. power 10. advice

Writing

(A) 1. interested; 2. interest; 3. friendly; 4. player; 5. helpful;

(B) 1. works; 2. hate; 3. takes; 4. open; 5. writing;

(C) 1. May I come in? 2. May I go to the restroom? 3. My brother is an engineer and works at a factory. 4. What does his sister do in her free time? 5. My father is a teacher and works at a primary school.

***************

## Grade 6

### Lesson 1 : Let's eat out!

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. May I look at the m________ first, waiter?
2. How much does the b_____ come to?
3. Which one would you like to have fried noodles or v_________?
4. The friendly w________ smiled and took our orders for drinks.
5. I like to eat v________ like carrots and broccoli because they are healthy.

**II. Complete the sentences with the suitable word given below. There are two extras.**

| | | | |
|---|---|---|---|
| chicken | juice | fried | |
| soup | waiter | mutton | eggs |

1. I drank orange ______ with my breakfast this morning.
2. The chef prepared _____ rice with vegetables, and it smelled great.
3. Mom made chicken noodle _____ for dinner, and it was delicious.
4. ______ is meat that comes from adult sheep.
5. We had grilled _____ with rice for lunch, and it was yummy.

**III. Supply the correct form of the verbs given in brackets.**

1. (order) Are you ready to _________?
2. (look) Can I _______ your new watch?
3. (not, come) He ________ to us today.
4. (not, see) I _______ him since morning.
5. (eat) We were hungry so we _____ much rice.
6. (you, have) How many pens _________?
7. (drink) We should ________ eight glasses of water daily.
8. (cook) Day Lay always _____ for the family.
9. (you, buy) Where ____ this beautiful dress?
10. (they, talk) What _____ about?

**IV.Choose the following sentences: Waiter or Customer.**

1. This way, please. (Waiter or Customer)
2. Coffee, please. (Waiter or Customer)
3. Would you like something to drink? (Waiter or Customer)
4. I'd like a hamburger, please. (Waiter or Customer)
5. Are you ready to order? (Waiter or Customer)
6. I'd like the bill, please. (Waiter or Customer)
7. Would you like some dessert? (Waiter or Customer)
8. Is everything all right? (Waiter or Customer)
9. What will you have? (Waiter or Customer)
10. Can I have ice-cream? (Waiter or Customer)

**V. Complete the dialogues with the given words.**

**Dialogue (1)**

| | | | |
|---|---|---|---|
| order | like | for | choice |

**Customer:** Hi! I'm hungry. Can we ___(1)____ some food, please?

**Waiter:** Of course! What would you ___ (2)____ to eat?

**Customer:** I'd like a cheeseburger and some French fries, please.

**Waiter:** Great ___(3)____! I'll order that ___(4)____ you right away.

**************************

Ans:

Unit 6 Lesson 1: Let's eat out!

I. 1. menu; 2. bill; 3. vermicelli; 4. waitress; 5. vegetables;

II. 1. juice; 2. fried; 3. soup; 4. Mutton; 5. chicken;

III. 1. order; 2. look; 3. didn't come; 4. haven't seen; 5. ate; 6. do you have; 7. drink; 8. cooks; 9. did you buy; 10. are they talking;

IV. 1. 1. Waiter; 2. Customer; 3. Waiter; 4. Customer; 5. Waiter; 6. Customer; 7. Waiter; 8. Waiter; 9. Waiter; 10. Customer;

V. Dialogue (1) 1. order 2. like 3. choice 4. for

***************

## Grade 7

### Unit 5
### Lesson 4: Dos and Don'ts in sports and games

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Our school's basketball _______ practices every day to get better at the game.
2. Tennis is played on a rectangular ____ with a net in the middle.
3. We had a fun soccer ____ with our friends at the school field.
4. The fastest runner in the race was the _____ and got a medal.
5. The _______ in the cooking contest tasted each dish and gave their scores.

**II. Supply the correct form of the words given in brackets.**

1. (popular) Her books have grown in ___________ recently.
2. (interest) I am _________ in this game.
3. (interest) He is a very _____________ person.
4. (play) She is an excellent tennis ____________.
5. (succeed) He wasn't a ________ as a teacher.

**III. Supply the correct form of the verbs given in brackets.**

1. (separate) The students ________ by the teacher.
2. (know) We ________ each other for many years.
3. (you, have) How long _______ a new bike?
4. (need) Do you _________ my help?
5. (allow) No one ___________ to smoke here.

**IV. Write a paragraph about basketball.**

Basketball

______________________________

______________________________

______________________________

______________________________

______________________________

______________________________

********************

Ans:

Lesson 4: Dos and Don'ts in sports and games

I. 1. team; 2. court; 3. match; 4. winner; 5. judges;

II. 1. popularity; 2. interested; 3. interesting; 4. player; 5. successor;

III. 1. were separated; 2. have known; 3. have you had; 4. need; 5. is allowed;

IV.Basketball

Basketball is a fun and exciting sport and a team sport. Many people enjoy playing it. There are several things that a player should know and follow. It usually takes four 10-minute quarters with a break of 3-5 minutes in between. There are 1 referee and 2 umpires to keep the game under control. Each team has five players on the court at a time, and they must work together to pass, dribble, and shoot the ball. The players are not allowed to play against the rules. The team which scores more points at the end of the game wins the game.

****************

## Grade 8

### Unit 6
### Lesson 1 : Our environment

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Washing our hands with soap helps get rid of harmful b______ and keeps us healthy.
2. When we go to the park, we can breathe in the fresh a_______.
3. The ocean is an example of an e________ because it has fish, whales, and coral reefs.
4. A v________ is a mountain that can sometimes explode and release hot lava.
5. Farmers use s________ to grow delicious fruits and vegetables.

**II. Supply the correct form of the words given in brackets.**

1. (nature) The sun, moon, and stars are part of our _______ world.
2. (chemistry) When we mix water and soap, it creates a _____ solution to clean our hands.
3. (environ) We should keep our _______ clean by throwing trash in the proper bins.
4. (response) The driver is ____________ for the safety of his passengers.
5. (interest) I am _____ in arts. And you?

**III.Complete the dialogue with the given words.**

| | | |
|---|---|---|
| picking | energy | do |
| reforestation | cleaner | easy |

**Aye Aye:** Hey, did you know we can help the environment?

**Yu Yu:** Really? How can we ___(1)___ that?

**Aye Aye:** We can start by ___(2)___ up litter we see on the playground.

**Yu Yu:** That sounds __(3)__! What else can we do?

**Aye Aye:** We should turn off lights when we leave the classroom to save ___(4)__.

**Yu Yu:** Good idea! And we can also plant trees to make the air ___(5)___ .

**Aye Aye:** Yes, that's called ___(6)___ ! It helps animals too.

**Yu Yu:** I love animals! Let's tell our friends to help the environment too.

************************

Ans:

Unit 6

Lesson 1 : Our environment

I. 1. bacteria; 2. air; 3. ecosystem; 4. volcano; 5. soil;

II. 1. natural; 2. chemical; 3. environment; 4. responsible; 5. interesting;

III. 1. do; 2. picking; 3. easy; 4. energy; 5. Cleaner; 6. reforestation;

************************

## Grade 9

### Unit 6 Lesson 2: A flight in bad weather

**I. Fill each blank with an appropriate word. The initial letters are given to help you.**

1. I completed the _____ form to join the art workshop.
2. The _____ is sunny today, so we can go to the park.
3. The bus can carry many _____ from one place to another.
4. The airplane is ready for takeoff; all passengers should get on _____ now.
5. The teacher made an _____ about the change in the class schedule for the next week.
6. After the rain, we collected _____ in a bucket to water the plants.
7. I'm _____ of being alone at night.
8. Don't w_____. Everything will be OK.
9. D_____ the rain, we still had fun playing games indoors.
10. Life is like a journey with an unknown d_____.
11. We experienced severe t_____ during the flight.
12. She felt d_____ after standing up too quickly from the chair.

**II. Supply the correct forms of the words given in brackets.**

1. (register) The school sent out a form for _____ to sign up for the new classes.
2. (arrange) The teacher made an _____ for a special guest to visit our classroom.
3. (relieve) The medicine provided _____ from the headache, and I felt much better.
4. (convenient) I keep my reference books near my desk for _____.
5. (peace) We enjoyed a picnic in the park, sitting _____ under the shade of a tree.
6. (peace) The beach is a _____ place to relax and listen to the sound of the waves.
7. (comfort) I like wearing my favorite sweater because it's _____ and keeps me warm.

**III. Supply the correct forms of the verbs given in brackets.**

1. (visit) The class _____ the zoo next week to see the animals.
2. (travel) The birds _____ long distances during migration to find a warmer climate.
3. (experience) During the yesterday's camping trip, we _____ cooking food over a campfire.
4. (arrive) The train _____ at the station in 10 minutes.
5. (board) The students _____ the school bus to go home after classes.
6. (arrange) The teacher _____ the desks in a circle for the group activity today.
7. (delay) The flight _____, so we spent some extra time at the airport.
8. (shudder) I _____ at the thought of spiders crawling on me.
9. (land) The airplane _____ at the airport after the flight.
10. (check) Before leaving the house, I always _____ if I have my keys.

**IV. Complete the following sentences with the given words below. There are two extras.**

| | | | |
|---|---|---|---|
| unexpected | destination | relief | |
| mouth–watering | delay | check–in | nervous |

1. We were all _____ before taking the important test at school.
2. The movie started late because of a technical _____.
3. The chef prepared a _____ meal that made everyone hungry.
4. She received an _____ gift from her grandparents on her birthday.
5. We need to _____ at the hotel before we can go to our room.

**V. Answer the questions on "A flight in bad weather".**

1. Who did the writer visit last summer?
2. What were the writer doing while waiting to board?
3. What did the writer hear in the announcement?
4. Why was the flight delayed?
5. How long did the writer wait before boarding the plane?
6. What did the writer hear after the plane took off?
7. Why didn't the writer worry much when he heard the first rumble?
8. What did the captain announce to do while flying through a thunderstorm?
9. What made the writer relieve after the turbulence ended?
10. Who picked the writer up at the airport?

**Ans:**

**Unit 6**

**Lesson 2: A flight in bad weather**

**I.** 1. registration; 2. weather; 3. passengers; 4. board; 5. announcement; 6. rainwater; 7. nervous; 8. worry; 9. Despite; 10. destination; 11. turbulence; 12. dizzy;

**II.** 1. registration; 2. arrangement; 3. relief; 4. convenience; 5. peacefully; 6. peaceful; 7. comfortable;

**III.** 1. will visit 2. travel 3. experienced 4. will arrive 5. will board 6. arranged 7. was delayed 8. shuddered 9. will land 10. check

**IV.** 1. nervous 2. delay 3. mouth–watering 4. unexpected 5. check–in

**V.** 1. The writer visited Myeik last summer. 2. The writer was having a chat with his grandma on the phone while waiting to board. 3. The writer heard in the announcement that the flight would be delayed due to bad weather. 4. The flight was delayed because of bad weather. 5. The writer waited for about five hours before boarding the plane. 6. The writer heard a rumble under his feet after the plane took off. 7. The writer didn't worry much when he heard the first rumble because he thought that it was just the landing gear retracting back into the plane. 8. The captain announced to sit back and buckle up while flying through a thunderstorm. 9. The mouth–watering smell that came out of the food carrier made the writer relieve after the turbulence ended. 10. His grandpa picked the writer up at the airport.

*************

## Grade 12

### Unit 5 COLOURS

(ယခင်တစ်ပတ်တွင် ဖော်ပြပါရှိသော မေးခွန်းများ၏ အဖြေများ)

**Ans:**

Unit 5 COLOURS

I. 1. associated; 2. green; 3. blue–collar; 4. leftist; 5. regulations; 6. Greengrocer; 7. Courage; 8. Politics; 9. Black; 10. trustworthy;

II. (1) B (2) A (3) C (4) A (5) B (6) C (7) B (8) A (9) C (10) B

*******************

(ယခင်တစ်ပတ်မှ အဆက်)

**Unit 5 COLOURS**

**III. Rewrite the sentence according to the instructions given in brackets. (10 marks)**

1. I met the man on the bus this morning. He is a famous actor. (Join the sentences using suitable relative pronoun.)
2. He graduated with honours. He received a scholarship. (Use "not only … but also".)
3. Mocha storm caused the power outage in Rakhine State. (Use "It is/ was … who/ that…".)
4. The room was filled with laughter. It echoed with joy. (Join the sentences using participle phrase.)
5. The country will still face significant economic challenges. It doesn't matter who wins the election. (Join the sentences, using "No matter who…".)
6. The football match was canceled. It was raining heavily. (Join the sentences, using linking word "due to".)
7. She is not a native speaker. She speaks English fluently. (Join the sentences, "as if / as though".)
8. They had extra tickets. They invited us to the concert. (Join the sentences, using appropriate "Subordinating conjunction".)
9. You promise to be careful. You can borrow my car. (Join the sentences, using appropriate "Subordinating conjunction".)
10. I was doing my homework. The phone rang. (Join the sentences, using appropriate "Subordinating conjunction".)

**V. (1) Read the passage. (Seen Passage)**

We live in a world of colours, don't we? We often say, or hear people say, a clear blue sky, a deep sea, a red, red rose, as white as snow, as black as coal, and so on.

But do we know that many everyday expressions in English are made from colours? For example, sometimes, when the people we love are not near us, we feel blue, that is, we feel sad and lonely.

And the slow, sad, soulful music of the African–Americans is called 'blues' because it reflects the sad lonely feelings of those African–Americans. Then there are: out of the blue, which means without warning; once in a blue moon, which means very rarely or hardly ever; blue–collar, a term which refers to workers doing manual or unskilled work, and many others.

What about green? If somebody has green fingers, he or she has the natural skill of growing plants successfully. So if you do not have green fingers, don't ever think of taking up gardening as a hobby. And if someone is young and inexperienced, he or she is a greenhorn, or we can say he or she is still green. If someone is given the green light, it means he or she is allowed by someone in authority to go ahead with a certain project or programme. A greengrocer is of course a person or a shopkeeper that sells fruit and vegetables. And a term often heard these days is the greenhouse effect, which refers to the warming of the earth's surface as a result of the trapping of long–wave radiation by carbon dioxide, ozone, and other gases in the earth's atmosphere.

**(A) Write the correct word or words to complete each sentence. (5 marks)**

1. We use _________ to express words in our daily lives.
2. When the people we love are not close to us, we feel _______.
3. _______ is the term used to describe the African–Americans' music.
4. If someone has green fingers, it means they have a special talent for making plants _______ well."
5. If someone receives the _______, it means they have received permission to proceed with the project or programme.
6. Nowadays, the _______ is a term that is often heard.

**(B) Answer each question in one sentence. (5 marks)**

1. What does feeling blue mean in this context?
2. How do we feel when we are blue?
3. What is the music of the African–Americans called?
4. What does the music of the African–Americans express?
5. What does "out of the blue" mean? **(ဆက်လက်ဖော်ပြပါမည်)**

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉–၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# စစ်ကိုင်းတောင်ရိုး သမိုင်းဝင်ဆွမ်းဦးပုညရှင် စေတီတော်ကြီးရှိ ပုညရှင်သာသနာ့ဗိမာန်တော် ရေစက်ချမင်္ဂလာအခမ်းအနားနှင့် သီတဂူ ဝိပဿနာအကယ်ဒမီရိပ်သာသို့ ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ



မုံရွာ အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သမိုင်းဝင်ဆွမ်းဦးပုညရှင်စေတီတော်ကြီးရှိ ပုညရှင်သာသနာ့ဗိမာန်တော် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော်ကြီး၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဘိဓဇမဟာရဋ္ဌဂုရု သောဋ္ဌသမရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ကြီးနှင့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဆွမ်းဦးပုညရှင် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဘိဓဇ မဟာရဋ္ဌဂုရု သောဋ္ဌသမ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ကြီး၊ စစ်ကိုင်းတောင်ရိုး ခေမာသီဝံ ကျောင်းတိုက်ဆရာတော်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဆွမ်းဦးပုညရှင် သာသနာ့ဗိမာန်တော်ကြီး တိုးချဲ့ရင်ပြင်တော်ပေါ်တွင် မင်္ဂလာကျောက်စာအား တစ်ပြိုင်နက် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် ကျေးဇူးတော်ရှင် သီတဂူဆရာတော်ကြီးနှင့် ကြွရောက်တော်မူလာကြကုန်သော ဆရာတော်၊ သံဃာတော်များက ပုညရှင်သာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဘုရားအနေကဇာတင်လှူပူဇော်ကြသည်။

ဆက်လက်ပြီး ပုညရှင်သာသနာ့ဗိမာန်တော် ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ ပင့်သံဃာဆရာတော်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဘိဓဇ မဟာရဋ္ဌဂုရု သောဋ္ဌသမ ရွှေကျင်သာသနာပိုင် သီတဂူ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်ပြီး ဆရာတော်၊ သံဃာတော်ကြီးများထံမှ မေတ္တာသုတ်ပရိတ်တရားတော်အား နာယူကြည်ညိုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများနှင့် ပုညရှင် သာသနာ့ဗိမာန်တော် တည်ဆောက်ရခြင်းအကြောင်း ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပင့်သံဃာဆရာတော်၊ သံဃာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဘိဓဇမဟာရဋ္ဌဂုရု သောဋ္ဌသမရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အဆိုပါ စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး အနောက်ဘက်တွင် အလျား ၁၅၃ ပေ၊ အနံ ၆၃ ပေ၊ အမြင့် ၅၄ ပေရှိ အဆောက်အအုံကို ဘိုးပိုင် ၉၉ လုံးဖြင့် တိုးချဲ့ကာ ပုညရှင်သာသနာ့ဗိမာန်တော်ကြီးအား အထပ်လေးထပ်ဖြင့် တည်ဆောက်ခဲ့သည်။

ထို့နောက် ပင့်သံဃာဆရာတော်ကြီးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြပြီး ဧည့်ပရိသတ်များအား စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူဝိပဿနာအကယ်ဒမီရိပ်သာသို့ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဘိဓဇ မဟာရဋ္ဌဂုရု သောဋ္ဌသမ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် သီတဂူဆရာတော်ကြီးနှင့် ဆရာတော်၊ သံဃာတော်များထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုပြီး "သီတဂူအဓိဋ္ဌာန်" ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ငူ၌ (၆၂)ကြိမ်မြောက် သံဃာ့မဟာပဝါရဏာပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပ

တောင်ငူ အောက်တိုဘာ ၂၉

နှစ်စဉ် ဝါလကင်းလွတ် သီတင်းကျွတ်ကာလ၌ တောင်ငူမြို့နယ်အတွင်း သံဃာ့မဟာပဝါရဏာ ပွဲတော်ကြီးကို အစဉ်အမြဲကျင်းပလျက်ရှိသည်။

ယခုနှစ်တွင် (၆၂)ကြိမ်မြောက်အဖြစ် သံဃာ့မဟာပဝါရဏာပွဲတော်ကြီးကို သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ဦး စင်္ကြံတစ်လျှောက် မွန်းလွဲ ၂ နာရီမှစတင်ကာ စုပေါင်းလောင်းလှူမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ဦးစွာ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်ရှိ ဂန္ဓဝင်ကိုးခမ်းသိမ်တော်ကြီးတွင် တောင်ငူမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ သံဃာတော်များက ပဝါရဏာ ပြုတော်မူကြသည်။

ယင်းနောက် ပဝါရဏာ ပြုတော်မူပြီးသည့် ဩဝါဒါစရိယဆရာတော်ကြီးများ၊ သံဃာတော်များအား ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ဦးစင်္ကြံတစ်လျှောက် လှူဖွယ်ဝတ္ထုပစ္စည်းများကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် စေတနာရှင်အလှူရှင်များက စုပေါင်းလောင်းလှူကြသည်။



ဆက်လက်၍ သီတင်းကျွတ်လပြည့်နေ့ ည ၆ နာရီခွဲတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်မှုများကို မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများနှင့် အညီ ပြုလုပ်ခဲ့ကြောင်း ရွှေဆံတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ရှိ မြို့ကျက်သရေဆောင် သမိုင်းဝင်မဟာတိလောကသယမ္ဘူ ကျောက်တော်ကြီးဘုရား၌ ရွှေသင်္ကန်းကပ်လှူခြင်း၊ ပန်း၊ ဆီမီးများကပ်လှူခြင်းများဖြင့် ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများ စည်ကားသိုက်မြိုက်စွာ ဖူးမြော်ပူဇော်နေခြင်းကို တွေ့မြင်ရစဉ်။

ခင်မောင်လွင်
(ညောင်လေးပင်)



✦ MNL မှ

ရခိုင်ယူနိုက်တက်အသင်းသည် ယခုနိုင်ပွဲကြောင့် အမှတ်ပေးဇယားအလယ်နားအထိ တက်လှမ်းနိုင်ခဲ့သည်။

အရေးပါသည့်ပွဲဖြစ်သောကြောင့် နှစ်သင်းစလုံး လူစုံအသုံးပြုခဲ့ပြီး ပွဲအစ ၁၁ မိနစ်မှာပင် သန့်ဇင်အောင်က မြဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ သို့သော် ခုနစ်မိနစ်အကြာတွင် ရခိုင်ယူနိုက်တက်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ကောင်းစည်သူက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်း ပိုဖိကစားလာနိုင်ပြီး ၂၁ မိနစ်တွင် မောင်မောင်စိုးက ဒုတိယဂိုး၊ ၅၂ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ထရာအိုရေးက တတိယဂိုးသွင်းယူခဲ့သည်။ ၇၈ မိနစ်တွင် သော်ဇင်ထွေးက မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုး ထပ်သွင်းသော်လည်း ရခိုင်ယူနိုက်တက်အသင်းက ပွဲအပြီးထိ အနိုင်ရလဒ် ထိန်းကစားသွားသည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ရခိုင်ယူနိုက်တက်အသင်းမှ မောင်မောင်စိုးက ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက ရမှတ် ၂၀၊ မြဝတီအသင်းက ၁၉ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၈) နောက်ဆုံးနေ့အဖြစ် အောက်တိုဘာ ၃၀ ရက်တွင် YUSC ကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL**

# ကမ္ဘောဒီးယားနိုင်ငံ၏ တစ်ဦးချင်း ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး မြင့်တက်လာမည်



**ဖနောင်ပင် အောက်တိုဘာ ၂၉**

ကမ္ဘောဒီးယားနိုင်ငံ၏ တစ်ဦးချင်း ပြည်တွင်း အသားတင်ကုန်ထုတ်လုပ်မှု တန်ဖိုးသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၁၇ မှ ၂၀၂၄ ခုနှစ်တွင် ၂၀၇၁ ဒေါ်လာအထိ မြင့်တက်လာနိုင်သည်ဟု စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ သိရသည်။

**တိုးတက်မှုနှုန်း ၅ ဒသမ ၆ ရာခိုင်နှုန်းရှိ**

အထည်ချုပ်ပို့ကုန်၊ ခရီးသွားလာရေး၊ ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများကြောင့် နိုင်ငံ၏စီးပွားရေးသည် လာမည့်နှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပြီး ယခုနှစ်တွင် တိုးတက်မှုနှုန်း ၅ ဒသမ ၆ ရာခိုင်နှုန်း ရှိသည်။

ဖနောင်ပင်မြို့တွင် ထောင်နှင့်ချီသော အထည်ချုပ်စက်ရုံ အလုပ်သမားများနှင့် တွေ့ဆုံပွဲ၌ ဝန်ကြီးချုပ် ဟွန်မာနက်က "နိုင်ငံကို ၂၀၃၀ ပြည့်နှစ်တွင် အလယ်အလတ်ဝင်ငွေ၏ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိရေး ဆောင်ရွက်နေပြီး ၂၀၅၀ ပြည့်နှစ်တွင် ဝင်ငွေထိပ်တန်းရရှိသည့် နိုင်ငံ ဖြစ်လာရန် ရည်မှန်းထားသည်" ဟု ပြောကြားသည်။

နိုင်ငံအတွင်း ၂၀၀၉ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း ဆင်းရဲမွဲတေမှုနှုန်း ၃၃ ဒသမ ၈ ရာခိုင်နှုန်းမှ ၁၇ ဒသမ ၈ ရာခိုင်နှုန်းသို့ သိသိသာသာ ကျဆင်းသွားခဲ့ကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ကာဇက်စတန်နိုင်ငံရှိ ကျောက်မီးသွေးတွင်းတစ်ခု၌ မီးလောင်မှုဖြစ်ပွား၊ အနည်းဆုံး ၃၂ ဦး သေဆုံး



**အန်စတာနာ အောက်တိုဘာ ၂၉**

အာရှအလယ်ပိုင်းနိုင်ငံ ကာဇက်စတန်ရှိ ArcelorMittal သတ္တုတွင်းကုမ္ပဏီပိုင် ကျောက်မီးသွေးတွင်းတစ်ခု၌ မီးလောင်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၃၂ ဦး သေဆုံးပြီး ဒါဇင်ကျော် ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

နိုင်ငံအလယ်ပိုင်း ကာရာဂဒါဒေသတွင် အောက်တိုဘာ ၂၈ ရက်က မိုင်းတွင်း မတော်တဆပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း အရေးပေါ်အခြေအနေများဆိုင်ရာ ဝန်ကြီးဌာနက ပြောကြားသည်။

ကာဇက်ခ် အာဏာပိုင်များသည် မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းရင်းနှင့် အဆိုပါသတ္တုတွင်းကုမ္ပဏီ၏ မိုင်းတွင်းလုပ်သားများအတွက် ဘေးကင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မိုင်းတွင်း ပေါက်ကွဲမှုအတွင်း ပျောက်ဆုံးလျက်ရှိသည့် မိုင်းလုပ်သား ၁၄ ဦးကို ရှာဖွေလျက်ရှိသည်။

မတော်တဆမှုဖြစ်ပွားချိန်တွင် သတ္တုမိုင်းအတွင်း အလုပ်သမား ၂၅၀ ခန့် လုပ်ငန်းများ လုပ်ဆောင်နေကြောင်းနှင့် လုပ်သားအများစုကို ရှာဖွေကယ်ဆယ်ထားပြီးဖြစ်ကြောင်း သတ္တုတွင်းကုမ္ပဏီက ပြောသည်။

ကာဇက်စတန်သမ္မတ တိုကာယက်ဗ်သည် အခင်းဖြစ်ရာနေရာသို့ သွားရောက်ခဲ့ပြီး သေဆုံးသွားသည့် အလုပ်သမားများ၏ မိသားစုများအား ဝမ်းနည်းစကား ပြောကြားကာ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် လိုအပ်သလို အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

အဆိုပါ သတ္တုတွင်းကုမ္ပဏီသည် ကာဇက်စတန်နိုင်ငံ၌ သတ္တုတွင်းအများအပြားပိုင်ဆိုင်ပြီး မတော်တဆမှုများ မကြာခဏကြုံတွေ့ခဲ့ရကြောင်း ဒေသတွင်းမီဒီယာများက သတင်းဖော်ပြသည်။

သြဂုတ်လအတွင်း ယင်းကုမ္ပဏီပိုင်ဆိုင်သည့် သတ္တုတွင်းတစ်ခု၌ မတော်တဆဖြစ်ပွားရာ မိုင်းလုပ်သား ငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်ပြည်နယ်၌ ငလျင်လှုပ်ခတ်မှုများဖြစ်ပွား

**ဟီရတ် အောက်တိုဘာ ၂၉**

အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်ပြည်နယ်တွင် အောက်တိုဘာ ၂၈ ရက် ညမှစတင်၍ ငလျင်လှုပ်ခတ်မှုများ ဖြစ်ပွားခဲ့ရာ ဒေသခံ ၁၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဟီရတ်ပြည်နယ်ဆေးရုံမှ တာဝန်ရှိသူ ဂါးဝါလီဇာဒါက ပြောကြားသည်။

ယင်းငလျင်သည် ပြင်းအား ၅ ဒသမ ၀ ရှိပြီး ငလျင်ဗဟိုချက်မအချင်း ၁၀ ကီလိုမီတာရှိကာ အောက်တိုဘာ ၂၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၁ နာရီ ၅၇ မိနစ်တွင် လှုပ်ခတ်ခြင်းဖြစ်ကြောင်းနှင့် အောက်တိုဘာ ၂၈ ရက်တွင်လည်း ဟီရတ်ပြည်နယ်တွင် ပြင်းအား ၄ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ဟီရတ်ပြည်နယ်အနီးရှိ ဘာဂတ်ပြည်နယ်နှင့် ဖရတ်ပြည်နယ်များတွင်လည်း ငလျင်များလှုပ်ခတ်ခဲ့ရာ ဒေသခံထောင်ပေါင်းများစွာ သေကျေထိခိုက် ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ပြီး အဆောက်အအုံများ ပျက်စီးခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူ ၁ ဒသမ ၄ သန်းကျော် နေအိမ်စွန့်ခွာထွက်ပြေးလျက်ရှိ

**ဂျေရုဆလင် အောက်တိုဘာ ၂၉**

ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူ ၁ ဒသမ ၄ သန်းကျော်သည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရပြီး ထက်ဝက်နီးပါးသည် ကုလသမဂ္ဂအဖွဲ့၏ စာသင်ကျောင်းများတွင် ခိုလှုံနေကြသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) အကြီးတန်းအရာရှိတစ်ဦးက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

"ဂါဇာမှာ ဘယ်နေရာမှ မလုံခြုံပါဘူး။ လေကြောင်းတိုက်ခိုက်မှုတွေနဲ့ အကြမ်းဖက်မှုတွေကြောင့် လူနေအိမ်တွေ ပျက်စီးဆုံးရှုံးခဲ့ရတယ်"ဟု ပါလက်စတိုင်းနိုင်ငံဆိုင်ရာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် ဒါရိုက်တာ အယ်ဒီဂျာဘားက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသတွင် လူပေါင်းနှစ်သန်းကျော်သည် စားနပ်ရိက္ခာများ ပြတ်လပ်မှုနှင့်ရင်ဆိုင်နေရပြီး ရေနှင့်လျှပ်စစ်မီးရရှိမှုမှာလည်း အကန့်အသတ်ဖြင့်သာ ရရှိလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့ပြင် လောင်စာဆီတင်ကားများ ဝင်ရောက်ခွင့်မပြုပါက မုန့်ဆိုင်များကို ရက်ပိုင်းအတွင်း ပိတ်မည်ဖြစ်ကြောင်း သိရသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများ သယ်ဆောင်လာသည့် ယာဉ်တန်းများသည် အောက်တိုဘာ ၂၁ ရက်မှစတင်၍ ဂါဇာကမ်းမြောင်ဒေသသို့ ရောက်ရှိခဲ့သော်လည်း ၎င်းတို့၏ ပါဝင်မှုပမာဏနှင့် ရောက်ရှိသည့် အကြိမ်အရေအတွက် နည်းပါးခြင်းတို့ကြောင့် ပြည်သူများ၏ လိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးကြောင်း ဒါရိုက်တာ အယ်ဒီဂျာဘားက ပြောကြားသည်။

ထို့ပြင် ဂါဇာရှိလူဦးရေထက်ဝက်ကျော်သည် ယခုအကျပ်အတည်း မတိုင်မီကတည်းက အခြေခံအစားအစာများအတွက် နေ့စဉ် ရုန်းကန်နေကြရသည်။ ဂါဇာဒေသတွင် အလုပ်လက်မဲ့နှင့် ဆင်းရဲမွဲတေမှုနှုန်း အမြင့်ဆုံးနိုင်ငံအချို့လည်းရှိသည်။

လက်ရှိအချိန်အထိ အစ္စရေး-ပါလက်စတိုင်း အရေးတွင် သေဆုံးသူပေါင်း ၇၀၄၅ ဦးသေဆုံးကြောင်းနှင့် ထက်ဝက်နီးပါးမှာ ကလေးငယ်များဖြစ်သည်။ ထိခိုက်ဒဏ်ရာရရှိသူ ၈၀၄၈၂ ဦးရှိပြီး ယင်းတို့အနက် ၃၃ ဦးမှာ ကလေးများဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာအရ သိရသည်။

ထို့ပြင် လူများပြည့်ကျပ်နေသော အမိုးအကာများနှင့် ဆေးရုံများတွင် ရေနှင့် သန့်ရှင်းရေးအခြေအနေ ဆိုးရွားမှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ အရေအတွက် တိုးလာကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# အစ္စရေးက ဂါဇာကမ်းမြောင်ဒေသတွင် ထိုးစစ်အရှိန်မြှင့်

**ဂျေရုဆလင် အောက်တိုဘာ ၂၉**

အစ္စရေးတပ်ဖွဲ့များသည် ဂါဇာကမ်းမြောင်တွင် မြေပြင်နှင့် လေကြောင်းမှ ထိုးစစ်အရှိန်မြှင့်နေကြောင်း အစ္စရေးစစ်တပ်က အောက်တိုဘာ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

**လေကြောင်းတိုက်ခိုက်မှုပေါင်း ၄၅၀ ကျော် ပြုလုပ်ခဲ့**

စစ်ဆင်ရေးကွပ်ကဲမှု စင်တာများ၊ စောင့်ကြည့်ရေးစခန်းများနှင့် တင့်ကားဖျက်ဒုံးကျည်ပစ်လွှတ်ရေး စခန်းများအပါအဝင် ဟားမတ်စ်အဖွဲ့ပိုင်နေရာများကို ပစ်မှတ်ထား၍ လေကြောင်းတိုက်ခိုက်မှုပေါင်း ၄၅၀ ကျော်ပြုလုပ်ခဲ့ကြောင်း အစ္စရေးစစ်တပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

ဂါဇာကမ်းမြောင် မြောက်ပိုင်းတွင် မော်တာကျည်ဆန် ကျရောက်မှုကြောင့် အစ္စရေးတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး စစ်သွေးကြွများနှင့် တိုက်ခိုက်ရာတွင် စစ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ၎င်းတို့နှစ်ဦးအား ဆေးကုသမှုခံယူရန် အစ္စရေးနိုင်ငံရှိဆေးရုံတစ်ခုသို့ ရွှေ့ပြောင်းခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ဂါဇာဒေသတွင် အနည်းဆုံး ၇၇၀၃ ဦး သေဆုံးခဲ့ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးဝန်ကြီးဌာနက မှတ်ချက်ပြု ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# မွန်ပြည်နယ်ဝန်ကြီးချုပ် ကျိုက္ခမီမြို့ ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် အဘိဓမ္မာအခါတော်နေ့အခမ်းအနား တက်ရောက်



**သံဖြူဇရပ် အောက်တိုဘာ ၂၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေလယ် ဆံတော်ရှင်မြတ်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင် မြတ်ဘုရားကြီး၏ ကုန်းတော်ပေါ်ရှိ သာသနာ့ဗိမာန်တော် ခန်းမဆောင်ကြီး၌ ကျင်းပရာ ကျိုက္ခမီမြို့ သြဝါဒစရိယ ဆရာတော်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ကျိုက္ခမီမြို့ အဘိဓမ္မာအသင်းမှ မျှော်ချင့်ပဏ္ဏာ ကန်တော့လွှာဖြင့် ရွတ်ဆိုပူဇော် ကန်တော့၍ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင် မြတ်ဘုရားကြီး၏ သြဝါဒစရိယ အေးရိပ်သာ မဟာစည် မန္တလေး ကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဝိသုတာစာရထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့မှ မေတ္တာသုတ် တရားတော်များ ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် သာဓုအနုမောဒနာတရား ချီးမြှင့်၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၄ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရပ်ဝေး/ရပ်နီးမှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကျိုက်မရောမြို့ပေါ်ရှိ ဘုရားစေတီများတွင် ကောင်းမှုကုသိုလ်ပြုသူများဖြင့် အထူးစည်ကား

**ကျိုက်မရော အောက်တိုဘာ ၂၉**

သီတင်းကျွတ်လပြည့်နေ့ ( အဘိဓမ္မာအခါတော်နေ့)တွင် ကျိုက်မရောမြို့ပေါ်ရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများနှင့် ဘုန်းကြီးကျောင်းများတွင် ဘုရားဖူးလာပြည်သူများ၊ ဥပုသ်သီလဆောက်တည်သူများ၊ အလှူဒါနပြုကြသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် ယနေ့နံနက် ၇ နာရီမှစတင်ကာ ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ကျိုက်မရောမြို့နယ် ရပ်ကွက်အသီးသီးရှိ လမ်းများပေါ်တွင် စတုဒိသာကျွေးမွေးသူများ၊ သီတင်းကျွတ်ပွဲတော်အထိမ်းအမှတ် မီးပုံးပျံလွှတ်မည့်သူများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် အထူးစည်ကားများပြားလျက်ရှိပြီး အထင်ကရနေရာများဖြစ်သော စံပယ်ဂူဘုရား၊ စံပယ်ဂူတံတား၊ ဘားဘောင်ဂူ၊ ခရုံဂူနှင့် ဆဒ္ဒန်ဂူ တို့၌ ဘုရားဖူးဧည့်သည်များ၊ အပန်းဖြေအနားယူလာရောက်ကြသူများ၊ အလှဓာတ်ပုံ၊ မှတ်တမ်းဓာတ်ပုံ ရိုက်သူများဖြင့် သီတင်းကျွတ်လပြည့်နေ့ အခါသမယကို ပျော်ရွှင်စွာ ဆင်နွှဲကြသူများဖြင့် နေရာများ၌ စည်ကားများပြားလျက် ရှိကြောင်း သိရသည်။

မိချို(ပြန်/ဆက်)

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဆီမီး ၁၀၀၀ ပူဇော်ပွဲနှင့် သီတင်းကျွတ်ပျော်ပွဲရွှင်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

နေပြည်တော် (တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဆီမီး ၁၀၀၀ ပူဇော်ပွဲနှင့် သီတင်းကျွတ် ပျော်ပွဲရွှင်ပွဲကို ယနေ့ညပိုင်းက ကျင်းပသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်းရှိမဟာဗောဓိအောင်မြေ ကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သည့် ဗုဒ္ဓရုပ်ပွားတော် ရှစ်ဆူနှင့် မဟာဗောဓိပင်အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစု ဝတ်ရွတ်အဖွဲ့က ပဋ္ဌာန်းဒေသနာဖြင့် ရွတ်ဖတ်ပူဇော်ပြီး ဝန်ထမ်းမိသားစုများက ဆီမီး ၁၀၀၀ ဖြင့် ထွန်းညှိပူဇော်ကြသည်။



**ပါဝင်ဆင်နွှဲ**

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပျော်ပွဲရွှင်ပွဲကို MRTV ပန်းခြံတွင် ပျော်ရွှင်ဖွယ် ကစားနည်းများ ကျင်းပခြင်း၊ ဌာနခွဲများအလိုက် စုံတွဲတေးကာရာအိုကေသီဆိုမှု ပြိုင်ပွဲကျင်းပခြင်း၊ ကြာဆံချက်ဖြင့် စတုဒိသာကျွေးမွေးခြင်း၊ ဌာနခွဲအလိုက် အစားအသောက်ရောင်းချခြင်းများ ပြုလုပ်ရာ ဝန်ထမ်းများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ချီးမြှင့်သည့် စက်ဘီးနှစ်စီးနှင့် ဌာနမှ ချီးမြှင့်မည့် ငွေကျပ် ၁၀ သိန်းကို ဝန်ထမ်းများအတွက် ကံစမ်းမဲဖောက်ပေးပြီး ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၂၉ ရက် ည ၈ နာရီတွင် ရွှေဘုန်းပွင့်စေတီတော်အား ဆီမီးပူဇော်ပြီး ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



အောက်တိုဘာ ၂၉ ရက် (သီတင်းကျွတ်လပြည့်)ညက စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်ဝင်းအတွင်းရှိ အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့က ဦးဆောင်၍ ဘုရားကြီး၏ အရိပ်တော်အောက်ရှိ သောကြာသန့်ရှင်းရေးအသင်း၏ စီစဉ်မှုဖြင့် အားမာန်လူငယ်ပရဟိတအသင်း၊ စံပြလူမှုကူညီရေးအသင်း၊ မကျည်းတန်းလူမှုကူညီရေးအသင်း၊ ပရဟိတနှလုံးသားလူမှုကူညီရေးအသင်း၊ ရောင်စဉ်မဲ့လူမှုကူညီရေးအသင်း၊ ဥတ္တရလုလင်သွေးလှူရှင်များအသင်း၊ မုဒိတာလူမှုကူညီရေးအသင်းတို့ စုပေါင်း၍ ဘုရားကြီးဂန္ဓကုဋိတိုက်အတွင်း ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြစဉ်။

တင်ဝင်းတင်

# သီတင်းကျွတ်လပြည့်နေ့တွင် ကျိုက်ထိုမြို့နယ်ရှိ ဘုရား၊စေတီပုထိုးများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ကျိုက်ထို အောက်တိုဘာ ၂၉**

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီတင်း ဆောက်တည်သူများ၊ အထင်ကရဘုရား စေတီပုထိုးများနှင့် တန်ခိုးကြီးဘုရားများ၌ ဒေသခံဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။



**စည်ကားလျက်ရှိ**

ကျိုက်ထိုမြို့နယ်အတွင်းရှိ ဗုဒ္ဓဘာသာဝင်ပြည်သူများသည် ယနေ့နံနက်ပိုင်းတွင် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကာ ဆရာတော်ကြီးများထံမှ ဥပုသ်သီလ ခံယူဆောက်တည်ခြင်း၊ တရားတော်များနာယူကြခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း စသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြခြင်းနှင့် ကျိုက်ပေါလောမဲ့ရှင်ဘုရား၊ ထိုင်တော်မူဂေါတမဘုရားတို့၌ ဘုရားဖူးပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။


ဝင်းမောင်(ကျိုက်ထို)

# အမေဇုန်မိုးသစ်တောကဲ့သို့ စိမ်းစိုလှပသည့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

သစ္စာ(MNA)
ဓာတ်ပုံ - ဇွဲမာန်

**မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ အမျိုးသားဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်စုစုပေါင်း ၅၉ ခုရှိပြီး အာဆီယံအမွေအနှစ်စာရင်းဝင် ရှစ်ခုရှိသည်။ ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် အာဆီယံအမွေအနှစ်စာရင်းဝင်တစ်ခုဖြစ်ပြီး ကမ္ဘာ့ရှားပါး တောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားလျက်ရှိရာ သဘာဝထိန်းသိမ်းရေး နယ်မြေတစ်ခုဖြစ်သည်။**

ထမံသီဘေးမဲ့တောသည် အမြဲစိမ်းသစ်တောဖြစ်သည်နှင့်အညီ ရာသီမပြတ်စိမ်းစိုလှပလျက်ရှိပြီး နိုင်ငံပေါင်း ကိုးနိုင်ငံကို ဖြတ်သန်းထားသည့် အမေဇုန်မိုးသစ်တောနှင့်ဆင်တူလျက်ရှိသည်။ အမေဇုန်မိုးသစ်တောသည် မြစ်၊ ချောင်းများပေါများပြီး ကမ္ဘာ့မိုးသစ်တောများ၏ ထက်ဝက်ကို ကိုယ်စားပြုလျက်ရှိရာ ကမ္ဘာ့ရာသီဥတုအပြောင်းအလဲကို ထိန်းချုပ်ပေးသည်အထိ အမေဇုန်သစ်တောသည် လူသားနှင့်ကမ္ဘာကို အကျိုးပြုလျက်ရှိသည်။


ထမံသီဘေးမဲ့တောကို တွေ့ရစဉ်။

## နိုင်ငံအတွက်ဂုဏ်ယူဖွယ်

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၇၄ ခုနှစ် မေလတွင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၉၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင်ဟုမ္မလင်းမြို့၌ အုပ်ချုပ်ရေးမှူးရုံးကို ဖွင့်လှစ်၍ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် အာဆီယံအမွေအနှစ်ဥယျာဉ်ကြီးအဖြစ် အတည်ပြုသတ်မှတ်ခြင်းခံခဲ့ရသည်။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့အတွင်း တည်ရှိပြီး ၅၃၄၅၆ ဧက(၈၃၀ ဒသမ ၄ စတုရန်းမိုင်)ကျယ်ဝန်းသည်။ အဆိုပါဘေးမဲ့တောသည် ချင်းတွင်းမြစ်ကြီးဘေးတွင် တည်ရှိပြီး ဘေးမဲ့တောအရှေ့ဘက်မှ တောင်ဘက်သို့ စီးဆင်းနေသည့် ဥရုချောင်းနှင့်လည်း နီးကပ်သည့်အတွက် တောရိုင်းတိရစ္ဆာန်များ ရှင်သန်ပေါက်ပွားရာ သဘာဝဘေးမဲ့ဥယျာဉ်ကြီးတစ်ခုဖြစ်ပြီး ကမ္ဘာ့ရှားပါးတောရိုင်းတိရစ္ဆာန်အဖြစ် သတ်မှတ်ခံထားရသည့် ဘင်္ဂလားကျားများရှင်သန်ကျက်စားရာ ဘေးမဲ့တောကြီးတစ်ခုဖြစ်သည့်အပြင် အခြားသောမျိုးသုဉ်းလုနီးတိရစ္ဆာန်များ ရှင်သန်ကျက်စားရာ ဘူမိနက်သန်နေရာတစ်ခုအဖြစ် တည်ရှိနေခြင်းတို့သည် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် နို့တိုက်သတ္တဝါ ၅၇ မျိုး၊ ငှက်မျိုးစိတ် ၃၂ မျိုး၊ ငါး ၆၇ မျိုး၊ ကုန်းနေရေနေ တွားသွားသတ္တဝါ ၇၇ မျိုး၊ အပင်မျိုးစိတ် ၄၃၂ မျိုး၊ ဆေးဖက်ဝင်အပင် ၁၉ မျိုး၊ ဝါး ၁၄ မျိုး၊ ကြိမ် ရှစ်မျိုး၊ ရေနေပင် ၂၃ မျိုး၊ မြက် ၁၈ မျိုးနှင့် သစ်ခွ ၁၆ မျိုးတို့ ရှင်သန်ပေါက်ရောက်လျက်ရှိသည်။ အမြဲစိမ်းသစ်တောနှင့် အထက်ရွက်ပြတ်ရောနှောတောစိုဖြစ်၍ ဘေးမဲ့တောသည် ဥတုသုံးလီ စိမ်းစိုလျက်ရှိသည်။

## နိုင်ငံ၏ရတနာသိုက်များပမာ

သဘာဝတောရိုင်းတိရစ္ဆာန်များ ကျက်စားနေထိုင်ရာ တောတောင်များကို ရှင်သန်တည်ထောင်နိုင်မှုသည် သစ်တောထွက်ပစ္စည်းများကို အသုံးပြုနိုင်ခြင်း၊ ဆေးဖက်ဝင်အပင်များမှ ဆေးဝါးများ ထုတ်လုပ်နိုင်ခြင်း၊ သစ်တောအတွင်းရှိ မြစ်ချောင်းအင်းအိုင်နှင့် ရေတံခွန်တို့တွင် ဒေသမျိုးရင်းငါးမျိုးစိတ်များကို ထိန်းသိမ်း၍ သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ခြင်း၊ သစ်တောထွက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံခြားငွေရရှိစေနိုင်မည်ဖြစ်သည်။ ရှားပါးတောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည် နိုင်ငံ၏ဂုဏ်ကို ထုတ်ဖော်ပြသနိုင်ခြင်းဖြစ်ပြီး ဘေးမဲ့တောများ စိမ်းစိုလှပရှင်သန်မှုသည် နိုင်ငံ၏ ရာသီဥတုမျှတမှုကိုလည်း အကျိုးပြုလျက်ရှိရာ ဘေးမဲ့တောများသည် နိုင်ငံ၏ရတနာသိုက်များပင်ဖြစ်သည်။

ချင်းတွင်းမြစ်ဘေးတွင် တည်ရှိသည့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ စစ်တမ်းများအရ ဘင်္ဂလားကျားကောင်ရေ ၂၀ ခန့် ကျက်စားနေထိုင်ကြောင်း မှတ်တမ်းတင်ထားသည်။

## ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝမှုအပေါ်တွင်မူတည်

ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသော ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် မြန်မာနိုင်ငံတွင် အကြီးဆုံးသောတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဧရိယာများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး တောရိုင်းတိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေး၊ သဘာဝသယံဇာတစီမံခန့်ခွဲမှု တိုးတက်စေရေးနှင့် ဒေသခံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့သည် အဆိုပါဘေးမဲ့တောကြီး၏ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝမှုအပေါ်တွင် မူတည်လျက်ရှိသည်။

## သဘာဝအလှကို အနီးကပ်ခံစားတွေ့မြင်နိုင်

သဘာဝအခြေခံကောင်းများ ကြွယ်ဝသော မြန်မာနိုင်ငံတွင် ပွင့်လင်းခရီးသွားရာသီ၌ ပြည်တွင်း ပြည်ပမှ ခရီးသွားများ သွားရောက်လည်ပတ်နိုင်ရန် ခရီးသွားဒေသတို့၌ ကြိုတင်ပြင်ဆင်လျက်ရှိပြီး ခရီးစဉ်များအဆင်ပြေစွာ သွားရောက်လည်ပတ်နိုင်ရန် ဖိတ်ခေါ်လျက်ရှိသည်။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရှားပါးငှက်များ ကျက်စားနေထိုင်လျက်ရှိရာ သုတေသနလုပ်ငန်းများဖြင့် လေ့လာနိုင်ခြင်း၊ တောရိုင်းတိရစ္ဆာန်ခြေရာများကို ဗဟုသုတအဖြစ် လေ့လာနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို ကြည့်ရှုနိုင်ခြင်း၊ တောတွင်းခရီးစဉ်များ သွားလာနိုင်ခြင်း၊ ဒေသခံ ရှမ်းနီ၊ နာဂတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုနှင့် နေထိုင်မှုပုံစံတို့ကို လေ့လာနိုင်ခြင်း၊ ထမံသီဘေးမဲ့တောသင်တန်းနှင့် သုတေသနစင်တာတို့တွင် ကြည့်ရှုလေ့လာလည်ပတ်နိုင်ခြင်းဖြင့် ဘေးမဲ့တော၏သဘာဝအလှကို အနီးကပ်ခံစား တွေ့မြင်နိုင်မည်ဖြစ်သည်။

## သွားရောက်လည်ပတ်နိုင်မည့် ခရီးစဉ်တစ်ခု

ယခုလာမည့် ခရီးသွားရာသီတွင် သဘာဝအခြေခံခရီးသွားဒေသများကို နှစ်သက်ကြသည့် ပြည်တွင်းပြည်ပခရီးသွားများအနေဖြင့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ လာရောက်လည်ပတ်လိုပါက ရန်ကုန်- မန္တလေး-ခန္တီး လေယာဉ် ခရီးစဉ်မှတစ်ဆင့် ထမံသီဘေးမဲ့တောသို့ကား(သို့မဟုတ်) ချင်းတွင်းမြစ်အတွင်း ပြေးဆွဲသည့် အမြန်ရေယာဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်-မန္တလေး-ဟုမ္မလင်း လေယာဉ်ခရီးစဉ်မှတစ်ဆင့် ထမံသီဘေးမဲ့တောသို့ ကား (သို့မဟုတ်) အမြန်ရေယာဉ်ဖြင့်လည်းကောင်း သွားရောက်လည်ပတ်နိုင်မည်ဖြစ်သည်။ ။

**"သဘာဝတောရိုင်းတိရစ္ဆာန်များ ကျက်စားနေထိုင်ရာ တောတောင်များကို ရှင်သန်တည်ထောင်နိုင်မှုသည် သစ်တောထွက်ပစ္စည်းများကို အသုံးပြုနိုင်ခြင်း၊ ဆေးဖက်ဝင်အပင်များမှ ဆေးဝါးများ ထုတ်လုပ်နိုင်ခြင်း၊ သစ်တောအတွင်းရှိ မြစ်ချောင်းအင်းအိုင်နှင့် ရေတံခွန်တို့တွင် ဒေသမျိုးရင်းငါးမျိုးစိတ်များကို ထိန်းသိမ်း၍ သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ခြင်း၊ သစ်တောထွက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံခြားငွေရရှိစေနိုင်မည်"**


ကျားသစ်ကို တွေ့ရစဉ်။


ဘင်္ဂလားကျား ကျက်စားနေထိုင်မှုကို တွေ့ရစဉ်။


မျောက်လွဲကျော် မျက်ခုံးဖြူ။

## ပခုက္ကူမြို့၊ အမှတ် (၁)ရပ်ကွက်၊ မဟာဝိဇယာရာမ(အရှေ့တိုက်) ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တနေမိန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု)ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် အောက်တိုဘာ ၂၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ် (၁)ရပ်ကွက်၊ မဟာဝိဇယာရာမ(အရှေ့တိုက်) ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တနေမိန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု)၊ သက်တော် (၁၀၂) နှစ်၊ သိက္ခာ (၈၂)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ (၂၉-၁၀-၂၀၂၃)ရက်၊ တနင်္ဂနွေနေ့၊ (၀၀:၅၅)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကျင်းပ



**ကျိုက်ထို အောက်တိုဘာ ၂၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ တည်ရှိသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၉ ရက်) နံနက် ၅ နာရီခွဲ၌ ဆံတော်ရှင်ကျိုက်ထီးရိုး ရင်ပြင်တော်၌ ကျင်းပသည်။

ဦးစွာ ကျိုက်ထီးရိုး ရင်ပြင်တော်ရှိ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၌ ကျိုက်ထီးရိုးစေတီတော် သြဝါဒါစရိယ ဆရာတော်များအား မွန်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် သြဝါဒါစရိယ ဆရာတော် ၁၁ ပါးမှ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပြီး စေတီတော်မြတ်အား ဆရာတော်ကြီးများနှင့် မွန်ပြည်နယ် အစိုးရအဖွဲ့ တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပူဇော်ကြသည်။

ယင်းနောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲ မင်္ဂလာကို နမောတဿ သုံးကြိမ်ရွတ်ဆို ပူဇော်ဖွင့်လှစ်ပြီး ဆရာတော် ဘဒ္ဒန္တတေဇဝန္တ (မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်)ထံမှ ကိုးပါးသီလ ခံယူ ဆောက်တည်၍ ဆရာတော်ကြီးများက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်ပေးကာ သြဝါဒါစရိယ ဆရာတော်ကြီးများထံ မွန်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကျိုက်ထီးရိုးစေတီတော် သြဝါဒါစရိယဆရာတော် နိုင်ငံတော် သံဃနာယကအဖွဲ့ဝင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မရမ်းချိုကျောင်းတိုက် ဆရာတော် ဦးအာစရက သြဝါဒကထာ ချီးမြှင့်တော်မူပြီး ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော် သြဝါဒါစရိယ (မွန်ပြည်နယ် သံဃနာယကအဖွဲ့) ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဘယသုတရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာသနက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေပြီး ဗုဒ္ဓသာသနံစီရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးမျိုးဆွေ၊ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် ဒုတပ်မမှူး ဗိုလ်မှူးကြီး ထင်လင်းအောင်၊ မွန်ပြည်နယ် သာသနာရေး ဦးစီးမှူး ဦးအောင်ဝင်းထွန်းတို့က ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဘုရားဖူးပြည်သူများက ဆွမ်းဆန်စိမ်းနှင့်အတူ လှူဖွယ်ဝတ္ထုများအား လောင်းလှူခဲ့ကြကြောင်း သိရသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်အား သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

## သထုံမြို့၌ (၃၁)ကြိမ်မြောက် ဂိုဏ်းပေါင်းစုံ သံဃာ့မဟာပဝါရဏာပွဲနှင့် ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်များ စုပေါင်းလောင်းလှူပွဲ ကျင်းပ

သထုံ အောက်တိုဘာ ၂၉

မွန်ပြည်နယ် သထုံမြို့နယ်တွင် ဂိုဏ်းပေါင်းစုံဆရာတော်ကြီးများ ကြီးမှူး၍ ကျောင်းတိုက်အသီးသီးတို့မှ ဂိုဏ်းပေါင်းစုံ သံဃာတော်များ သံဃာ့မဟာပဝါရဏာပြုပွဲနှင့် ပဝါရဏာပြုသံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်များ စုပေါင်းလောင်းလှူခြင်းကို သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) မွန်းလွဲပိုင်းက လေးဆူဓာတ်စံရွှေစာရံစေတီတော်တောင်ဘက်မုခ်အနီးရှိကလျာဏီသိမ်တော်ကြီး၌ကျင်းပသည်။

သံဃာ့ပဝါရဏာပြုပွဲတွင် မြို့နယ်သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌ




ဆရာတော် ဘဒ္ဒန္တ သူရိယက ဦးဆောင်၍ သံဃာတော်အပေါင်းက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခြင်း၊ ပဝါရဏာပြု သံဃာအရေအတွက်ဖတ်ကြားခြင်း၊ ပဝါရဏာအမေးအဖြေပြုခြင်း၊ ဝါစဉ်အလိုက် သံဃာ့ပဝါရဏာပြုခြင်း၊ မေတ္တာသုတ်ပရိတ်တရားတော်များ ပွားများပူဇော်ခြင်း၊ ထေရ်ကြီးဝါကြီး ဆရာတော် သံဃာတော်များထံမှ ဂိုဏ်းပေါင်းစုံ သံဃာတော်များက အဆုံးအမ သြဝါဒများ ခံယူခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ယင်းနောက် ပဝါရဏာပြုတော်မူကြသည့် သံဃာတော်များအား အမှတ်(၆၀၆) အမြောက်စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် ကိုဦး၊ သထုံတပ်နယ်မှူး ဗိုလ်မှူးကြီးအောင်အောင်ဟိန်း၊ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးမင်းစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်အေးခန့်တို့ ဦးဆောင်၍ သထုံမြို့နယ်အတွင်းရှိ တပ်မ၊ တပ်နယ်၊ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ မြို့သူမြို့သားများစုပေါင်းကာ စာရေးတံမဲများ ဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်များ စုပေါင်းလောင်းလှူပူဇော်ကြသည်။

မဟာပဝါရဏာပြုရာသို့ သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီး၌ ဝါဆိုဝါကပ်တော်မူခဲ့ကြသည့် ဂိုဏ်းပေါင်းစုံသံဃာတော် စုစုပေါင်း ၆၉၆ ပါး တက်ရောက် ပဝါရဏာပြုတော်မူခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိဇယာရာမ(အရှေ့တိုက်) ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနေမိန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လယ်မကြီးအုပ်စု ဆင်လမ်းကျေးရွာ ခမည်းတော် ဦးသန့်+ မယ်တော် ဒေါ်ငွေမိတို့မှ ၁၂၈၄-ခုနှစ် ဝါခေါင်လဆန်း(၁၃)ရက် စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၇-ခုနှစ် ဝါဆိုလဆန်း(၈) ရက်နေ့တွင် ပခုက္ကူမြို့နယ် လယ်မကြီးအုပ်စု ဆင်လမ်းကျေးရွာ ဆင်လမ်းကျောင်းဆရာတော် ဘဒ္ဒန္တကေသရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာ နုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၀၄-ခုနှစ် ဝါဆိုလဆန်း(၇) ရက်နေ့တွင် ပခုက္ကူမြို့နယ် လယ်ယာတောင်ပေါ်ကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် လယ်ယာကျေးရွာနေ ဦးဘလတ် + ဒေါ်စိန်မိတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ပခုက္ကူမြို့နယ် ဆင်လမ်းကျေးရွာ ဆင်လမ်းကျောင်းဆရာတော် ဘဒ္ဒန္တကေသရ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ(အရှေ့တိုက်) ပထမဆရာတော်၊ ဒုတိယဆရာတော် ဘဒ္ဒန္တဇောတိက၊ တတိယဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ မန္တလေးမြို့ ချမ်းသာကြီးကျောင်းတိုက်ဆရာတော်၊ စကုတိုက်ဆရာတော်၊ တောင်သမန်တိုက်ဆရာတော်၊ မိုးကောင်းတိုက်ဆရာတော်တို့ထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး **“သာသနဓဇသိရီပဝရဓမ္မာစရိယ”**ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မဟာဝိဇယာရာမ(အရှေ့တိုက်)တွင် စာသင်သားရဟန်း သာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်းနှင့် စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးဖြစ်မြောက်ရေး မူလသံဃာ့ဝန်ဆောင် (၆၆)ပါးတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပထမအကြိမ်မှစ၍ (၃)ကြိမ်တိုင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ်လည်းကောင်း၊ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ယနေ့အထိ နိုင်ငံတော်သြဝါဒါ စရိယဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးရရှိတော်မူခြင်း ဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဉ္ဆနဂုဏ်၊ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ခမာဇာဂရိယဂုဏ်၊လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၀-ပြည့်နှစ်တွင် **“အဘိဓဇမဟာရဋ္ဌဂုရု”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည်သာသနာတော်အကျိုးကိုသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၁၀၂)နှစ်၊ သိက္ခာတော်(၈၂)ဝါအရ ၁၃၈၅-ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (၂၉-၁၀-၂၀၂၃) တနင်္ဂနွေနေ့ (၀၀:၅၅) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၅-၁၀-၂၀၂၃ ရက်မှအဆက်

“လယ်ယာမြေ” ဆိုသည်မှာ စိုက်ပျိုးရေးအတွက် အသုံးပြုသည့်၊ သို့တည်းမဟုတ် လက်ရှိထားရှိသည့် မြေကို ဆိုလိုသည်။

အဲဒီလို ဆိုထားပါတယ်။

“တစ်ခါ “ရှင်းလင်းချက် ၁” အနေနဲ့ ဆက်လက်ပြီး ရှင်းလင်းထားတဲ့ ရှင်းလင်းချက် စကားရပ်ထဲမှာ ဆိုရင်လည်း ဟောဒီလို ဆိုထားပါတယ်။

“ထိုစကားရပ်များတွင် လူအများ အခေါ်အဝေါ် အားဖြင့် လယ်၊ ယာ၊ ကိုင်းမြေဟုသော်လည်း ကောင်း၊ ကြက်ပေါင်စေး၊ ခနီ၊ ဥယျာဉ်ခြံမြေဟု သော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန် စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ ကျွန်း၊ မြေနုကျွန်းပေါ်ဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများပါဝင်သည်” လို့ အဲဒီလို ဆိုထားပါတယ်။

“ရှင်းနေသားပဲကွ၊ “ထန်းမြေ” ဆိုတဲ့ စကားလုံး တစ်လုံးမှ မပါဘဲဟာ”

ကိုအေးဆွေ၏စကားအပြတ်တွင် ဦးမြို့က ချက်ပိုင်ပိုင်နှင့် ကောက်နှက်လိုက်သည်။

“အဲဒါ ပြောတာပေ့ါ။ ဦးလေးတို့က ဥပဒေပါ စကားကို သဘောမပေါက်ဘူး၊ သေချာစွာမလေ့လာဘူးလို့”

ဦးမြို့မှာ ကိုအေးဆွေ၏ ရှုတ်ချပြောဆိုလိုက်မှုကြောင့် မျက်နှာမှာ ရဲခနဲဖြစ်သွားသည်။

ကိုအေးဆွေကမူ မထူးတော့ပြီဖြစ်၍ ဦးမြို့ မည်သို့ မျက်နှာပျက်သွားသော်လည်း ဆက်၍ ပြောပြန်သည်။

“ခုတင်က ပြောခဲ့တဲ့ “ရှင်းလင်းချက် ၁”ထဲက လယ်၊ ယာ၊ ကိုင်းမြေဆိုတဲ့ စကားရပ်မှာ “ယာမြေ” အနေနဲ့ ကျွန်တော်တို့ ထန်းအောက်မြေကို ဆိုချင်ဆိုနိုင်ပါတယ်။

“ဒါမှမဟုတ် “ကြက်ပေါင်စေး၊ ခနီ၊ ဥယျာဉ်ခြံမြေ” ဆိုတဲ့ စကားရပ်ထဲမှာ “ဥယျာဉ်ခြံမြေ” အနေနဲ့ ထည့်သွင်းပြီး ကျွန်တော်တို့ “ထန်းအောက်မြေ” ကို ဆိုချင်လည်း ဆိုနိုင်ပါတယ်။

“ဘာကြောင့်လဲဆိုတော့ ထန်းပင်ကို ပထမ ယာမြေပေါ်မှာ စိုက်ပျိုးရတယ်။ နောက် သီးခိုင်၊ နို့ခိုင်တွေထွက်လာတော့ ထန်းသန်အောင်ဆိုပြီး ထန်းအောက်မှာရှိတဲ့ မြေယာတွေကို ပြောင်း၊ နှမ်း၊ လူး၊ ဆပ်၊ မြေပဲ၊ ဝါဂွမ်း ဆိုတာလို အလှည့်ကျ နှစ်စဉ်အမြဲ ကြဲပက်စိုက်ပျိုးပေးရတယ်။

“အဲဒီလို ကြဲပက်စိုက်ပျိုးတဲ့အခါမှာလည်း ကျွန်တော်တို့မှာ ကိုယ်ပိုင်လှည်းနွားမရှိလို့ ကိုယ့်အိတ်ထဲကပဲ ငွေကြေးစိုက်ထုတ်ပြီး နွားတို့ ဘာတို့ ကိုငှားပြီး ထွန်ယက်ပေးရတယ် ဆိုတာလည်း ဦးလေးတို့အသိ။

“အဲဒီတော့ ကျွန်တော်တို့ဟာ ထန်းသန်လာပြီး ထန်းရည်ထွက် ကောင်းလာအောင်ဆိုပြီး ထန်းအောက်မြေကို နှစ်စဉ်နှစ်တိုင်း ထွန်ယက်စိုက်ပျိုးပေးရတဲ့အတွက် ထန်းပင်တွေ ပေါက်ရောက်ဖြစ်ထွန်းနေတဲ့ “ထန်းအောက်မြေ” ဆိုတာဟာ ကောက်ပဲသီးနှံတွေ စိုက်ပျိုးပေးနေရတဲ့ ယာမြေ ဆိုတာနဲ့ ဘာများကွာခြားချက် ရှိနေလို့လဲ။

“အဲဒီလို ထန်းသန်လာအောင် ထန်းအောက်မြေကို ထွန်ယက်စိုက်ပျိုးပေးနေရလို့၊ တစ်နည်းအားဖြင့် ဆိုရင် ထန်းအောက်မြေဖြစ်တဲ့ ယာမြေကို မြေတောင်မြှောက်ပေးနေရလို့ ထန်းအောက်မြေ ဆိုတာနဲ့ ယာမြေဆိုတာ ဘာများခြားနားမှုရှိသေးလို့လဲ။

“အဲဒီလို နှစ်ရှည်ပင်ကြီးတွေ သန်စွမ်းလာအောင် ထန်းအောက်မြေကို ထွန်ယက်စိုက်ပျိုးပေးနေရလို့ တစ်မျိုး၊ နောက်ပြီး တစ်နှစ်မှာ ပြာသိုလပြည့်ကျော်၊ တပို့တွဲလဆန်းလောက်ကစပြီး သီတင်းကျွတ်လလောက်ထိ ၉ လ၊ ၁၀ လလောက် လုံးလုံးဟာ ကိုယ်တိုင်ကြီးကြပ်ပြီး ထန်းပင်ကို အမြဲတမ်းပြုပြင်လှီးဖြတ်တက်ယူရတာနဲ့ တစ်မျိုးဆိုတော့ ထန်းဥယျာဉ်မြေလို့ကော မခေါ်ဆိုနိုင်ပေဘူးလား။ ဒီလိုဆိုရင် အခြားသော နှစ်ရှည်ပင်ကြီးတွေ စိုက်ပျိုးထားတဲ့ ဥယျာဉ်ခြံမြေ ဆိုတာနဲ့ကော ဘာများခြားနားမှုရှိသေးလို့လဲ”

ဦးမြို့သည် ကိုအေးဆွေ၏ ရှင်းလင်းချက်များကို တွေဝေစွာဖြင့် စိုက်၍ နားထောင်နေသည်။

အနီးရှိ ဦးသန်းဆွေ၊ မလှမ်းမကမ်းရှိ ပွဲရုံစာရေးတို့မှာလည်း တွေးတောစရာ အချက်များပါသည့် ကိုအေးဆွေ၏စကားများကို စဉ်းစားတွေးတောနေပုံရသည်။ ငြိမ်သက် စိတ်ဝင်စားစွာဖြင့် နားထောင်နေကြသည်။

“အဲဒီတော့ လယ်ယာမြေဆိုသည်မှာ စိုက်ပျိုးရေးအတွက် အသုံးပြုသည့် သို့တည်းမဟုတ် လက်ရှိထားရှိသည့်မြေကို ဆိုလိုသည်ဟု ဆိုထားချက် စကားထဲမှာ ထန်းပင်များ စိုက်ပျိုးဖြစ်ထွန်း ပေါက်ရောက်ရာ ထန်းအောက်မြေလို့ ခေါ်ဆိုတဲ့ ထန်းယာမြေ သို့မဟုတ် ယာမြေဟာလည်း အကျုံးဝင်နေပြီပဲ မဟုတ်လား။

“တစ်ခါ လယ်ယာမြေထွက် ကောက်ပဲသီးနှံတွေအတွက် မြေရှင်ကို သီးစားခပေးစရာ မလိုတော့ဘူးလို့ နိုင်ငံတော်အစိုးရက ဥပဒေ ပြဋ္ဌာန်းကြေညာလိုက်သလို ဒီကောက်ပဲသီးနှံတွေ စိုက်ပျိုးထားတဲ့ကြားထဲက ပေါက်ရောက်ဖြစ်ထွန်းနေတဲ့ သီးညှပ်လို့ခေါ်ဆိုနိုင်တဲ့ ထန်းပင်ရဲ့ သီးခိုင် နို့ခိုင်တွေက ထွက်တဲ့ ထန်းလျက်အတွက်လည်း ယာမြေရှင် ထန်းပိုင်ရှင်ကို သီးစားခ ပေးစရာမလိုတော့ ဆိုတဲ့ စကားရပ်ထဲမှာလည်း အကျုံးဝင်သွားပြီ မဟုတ်လား။

“အဲဒီလို အကျုံးဝင်သွားခြင်းကြောင့်လည်း ၁၉၆၅ ခုနှစ် သီးစားချထားရေး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေထဲမှာ ပုဒ်မ ၄ အဖြစ်နဲ့ လယ်ယာမြေများပေါ်တွင် “အစိုးရက ချထားသော သီးစားများသည် သို့မဟုတ် မြေရှင်များကချထားသော သီးစားများ ကျန်ရှိနေသေးလျှင် ထိုသီးစားများသည် မြေရှင်များအား သီးစားခ ပေးရန်မလို” ဆိုပြီး နိုင်ငံတော်အစိုးရက ဥပဒေပြဋ္ဌာန်းကြေညာလိုက်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ထန်းသမားတွေကလည်း ထန်းပိုင်ရှင် မြေရှင်တွေကို ထန်းစုပေးရန် မလိုတော့ဆိုပြီး စုပေါင်းထန်းလုပ်ငန်းအဖွဲ့ရဲ့ (၄) ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကြီးမှာ တင်ပြပြီး အားလုံးသဘောတူ ဆုံးဖြတ်လိုက်ကြတာပါ”

ကိုအေးဆွေက တစ်လျှောက်တည်း ပြောချလိုက်သည်။ ထိုနောက် ဦးမြို့ထံမှ တုံ့ပြန်လာဦးမည့် အခြေအနေကို အကဲခတ်နေသည်။

ထိုစဉ် ပွဲရုံရှေ့သို့ ဆီလှည်းတစ်စီးနှင့် မန်ကျည်းလှည်းနှစ်စီးတို့ ရောက်လာပြီး ပွဲရုံစာရေးနှင့် အရောင်းအဝယ် စကားပြောနေကြရာ ကြိုက်ဈေးရ၍ ဆီများ၊ မန်ကျည်းသီးများကို ချိန်တွယ်ကြရန် အလုပ်သမားများက ပြင်ဆင်နေကြသည်။

ဦးမြို့မှာလည်း ကိုအေးဆွေ၏ အကိုးအကားနှင့် ချက်ကျလက်ကျ ပြောဆိုလာသော စကားများကြောင့် ပြန်လှန်ချေပရန် စဉ်းစားနေရင်းက မျက်ထောင့်ကြီးနီလာပြီး နှာခေါင်းကြီးမှာလည်း ပွစိပွစိ ဖြစ်လာတော့သည်။

“ဒီမှာကွ၊ မင်းတို့ဟာ မင်းတို့ ကိုယ်လိုသလိုဆွဲပြီး ပြောမနေနဲ့ကွ။ ဒီဥပဒေထဲမှာ တကယ်လို့ နိုင်ငံတော်အစိုးရက တို့ထန်းမြေတွေပါ ပါစေချင်ရင် အတိအလင်း စကားလုံးထည့်ပြီး ပြဋ္ဌာန်းလိုက်မှာပေ့ါ။ ခုတော့ ထည့်သွင်းပြဋ္ဌာန်းစရာ မဟုတ်ဘူးဆိုပြီး လုံးဝ ချန်လှပ်ထားတာပေ့ါကွယ်။ ဒါကိုပဲ မင်းတို့က ကိုယ်လိုသလိုဆွဲယူပြီး ခုလို ထန်းစုမပေးဘဲ အခမ့လုပ်တာတော့ ဘယ်တရားမလဲကွ”

ဦးမြို့ကလည်း ရှူးရှူးရှားရှားဖြင့် ဒေါသတကြီး ငြင်းခုံလာပြန်သည်။

“ဒီလိုမှ မပါဘူးထင်ရင်၊ ကျွန်တော်တို့လုပ်တာ မတရားဘူးလို့ထင်ရင် ဦးလေးတို့ ဗဟိုမြေယာကော်မတီထိတက်ပြီး တိုင်ကြပေ့ါ”

ကိုအေးဆွေကမူ ဦးမြို့က မည်သို့ပင် ဒေါသတကြီးဖြင့် အော်လားဟစ်လား ပြုလာငြားသော်လည်း အေးဆေးသည့်အမူအရာဖြင့်ပင် ထပ်၍ တို့လိုက်ပြန်သည်။

“ဒါ မင်းပြောမှလားကွ”

ဦးမြို့က အော်လိုက်သည်။ သူသည် ကိုအေးဆွေ၏ အေးဆေးတည်ငြိမ်သည့်အမူအရာကို ကြည့်ပြီး သူ့အား မထီမဲ့မြင်ဖြင့် စိန်ခေါ်နေသည်ဟု ထင်မှတ်လိုက်ကာ အော်လိုက်ခြင်း ဖြစ်လေသည်။ ထိုနောက် ဆက်လက်ကာ–

“ဒီမှာကွ မောင်အေးဆွေ၊ ဗဟိုမြေယာကော်မတီကျမှ တို့အကြောင်း မင်းတို့ဘာဖြစ်သွားမယ်ဆိုတာ စောင့်ကြည့်ကြပေ့ါကွ။ တို့လည်း ဥပဒေနားလည်တဲ့ ရှေ့နေ ဝတ်လုံတွေနဲ့ တိုင်ပင်နေပါပြီ။ မင်းတို့နဲ့ တို့နဲ့ တစ်ပွဲတစ်လမ်း အကဲစမ်းကြသေးတာပေ့ါကွာ”

ဦးမြို့သည် ပြောပြောဆိုဆိုပင် မည်သူ့ကိုမျှ နှုတ်မဆက်တော့ဘဲ ပွဲရုံထဲမှ စိတ်ဆိုးမာန်ဆိုးဖြင့် အံကြိတ်၍ ကြိမ်းဝါးရင်းက တဆောင့်ဆောင့်နှင့် ထွက်သွားတော့သည်။

[၃၇]

“ဟေ့ ဆယ်ရင်၊ မင်းတို့ ခေါင်းဆောင်ကြီးက တို့ထန်းတောအတွက် ထန်းစုမပေးတော့ဘူးဆိုပြီး ငါ့စကားနွားရ ပြောနေပါ့လားကွ”

ကျောက်ပန်းတောင်းမြို့တွင် ကိုအေးဆွေနှင့် ကုန်သည်တစ်ပိုင်း၊ ထန်းပိုင်ရှင်တစ်ပိုင်း ကုန်သည်ပွဲစားကြီး ဦးမြို့တို့ အချီအချ စကားစစ်ထိုးပွဲလေးဖြစ်ပြီးနောက် ၃၊ ၄ ရက်လောက်အရှိတွင် ဘုံထန်းတောနယ်မြေ စုပေါင်းထန်းလုပ်ငန်းအဖွဲ့မှ တွဲဖက်အတွင်းရေးမှူးဖြစ်သူ ဆယ်ရင်သည် တင့်ကန်ရွာသား ရှင်ပြုအလှူသို့ သွားခဲ့သည်။

ဤတွင် အလှူမဏ္ဍပ်အတွင်း ဧည့်ခံဝိုင်းတွင် ထိုင်လျက်ရှိနေသော ထန်းပိုင်ရှင် ဦးမြမောင်က တစ်ဖက်ဝိုင်းတွင် လာရောက်ထိုင်ချလိုက်သော ဆယ်ရင်အား ထိုင်လျှင်ထိုင်ချင်း ခနဲ့လိုက်သည်။

“ဒါကတော့ ဦးလေးရာ၊ အခြေအနေအရပေ့ါ”

ဆယ်ရင်က လူအများအကြားတွင် အကယ်၍ စကားပြောအဆင်မပြေပါက အတိုက်အခံဖြစ်ပြီး ငြင်းခုံနေရမည်ဖြစ်၍ မပြောလိုဟန်ဖြင့် ပါးစပ်ထဲတွေ့ရာစကားလုံးကိုသုံး၍ ပြောလိုက်သည်။ ထို့နောက် အနီးရှိ အသိမိတ်ဆွေများနှင့် နှုတ်ဆက်စကားပြောနေသည်။

သို့ရာတွင် ဦးမြမောင်ကမူ ထပ်၍ လှောင်လိုက်ပြန်သည်။

“အောင်မယ်၊ မင်းစကားကလည်း ကြီးကျယ်လှချည်လားကွ။ အခြေအနေအရတဲ့။ အေးဆွေလေပေါက်အတိုင်းလိုက်ပြီး လာပြန်ပြီတစ်ယောက်။ ဟိုကောင်ကလည်း ပြီးခဲ့တဲ့ သုံးလေးရက်လောက်တုန်းက ဦးမြို့ကို အခြေအနေတွေ၊ ဥပဒေတွေ၊ ပုဒ်ထီးပုဒ်မတွေနဲ့ချည်း ကိုင်ပေါက်သွားလိုက်တာ။ အနားရှိတဲ့လူတွေကိုတောင် လွှင့်စဉ်ကုန်ခမန်းပဲ။ မင်းကလည်း ဆိုစမ်းပါဦးကွ။ ဘာတွေနဲ့များ ကိုင်ပေါက်ဦးမလို့လဲ။ တကတဲ ဥပဒေပညာရှိကြီးတွေဆိုတော့”

မည်သို့ပင် ဦးမြမောင်က သရော်လှောင်ပြောင်နေသော်လည်း ဆယ်ရင်ကမူ မိမိစိတ်ကို တတ်နိုင်သမျှ ကြိုးစားထိန်းထားလေသည်။

“ဒီလိုဆိုရင်ဥပဒေကြောင့်မပေးရတာပါဆိုတာကို ကျုပ်အနေနဲ့ ထပ်ပြီး မပြောချင်တော့ဘူး”

**ဆက်လက်ဖော်ပြပါမည်။**

“ကျောက်ပန်းတောင်းမြို့တွင် ကိုအေးဆွေနှင့် ကုန်သည်တစ်ပိုင်း၊ ထန်းပိုင်ရှင်တစ်ပိုင်း ကုန်သည်ပွဲစားကြီး ဦးမြို့တို့ အချီအချ စကားစစ်ထိုးပွဲလေး ဖြစ်ပြီးနောက် ၃၊ ၄ ရက်လောက်အရှိတွင် ဘုံထန်းတောနယ်မြေ စုပေါင်းထန်းလုပ်ငန်းအဖွဲ့မှ တွဲဖက်အတွင်းရေးမှူးဖြစ်သူ ဆယ်ရင်သည် တင့်ကန်ရွာ သားရှင်ပြုအလှူသို့ သွားခဲ့သည်။

ဤတွင် အလှူမဏ္ဍပ်အတွင်း ဧည့်ခံဝိုင်းတွင်ထိုင်လျက်ရှိနေသော ထန်းပိုင်ရှင် ဦးမြမောင်က တစ်ဖက်ဝိုင်းတွင် လာရောက်ထိုင်ချလိုက်သော ဆယ်ရင်အား ထိုင်လျှင်ထိုင်ချင်း. . .”

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

စာတည်း

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၉

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၇ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဗန်းမော်မြို့နယ် စီအင်မြို့အဝင် ဘီးခွန်ဂိတ်အနီး၌ လွယ်ဂျယ်မြို့မှ ဗန်းမော်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရုတ်နိုင်ငံထုတ် ပလတ်စတစ်မိုးကာလိပ် ကိုးလိပ်၊ ပလတ်စတစ်ရေပုံး (အသေး) ၁၀၀၀၊ မာလာခေါက်ဆွဲ အိတ် ၁၆၀ ကီလိုဂရမ်၊ ငါးမာလာအနှစ်ထုပ် ၁၅၀ ကီလိုဂရမ်၊ အစားအသောက် အစပ်ချောင်း/အပြား ၁၅၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Bighorn တစ်စီးနှင့် Station Wagon တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၂၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လားရှိုးမြို့ မြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၈/၇) အနီး၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Glass Fiber သိုးမွေး ၆၉၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Express တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျိုင်းတုံမြို့ နောင်နွန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာချီလိတ်မြို့မှ ကွန်ဟိန်းမြို့သို့ မောင်းနှင်လာသည့် ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lina Gluta Collagen အထုပ် ၆၄၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၂၈၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၉၅၀၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းရှိ မန်းရွှေလီကုမ္ပဏီ၏ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် လည်ရှည်ဖိနပ်အရန် ၆၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၂၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Sinar Spectra ရောင်စုံစက္ကူ (A4) ၁၆၆၄၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၁၈၂၄၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၁၃၈၂၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထပ်မံ၍ အောက်တိုဘာ ၂၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ ပို့ကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Dry Ginger ၇၀၅၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၄၄၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Maxten Urinal ကြွေဆီးပေါက်ခွက် ၆၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၂၄၄၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၇ ရက်တွင် ကောလင်းမြို့ စက်ရုံလယ်ပြင်ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များဖြစ်သည့် Jialing တစ်စီး၊ Zong Shen 125 တစ်စီးနှင့် Suzuki 125 တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)ကိုလည်းကောင်း၊ မုံရွာမြို့ ပြည်ထောင်စုလမ်း ဂေါက်ကွင်းအနီး၌ လိုင်စင်မဲ့ Lifen သုံးဘီးဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀) ကိုလည်းကောင်း၊ အောက်တိုဘာ ၂၈ ရက်တွင် ရွှေဘိုမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များဖြစ်သည့် Kenbo 125 နှစ်စီးနှင့် Sanbo 125 တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၁၀၆၆၄၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မိုးညှင်းမြို့နယ်၌ ငွေကျပ် ၁၅၉၀ ဒသမ ၇၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



နောင်နောင်နှင့် စိုးသူတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၂၉

အောက်တိုဘာ ၂၈ ရက် ညနေ ၅ နာရီခွဲက ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် လွဲမွန်ကျေးရွာအုပ်စု နန့်မီးလောင်ကျေးရွာအနီးတွင် စိုးသူနှင့် နောင်နောင်တို့ နှစ်ဦးအား VOXY အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းအတွင်းမှ ဘိန်းဖြူ ၅ ဒသမ ၆၄၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် စိုးသူ(၃၂)နှစ်နှင့် နောင်နောင်(၂၀)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၁၀-၂၀၂၃ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ မန်းမြေတစ်ခွင်မှ ထူးခြားထင်ရှားတည်ရှိမှုများ
- ၀၈:၃၅ မာရဝိဇယကမ္ဘာ့အကြီးဆုံး စကျင်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်း
- ၀၉:၄၀ (၂၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ(ဆဋ္ဌမနေ့)
- ၁၀:၃၀ တောင်ပိုင်းပိုးလမ်းမသစ်တရုတ်-မြန်မာ အခန်းကဏ္ဍများ(အပိုင်း-၁၁)
- ၁၀:၅၀ Economic Review
- ၁၁:၃၀ ဘဝနှင့်အနုပညာ
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမှုန်း' (အပိုင်း-၄၈)
- ၁၅:၃၀ ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
- ၁၆:၃၅ မျိုးဝုဏ်တင့်စေဆိုကရေးတီးအငွေ့
- ၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၂၅ ပြည်တွင်းထုတ်ကုန်အားဖြင့်လူမှုဘဝ မြင့်မားစေရမည်
- ၁၇:၄၀ လာခဲ့ပါလေရခိုင်မြေ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၁၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၂၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ(သတ္တမနေ့)
- ၂၁:၁၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းငတ်ထုတ်' (အပိုင်း-၁)

### mitv

- 07:01 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
- 07:09 Myanmar's Beauty and Nature "Beach"
- 07:36 Unique Art of Stucco Work (New Version)
- 07:53 Thadingyut Lighting Festival with Great Devotions
- 08:01 News
- 08:26 Global Updates; UN adopts historic deal to protect high seas
- 08:47 Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung
- 09:01 A Worth Keeping Treasure of Anyar
- 09:34 Kayah Style
- 09:42 Products of Myanmar - Mya Setkyar Pure Silk Fabric From Inle Lake
- 10:01 News
- 10:44 Dough Artist's Dream
- 11:01 Myanmar Childhood Games (Episode-3)

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ရှေးဟောင်းမွန်ရိုးရာတူရိယာ

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
Arakan Talented Star
'ချစ်မြတ်စုစံနှင့်တွေ့ဆုံခြင်း'

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ကျိုင်းတုံ-မိုင်းပျဉ်းကြားကရှမ်းပြီးတဲ့လမ်းခရီး

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၈)

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
သဘာဝဆန်ဆန်အလှရှိရာ
ခူးပရာတောင်ရှေ့တောင်တန်းဆီသို့

**ဝကေကရင် (၁၈:၀၀ မှ ၁၉:၀၀)**
တောင်ပေါ်သူလေးရဲ့ရိုးရာဟင်းလျာ

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
မသန်သော်လည်းစွမ်းတဲ့သူ

**အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)**
တွေ့မြင်ခံစားကြာအင်းတောင်ပေါ်မှမြင်ကွင်းများ

**ချင်း(လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၁)

**ချင်း(ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ချင်းရိုးရာပြတိုက်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၁၅ ထူးခြားစုံလင်အာရုံစိုစိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ငွေအသုံးကုန်းတစ်ဝက်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေး
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၆)
- ၁၈:၀၀ Economic Review (အပိုင်း-၂၆)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၂၅ ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ချဖို့ သဘာဝမြေဩဇာပြုလုပ်သုံးစွဲကြပါစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၁၅ ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
- ၁၈:၀၀ Hocus-Pocus 2(နိုင်ငံခြားဇာတ်လမ်း)
- ၁၉:၃၀ How Americans Produce 97.3 Billion Eggs Every Year Chicken Farming Documentary

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match(Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Weekly Sports Info

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# သီတင်းကျွတ်လပြည့်တွင် ဦးပိန်တံတား၌ လူစည်ကား၍ အရှေ့ဘက်ခြမ်း တံတားကျိုးကျမှုဖြစ်

နေပြည်တော် အောက်တိုဘာ ၂၉

အဘိဓမ္မာအခါတော်နေ့ သီတင်းကျွတ်လပြည့်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ လာရောက်လည်ပတ်သူများ စည်ကားများပြားလျက်ရှိရာ အမရပူရမြို့ရှိ ဦးပိန်တံတား၌ လူများပြားသဖြင့် ယနေ့မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်က တောင်သမန်ဘက်ခြမ်း တိုင်အမှတ်(၃၃၉)နှင့် (၃၄၀)ကြား ပြိုကျမှုဖြစ်ပွားခဲ့ပြီး အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ၁၅ ဦး ပွန်းပဲ့ဒဏ်ရာရရှိခဲ့ကြောင်းနှင့် တံတားပျက်စီးရာသို့ တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးပြီး အမြန်ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဦးပိန်တံတားသည် ၁၈၄၉ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး နှစ်ပေါင်း ၁၇၀ ကျော်သက်တမ်းရှိပြီဖြစ်သည်။ တံတားအရှည်မှာ ၁ ဒသမ ၂ ကီလိုမီတာရှိပြီး ကမ္ဘာပေါ်တွင် အရှည်ဆုံးကျွန်းသားတံတားဖြစ်ကာ မြန်မာ့ရှုခင်းကောင်း တစ်ခုနှင့် အပန်းဖြေလေ့လာရန် နေရာတစ်ခုအဖြစ် ကျော်ကြားလျက်ရှိသည်။

ယနေ့အဘိဓမ္မာအခါတော်နေ့တွင် တံတားအရှေ့ဘက်ခြမ်း စက္ကူပန်းခြံနှင့် အနောက်ဘက်ခြမ်း ကန်ပေါင်လမ်းဘက်တွင်လည်း စည်ကားလျက်ရှိပြီး လမ်းများပိတ်ဆို့နေ၍ တာဝန်ရှိသူများက အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်








# ကြံတန်ဖိုးအပြင် သကြားရောင်းချသော အမြတ်ငွေကိုလည်း ခံစားခွင့်ရရှိကြဟု နယ်ဒေသအချို့မှ ကြံတောင်သူများ ပြောကြား

နေပြည်တော် အောက်တိုဘာ ၂၉

ကြံစိုက်တောင်သူများအနေဖြင့် ကြံထွက်သောတန်ဖိုးအပြင် သကြားရောင်းချ၍ရသော အမြတ်ကိုလည်း ခံစားခွင့်ရရှိကြကြောင်း အမြတ်ငွေရရှိသည့် ကြံတောင်သူများထံမှ သိရသည်။

အမြတ်ငွေ ရရှိကြသည့် တောင်သူများမှာ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ မြို့လှသကြားစက်၊ နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် အင်ပင်ကျေးရွာအုပ်စုရှိ တောင်စဉ်အေးသကြားစက်နှင့် တပ်ကုန်းမြို့ အနောက်မြောက်ဘက် (၇)မိုင်ခန့်အကွာရှိ ဒဟတ်ကုန်း သကြားစက်တို့တွင် ကြံရောင်းချနေသည့် တောင်သူများဖြစ်ကြောင်း သိရသည်။

"ကြံတောင်သူတွေရဲ့ စားဝတ်နေရေးအဆင်ပြေစေဖို့ ရည်ရွယ်ချက်နဲ့ တောင်သူတွေဟာ သကြားစက်ရဲ့ စီးပွားဖက်အနေနဲ့သဘောထားကို ထုတ်ဖော်ပြသတဲ့အနေနဲ့ အမြတ်ငွေကို ခွဲဝေပေးတာဖြစ်ပါတယ်" ဟု မြို့လှ သကြားစက်တာဝန်ရှိသူက ပြောသည်။

"တစ်နှစ်ကို ၁၀ ဧက နီးပါးစိုက်တယ်။ မြို့လှစက်ရုံကို ကြံရောင်းတယ်။ ကြံရောင်းချသူတွေကို တစ်တန်အတွက် ငွေကျပ် ၄၀၀၀ စီ အမြတ်ခွဲပေးတာ ဖြစ်ပါတယ်။ ဝမ်းသာရတယ်လေ"ဟု ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းတွင် ကြံစိုက်သော တောင်သူတစ်ဦးက ပြောသည်။

## တစ်ပြေးညီပေး

မြို့လှနှင့် တောင်စဉ်အေး သကြားစက်များအနေဖြင့် အမြဲတမ်းရောင်းချသည့် ကြံတောင်သူများအား ယခုနှစ် ပထမအကြိမ် အမြတ်ငွေ ခွဲဝေပေးစဉ်က ကြံတစ်တန်လျှင် ကျပ် ၃၀၀၀၊ ကျပ် ၅၀၀၀၊ ကျပ် ၇၀၀၀၊ ကျပ် ၉၀၀၀၊ ကျပ် ၁၁၀၀၀ သတ်မှတ်ခွဲဝေပေးခဲ့ပြီး အမြဲတမ်းရောင်းသူများမဟုတ်ဘဲ အခြားစက်ရုံကို ရောင်းသည့် တောင်သူများအား တစ်တန်လျှင် ကျပ် ၁၅၀၀ ပေးခဲ့ရာမှ ယခုလအတွင်း ဒုတိယအကြိမ်တွင် စက်ရုံ သုံးခုလုံးသို့ လာရောက်ရောင်းချသော အမြဲတမ်းတောင်သူနှင့် အခြားစက်ရုံများကိုပါ ရောင်းချသည့် တောင်သူများအား တစ်တန်လျှင် ကျပ် ၄၀၀၀ တစ်ပြေးညီပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၅ နှစ်အတွင်း အမြတ်ငွေထုတ်ပေးရာတွင် ဒဟတ်ကုန်း သကြားစက်အနေဖြင့် ကြံတောင်သူများအတွက် စုစုပေါင်း ကျပ်သိန်း ၁၁၀၀၀ ကျော်၊ ကြံသယ်ယာဉ်အဖွဲ့အတွက် အမြတ်ငွေကျပ်သိန်း ၉၅၀ ခန့်ကို လည်းကောင်း၊ တောင်စဉ်အေးသကြားစက်ရုံအနေဖြင့် ကြံတောင်သူများအတွက် အမြတ်ငွေကျပ်သိန်း ၁၇၀၀၀ ကျော်၊ ကြံသယ်ယာဉ်အဖွဲ့အတွက် ကျပ်သိန်း ၁၀၀၀ ကျော်ကို လည်းကောင်း၊ မြို့လှသကြားစက်အနေဖြင့် ကြံတောင်သူများအတွက် စုစုပေါင်းကျပ်သိန်း ၂၅၀၀၀ ကျော်ကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

မေငယ်


## ဖခင်အမည်မှန်

ကျောက်ကြီးမြို့၊ အထက ကျောင်း Grade-11 ၌ တက်ရောက်ပညာသင်ကြားနေသော နန်းဆုယွန်းဝေ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းနေထွန်းလင်း ၇/ကကန(နိုင်)၀၂၆၈၁၆ ဖြစ်ပါကြောင်း။ **ဦးစိုင်းနေထွန်းလင်း**

## ဖခင်အမည်မှန်

ကျောက်ကြီးမြို့၊ အထက ကျောင်း Grade-11 ၌ တက်ရောက်ပညာသင်ကြားနေသော နန်းသက်မှူးခင်၏ ဖခင်အမည်မှန်မှာ ဦးကြည် ၇/ကကန(နိုင်)၀၁၃၈၆၀ ဖြစ်ပါကြောင်း။

**ဦးကြည်**

# ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်-၀၀-၁၊ ဦးပိုင်အမှတ်(၃၆)/၆၈x၆၉လမ်းကြား၊ Aလမ်းတောင်ဘက်(အနီး)ရှိ ဒေါ်သန်းနွဲ့အမည်ပေါက် ဂရန်မြေကွက်အား၊ ဖခင်ဦးထောင်းခင်ထန်း(ခ)ထွန်းခင်ထန်(ခ)ထွန်းခင်၊ မိခင် ဒေါ်သန်းနွဲ့တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်နွယ်နွယ်ဦး[၉/မရမ(နိုင်)၀၅၃၁၁၁]၊ ဒေါ်စိုးစိုးဌေး [၉/မရမ(နိုင်)၀၀၀၄၆၉]၊ ဒေါ်စိုးစိုးသန့် [၉/မရမ(နိုင်)၀၀၀၄၆၈]၊ ဒေါ်မော်မော်လွင် [၉/မရမ(နိုင်)၀၈၂၂၂၉]၊ ဦးအောင်ထွန်းဦး [၉/မရမ(နိုင်)၀၈၂၂၂၈]၊ ဦးသန်းထွန်းကျော် [၉/ခအဇ(နိုင်)၀၀၁၂၀၇]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့်စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုက်ကြီးကုန်းကျေးရွာ၊ ပြည်လမ်းမကြီး၊ အမှတ်(၄၆)နေ ဦးသန်းဝင်း [၁၂/ဗဟန (နိုင်)၀၀၄၃၂၀]နှင့် ဒေါ်အုန်းမြင့် [၁၂/ဗဟန(နိုင်)၀၀၄၆၁၈]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးသန်းဝင်း၊ ဒေါ်အုန်းမြင့်တို့၏သားဖြစ်သူ ကိုဇာနည်လင်း [၁၂/ဗဟန(နိုင်)၀၀၄၁၄၄] သည် မိဘများ၏သွန်သင်ဆုံးမမှုများကို နာခံမှုမရှိခြင်းနှင့် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းတို့ကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဆောင်ရွက်ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူမိဘများ**
**ဦးသန်းဝင်း၊ ဒေါ်အုန်းမြင့်**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်သန်းဦး [B.A(Eco:), H.G.P, D-A(1)]**
**အထက်တန်းရှေ့နေ(စဉ်-၁၀၂၂၀)**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၆၂၇၅၂၆၂၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် အပိုင်း-၃၊ ဦးပိုင်အမှတ် (၅၁+၅၂+၅၃+၅၈+၅၉+၆၀)၊ ၅၁x၅၂ကြား၊ နှင်းဆီနှင့် မြတ်လေးလမ်းကြားရှိ ဦးသော်အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးသော်၊ မိခင်ဒေါ်စောအေးတို့ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်တင်ညွန့် [၉/ခမစ(နိုင်)၀၀၄၂၉၈]က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

# သွေးသည် အသက်

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ (၆၁) ရပ်ကွက်၊ ရတနာလမ်း၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ် (1A) ဟုခေါ်တွင်သည့် (၁၈) ထပ်တိုက်အဆောက်အဦရှိ အကျယ်အဝန်း (480 sq.ft) ရှိ အခန်းအမှတ် (1006)၊ အထပ် Level - 10 တိုက်ခန်းနှင့် ရေမီးအပြည့်အစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးကျော်မင်းထွန်း [၁၂/အစန(နိုင်)၀၂၆၈၉၂]၊ ဒေါ်အေးသီတာဦး [၁၂/ဗဟန(နိုင်)၀၉၆၅၈၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေကျပ် တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသင်းမြတ်ဆန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၈၄)**
**အမှတ် (၁၆၄/ခ)၊ (၄) လမ်း၊ (၁၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၅၀၀၂၇၁၁၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်-၅၅၈၊ ဦးပိုင်အမှတ်(၂)/၃၃x၃၄လမ်းကြား၊ ၈၃လမ်းရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဇနီး ဒေါ်ရွှေချင့်(ခ)လီရွှေချင့် ကွယ်လွန်၍ ကျန်ရစ်သူခင်ပွန်း ဦးအိုက်ဆန်[၁/ဗမန(နိုင်)၀၂၈၉၇၀]က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးစိုးအေး** (၁၂/ ပဘတ (နိုင်) ၀၂၇၉၆၀) (ဘ- ဦးအဗ္ဗဒူဂဖါး) ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည် -

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀) ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် (၁၈၆/၁၈၈) (ပထမထပ်- ဝဲ) ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်း (၁) ခန်း။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၄ လမ်း၊ အမှတ် (၄၀/၄၄) ဂိုထောင်အတွင်းရှိ အခန်းအမှတ် (၁၀) ဟုခေါ်တွင်သော မြေညီထပ်တိုက်ခန်း (၁) ခန်း။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ (က) ရပ်ကွက်၊ နတ်စင် (၆) လမ်း၊ အမှတ် (၁၈)၊ တတိယထပ် (ယာ) ဟုခေါ်တွင်သော တိုက်ခန်း (၁) ခန်း။

(၄) ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ (က) ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ် (၂)၊ ၃ လွှာ (ယာ) ဟုခေါ်တွင်သော တိုက်ခန်း (၁) ခန်းနှင့်

(၅) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကွက်သစ်ရပ်ကွက်၊ (၂) လမ်းရှိ အကျယ်အဝန်း (ပေ၃၀×ပေ၆၀) ရှိ မြေကွက် (၁) ကွက်တို့မှာ ကျွန်ုပ်၏မိတ်ဆွေ**ဦးစိုးအေး**၏ ကွယ်လွန်သူမိဘများဖြစ်သည့် ဦးအဗ္ဗဒူဂဖါးနှင့် ဒေါ်မရောရွှန်ဘီတို့၏ ကျန်ရစ်အမွေပစ္စည်းများဖြစ်ပြီး မိဘများကွယ်လွန်ပြီးနောက် **(အစ္စလာမ်တရားဥပဒေအရ)** ကျွန်ုပ်၏မိတ်ဆွေ**ဦးစိုးအေး**လည်း (ညီအစ်ကိုမောင်နှမများနှင့်ပူးတွဲ၍) အမွေဆက်ခံပိုင်ဆိုင်သော မခွဲဝေရသေးသည့်အမွေပစ္စည်းများဖြစ်ပါသည်။

ထို့ကြောင့် အထက်ပါအမွေပစ္စည်းများအား ကျွန်ုပ်၏မိတ်ဆွေ**ဦးစိုးအေး**၏သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်းများ ပြုလုပ်ခွင့်မရှိကြောင်းနှင့် ပြုလုပ်ပါက ပြုလုပ်သူများအား ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးခင်မောင်ကျော်** (LL.B)
Higher Grade Pleader (Lawyer Lc No.49943/ 2018)
အမှတ် (၄၅၆)၊ အနော်မာ (၁၁) လမ်း၊ ပထပ်၊ သာကေတမြို့နယ်၊
ရန်ကုန်မြို့။ 09 78 300 2014

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## ဦးတင်ထွန်း(ပုလော၊ပလ)

**အသင်းဝင်အမှတ် (၁၂၄၉)**

## အသက်(၇၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပလမြို့၊ အမှတ်(၃)ရပ်ကွက်၊ အောင်မင်္ဂလာလမ်းနေ ဒေါ်အောင်မြကြည်၏ ခင်ပွန်း ဦးတင်ထွန်းသည် ၂၉-၁၀-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၂၃(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

**နာယက၊ အမှုဆောင်အဖွဲ့**

---

**အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း**

## Hji Ahmed Ibrahim Soorma@ ဦးအောင်ကျော်မြင့် @ Alfred Soe Myint

**( အထက-၁ ဒဂုံ ကျောင်းသားဟောင်း၊ BE Mechanical ကျောင်းသားဟောင်း-၁၉၇၇ batch)**

## အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အမှတ်-၂၀/၃၊ နတ်မောက်လမ်းသွယ် (၁)နေ (Haji Ibrahim Soorma@ ဦးစိုးမြင့်- Hajjah Zainab Bi Lala@ ဒေါ်မြတီ)တို့၏သားဦး၊ Hajjah Zubaidaa Amla @ ဒေါ်ကြည်ကြည်သိန်း၏ခင်ပွန်း၊ Haji Gora Lala @ ဦးကျော်မြင့် - Hanifa Soorma@ ဒေါ်သဇင်မြင့် ၊ Haji Saeed Soorma @ ဦးဝင်းကျော်မြင့် - Hajjah Rashida Lala@ဒေါ်ယဉ်ယဉ်လှဲ့ တို့၏ အစ်ကို၊ Zaina Soorma @ Zin Mar Myint - ကိုဖြိုးဝေအောင်၊ Suffiyan Soorma @ ကိုသက်ဖြိုးပိုင်တို့ ၏ မွေးသဖခင် ကျေးဇူးရှင်၊ Sara Aung ၏အဘိုးသည် ၂၉-၁၀-၂၀၂၃ရက်မွန်းလွဲ၁း၁၀ နာရီတွင် Aryu International ဆေးရုံ၌ အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃၀-၁၀-၂၀၂၃ရက် နံနက် ၁၀ နာရီတွင် ရေဝေးကဘာရ်စတန်တွင် ဒါဖွနာမည်ဖြစ်ကြောင်း။

(နေအိမ်မှကားများ နံနက် ၈:၃၀ နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်-ဝ-၇၊ ဦးပိုင်အမှတ်(၈၇)/၆၈x၆၉ကြား၊ ဝေသာလီနှင့် သာယာဝတီလမ်းကြားရှိ ဒုတက မောင်တင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်နှင်းက တရားပြိုင် ဒုတပ်ကြပ်မောင်တင်အပေါ် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော် တရားမကြီးမှုအမှတ်(၁၄၄/၂၀၂၂)ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသူ ဒေါ်နှင်း[၁၃/သပန(နိုင်)၀၀၄၄၂၇]က တောဂရန်စာချုပ်၊ တရားရုံးအနိုင်ဒီကရီများတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်-၁၂၊ ဦးပိုင်အမှတ်(၉၁)/၃၉လမ်း၊ ၅၆x၅၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါက်တာ ကျော်ဦး[၅/မရန(နိုင်)၀၅၃၈၁၃]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၈၉၂/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သူဇာဝင်း[၉/ခအဇ(နိုင်)၀၁၅၆၆၃]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ-၃၊ ဦးပိုင်အမှတ် (၉၆)၊ ၈၂x၁၇လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မို့မို့ [၉/အမဇ(နိုင်)၀၀၆၂၈၅] ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၃၉၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးဝင်းမြင့် [၉/မရမ(နိုင်)၀၃၇၂၄၇] က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၅)၊ ဦးပိုင်အမှတ်(၄၃)/၆၉x၇၀ကြား၊ ၁၁၅x၁၁၆ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒုတကငြိမ်းဝင်း[၁/မကန(နိုင်)၀၃၇၆၉၄]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၁၆၅/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတင်ရွှေ[၈/တတက(နိုင်)၁၆၃၈၆၃] က အခွန်ထမ်းဆောင်ပြီးဖြစ်ပြီး တောဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ထပ်မံရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ထွန်း(ပုလော၊ ပလ)

## အသက်(၇၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပလမြို့၊ အမှတ်(၃)ရပ်ကွက်၊ အောင်မင်္ဂလာလမ်းနေ ဒေါ်အောင်မြကြည်၏ ခင်ပွန်း၊ ကိုအောင်ဇော်သန်း-မယုယုလွင်၊ ကိုသိန်းစိုး-မဆွေဇင်ပ၊ ကိုကျော်မင်းဦး(ခ)နောင်မဲ-မဇင်ဝင်းလတ်တို့၏ ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုး ဦးတင်ထွန်းသည် ၂၉-၁၀-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၂၃(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်သော စိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် လလ-၄၂၊ ဦးပိုင်အမှတ်(၄၂)/၅၇x၅၈လမ်းကြား၊ ၁၄၀Bလမ်းရှိ ဒေါ်လှဝင်း အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၃၄၁၆/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သည့် ဦးထိန်ဝင်း[၁၃/တကန(နိုင်)၀၈၅၄၆၉]၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၆၅၂/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသည့် ဦးကိုကိုအောင်[၉/အမရ(နိုင်)၁၁၀၀၄၉]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၁၀)၊ ဦးပိုင်အမှတ် (၅၆)/၆၀Bx၆၁လမ်းကြား၊ မင်္ဂလာလမ်းနှင့်စံပြလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးကြည်(ခ)ဦးအောင်ကြည် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၂၀၇/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးဖြစ်သူ ဒေါ်သန်းတင် [၉/မရတ(နိုင်)၀၇၉၆၅၅]၏ (GP ရသူ ဦးဇော်မိုးအောင်)က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၅၁၆၆/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၇)၊ ဦးပိုင်အမှတ် (၇၉)၊ ဂန္ဓမာလမ်း (၄၇x၄၈)လမ်းကြားရှိ တောဂရန် မြေကွက် အမည်ပေါက်သူ ဦးတင်ငွေ [၉/မနတ(နိုင်)၀၇၁၂၀၈] AE-၂၁၉၅၄၆ ၏ (SP ရသူ ဒေါ်မေစီ)က မူရင်းပိုင်ရှင်၏ မှတ်ပုံတင်နှင့် အိမ်ထောင်စု ဇယားတို့ တင်ပြနိုင်ခြင်းမရှိကြောင်းတင်ပြစာ၊ တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၁၆၀/၂၀၂၃-၂၀၂၄)ဖြင့် တောမှ မြို့ပြောင်း/သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၁၂)၊ ဦးပိုင်အမှတ် (၁၂/၁၄-ခ)၊ ၂၂x၂၆ လမ်းကြား၊ ၉၁ လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ခင်ပွန်း ဦးသန့်စင် ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်ခင်အေး [၉/မနတ(နိုင်)၀၈၀၁၅၄]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၃ ရပ်ကွက်၊ ဒေါ်မြနှစ်လမ်းနှင့်မဟာဆွေလမ်းထောင့်၊ အမှတ် -၆၅၁ ၊ ပြည့်စုံချမ်းသာ(၃)ကွန်ဒို၊ (6)ခန်းတွဲတိုက်၏ Level (5)၊ အခန်းအမှတ် -(502)၊ (1605 Sq- ft ) အကျယ်အဝန်းရှိသော ကွန်ဒိုတိုက်ခန်းအပြင်ယင်းကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ Golden Gate Engineering & Construction Co.,Ltd ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးမြတိုးမောင်မောင် [၁၂/မရက(နိုင်)၁၀၅၃၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝေလင်း [၁၂/အလန(နိုင်)၀၄၃၂၃၃]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်သောကြောင့် အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရည်မွန်ဦး LL.B, DBL, WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၄၄၇)**
**အမှတ်-၈၂၄၊ တိမ်ညိုလမ်း၊ (၉)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၆၄၈၉၁၄**

---

## ဦးလှခိုင်

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## အသက်(၉၂)နှစ်

(ဦးမြအေး-ဒေါ်စိန်တင်)တို့၏သားလတ်၊ (ဦးဘချစ်-ဒေါ်ကျင်စိန်)တို့၏သားသမက်၊ (ဦးလှကြိုင်)-ဒေါ်ညွန့်ညွန့်တို့၏ညီ၊ ဦးသာလှိုင်-ဒေါ်ညိမ်းညိမ်း၊ (ဦးစောလွင်)-ဒေါ်တင်တင်အေး၊ (ဦးမြသိန်း-ဒေါ်မမကြီး-ဒေါ်မမလေး)တို့၏ အစ်ကို၊ အခန်း(၂၀၁)၊ တိုက် (B-1)ဒုတိယထပ်၊ (၅)လမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်ဖြူဝင်း၏ခင်ပွန်း၊ အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်ရဲဝင်း(ငြိမ်း)-ဒေါ်အိအိခိုင်၊ ဦးမျိုးခိုင်-ဒေါ်နွယ်နီဦး၊ ဒေါက်တာသင်းသင်းခိုင်၊ (ဦးကျော်ကျော်ခိုင်)-ဒေါက်တာအေးအေးမြင့်၊ ဦးသက်ဝင်းခိုင်-ဒေါက်တာဒေါ်မေကဆုန်တို့၏ ကျေးဇူးရှင် မွေးသဖခင်ကြီး၊ မြေးလေးယောက်၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၉-၁၀-၂၀၂၃(တနင်္ဂနွေနေ့)နံနက် ၂:၃၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၂၃(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင်ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၂၃(စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှမြင့်(ခ)G.ဗားဂရားလက်ချမီး(ခ)ဗာနူး

## အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နောက်ရပ်ကွက်၊ အမှတ်(၄၀)၊ (၈၉)လမ်း နေ (ဦးG ချင်းနယား-ဒေါ်လက်ချမီး)တို့၏ သမီးကြီး၊ (ဦးစိုးမြင့်-ဒေါ်ခင်ခင်အေး)၊ ဦးအောင်မြင့်-ဒေါ်ချစ်သွင်၊ (ဦးမောင်စိုး)-ဒေါ်အေး၊ (ဦးမောင်မြ-ဒေါ်အေးအေး)တို့၏ညီမ ၊ ဦးထွန်းအောင်-ဒေါ်ပြုံး၊ ဒေါ်ငွေငွေ၊ (ဦးလှဦး)-ဒေါ်စိုးစိုး၊ ဒေါ်အေးအေး၊ ဦးရာဂျူး-ဒေါ်ကမလား၊ ဦးငွေဝင်း- ဒေါ်မူနီစန်းစန်းမြင့်တို့၏အစ်မကြီးသည် ၂၉-၁၀-၂၀၂၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၀-၂၀၂၃(တနင်္လာနေ့)တွင် ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာမည်ဖြစ်ပါသည်။)

ကျန်ရစ်သူမိသားစု

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် သ-၅၊ ဦးပိုင်အမှတ်(၄၂)/၆၉x၇၀လမ်းကြား၊ ၁၁၅x၁၁၆ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ တကသိန်းဇော် [၉/မနမ(နိုင်)၀၆၉၂၁၈]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၂၂၅/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတင်ရွှေ [၈/တတက(နိုင်)၁၆၃၈၆၃]က အခွန်ထမ်းဆောင်ပြီးဖြစ်ပြီး တောဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ထပ်မံ ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဝီရိရပ်ကွက်၊ အကွက်အမှတ်-၁၄၀၊ ဦးပိုင်အမှတ်(၂၇-ဃ)၊ ၁၇လမ်း၊ ၈၀x ၈၁ လမ်းကြားရှိ ဒေါ်မြသန်း၊ ဒေါ်တင်အောင်၊ ဒေါ်လှမေအမည်ပေါက် ဘိုးဘမြေကွက်အား၊ (မိခင်)ဒေါ်မြသန်း(ဖခင်)ဦးအေး(အမည်ပေါက်သူ)ဒေါ်တင်အောင်တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၇၆၂/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ကျန်ရစ်သူ ဒေါ်လှမေ၊ ဦးစိုးနိုင်ဦး၊ ဒေါ်ဥမ္မာဆွေ၊ ဦးထွန်းငွေတို့၏(GPရသူ ဒေါ်မြင့်မြင့်သန်း)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၇၅၉/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးလွင်[၉/မနတ(နိုင်)၀၄၀၄၉၀]က အမှုတွဲအမှတ်-၀၅၇၇/ဘ/ပြောင်း ၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ


မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်-အ-၇၊ ဦးပိုင်အမှတ်(၁၂၃)/ဇော်ဂျီလမ်းနှင့် ကုသိုလ်တော်လမ်းကြား၊ ၁၁၈x ၁၁၉ လမ်းကြားရှိဦးမြဆောင် အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးမြဆောင်၊ မိခင်ဒေါ်သန်းငွေ တို့ကွယ်လွန်၍ ကျန်ရစ်သူတစ်ဦးတည်းသော သမီးဖြစ်သည့် ဒေါ်ကျောက်(ခ)ဒေါ်ကျောက်ခဲ[၉/မနတ(နိုင်)၀၅၈၃၃၈]က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

- ရိုးရိုးမီးလုံး၊ မီးချောင်းထက် Energy Saving Lamp ကို ရွေးချယ် အသုံးပြုသင့်သည်။
- Energy Saving Lamp ထက် LED မီးလုံး မီးချောင်းများကို ရွေးချယ် အသုံးပြုသင့်သည်။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးနိုင်ရေး အဓိကထားဆောင်ရွက်ရမည့်အချက် (၄) ချက်ဖြစ်သည့် လုပ်ငန်းသစ်များအစပျိုးရာတွင် တွေ့ကြုံရမည့်အခက်အခဲ အတားအဆီးများလျှော့ချရေး၊ ရင်းနှီးမတည်ငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရေး၊ အသိပညာပေးခြင်းနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများကို အားကောင်းစေခြင်း၊ သတင်းကွန်ရက်ချိတ်ဆက်ခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် သတင်းအချက်အလက် ဖြန့်ဝေမှုအားကောင်းစေခြင်းဖြင့် နိုင်ငံတကာထောက်ပံ့မှုကွင်းဆက် ( International Supply Chain) ထဲသို့ ဝင်ရောက်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် ပြုလုပ်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ် ( ၁ / ၂၀၂၃ ) တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၇ နာရီ မိနစ် ၅၀ မှ စတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV – HD Channel၊ MRTV News Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel၊ MITV၊ MWD-HD Channel၊ MWD Variety HD Channel နှင့် MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် Online တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဥ္စဝတီFM၊ ရွှေFM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှလည်း တိုက်ရိုက်(LIVE) ထုတ်လွှင့်မည်ဖြစ်သည်။ သတင်းစဉ်



**သီတင်းကျွတ်ကာလအတွင်း ငွေဆောင်ကမ်းခြေ၌ အပန်းဖြေသူများ၊ ရေကူးသူများဖြင့် စည်ကား**

ငွေဆောင် အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေ၌ အောက်တိုဘာ ၂၈ ရက်မှစတင်၍ အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ ဝင်ရောက်လျက်ရှိပြီး ယနေ့သီတင်းကျွတ်လပြည့်တွင် ဟိုတယ်၊ မိုတယ်နှင့်တည်းခိုခန်းများရှိ အခန်းများအားလုံးနီးပါး အပန်းဖြေလာရောက်တည်းခိုသူများဖြင့် ပြည့်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ☆


## အပြန်အလှန်သွင်းဂိုးများဖြင့် မြဝတီကို ရခိုင်ယူနိုက်တက် အနိုင်ယူ

ရန်ကုန် အောက်တိုဘာ ၂၉

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၈) စတုတ္ထနေ့ကို အောက်တိုဘာ ၂၉ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ ရခိုင်ယူနိုက်တက်အသင်းက မြဝတီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

နှစ်သင်းစလုံးအတွက် အရေးပါသည့် ပွဲဖြစ်သောကြောင့် အားကုန်ထုတ်ကစားခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းက အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၃ သို့ ✦



## ကယ်ဗာလီဝင်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အဲဗာတန်အသင်း ဝက်စ်ဟမ်းအသင်းကို အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ်(၁၀)ရဲ့ အောက်တိုဘာ ၂၉ ရက် ညပိုင်း အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဝက်စ်ဟမ်းအသင်းနဲ့ အဲဗာတန်အသင်းတို့ပွဲစဉ်မှာ အဲဗာတန်အသင်းက ဝက်စ်ဟမ်းအသင်းကို ဒုတိယပိုင်း ပွဲကစားချိန် ၅၁ မိနစ်မှာ ရရှိခဲ့တဲ့ ကယ်ဗာလီဝင်ရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ စာမျက်နှာ ၁၂ ကော်လံ ၃ သို့ ○

### ယနေ့ ဖတ်စရာ

**သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများနှင့် အထူးစည်ကားများပြားလျက်ရှိ**

စာမျက်နှာ » ၆

**Online လောင်းကစားနှင့် လိမ်လည်မှုများသည် မြန်မာနိုင်ငံမှ တရုတ်ပြည်သူများအား လိမ်လည်ခြင်းမဟုတ်သလို တရုတ်နိုင်ငံမှလည်း မြန်မာပြည်သူများအား လိမ်လည်ခြင်းမဟုတ်ဘဲ ရာဇဝတ်မှုကျူးလွန်ထားသော ပြည်ပြေးလူလိမ်တစ်စုနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က လုပ်ဆောင်နေခြင်းဖြစ်**

စာမျက်နှာ » ၁၃